OCTOBER 2015

PERSECUTION OF THE ROHINGYA MUSLIMS:

IS GENOCIDE OCCURRING IN MYANMAR'S RAKHINE STATE?

A LEGAL ANALYSIS



ALLARD K. LOWENSTEIN
INTERNATIONAL HUMAN RIGHTS CLINIC,
YALE LAW SCHOOL

PREPARED FOR
FORTIFY RIGHTS

FORTIFY RIGHTS

အောက်တိုဘာလ ၂၀၁၅ ခုနှစ်

ရိုဟင်ဂျာ မွတ်စလင်များအား နှိပ်စက်ညှင်းပန်းခြင်း

မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ပွားနေသလား

ဥပဒေကြောင်းအရ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

ဖော်တီဖိုင်းရိုက် Fortify Rights အတွက်

ALLARD K. LOWENSTEIN
INTERNATIONAL HUMAN RIGHTS CLINIC,
YALE LAW SCHOOL

မှ ပြင်ဆင်ပေးသည်

အသိအမှတ်ပြုချက်များ

ဤအစီရင်ခံစာကို the Allard K. Lowenstein International Human Rights Clinic at Yale Law School ရေးလ်ဥပဒေကျောင်းမှ Alina Lindblom, Elizabeth Marsh, Tasnim Motala နှင့် Katherine Munyanတို့မှ ရေးသားထားပါသည်။ the Lowenstein Clinic ၏ ဒါရိုက်တာဖြစ်သူ ပါမောက္ခ James Silk နှင့် International Human Rights at Yale Law School ၏ the Robert M. Cover - Allard K. Lowenstein ကျောင်းသားဟောင်း Soo-Ryun Kwon မှ အထက်ပါ စာရေးသူ အသင်းအား ကြီးကြပ်၍ စာစောင် တည်းဖြတ်မှုကိုပြုလုပ်ပေးပါသည်။ ဥပဒေရေးရာလေ့လာဆန်းစစ်ရေးအဖွဲ့၏ အဖွဲ့ဝင်ဟောင်းဖြစ်သူ Veronica Jordan-Davis မှ ဤစာစောင်အတွက် ကနဦး သုတေသနကို ပြုလုပ်ပေးခဲ့ပါသည်။ စာရေးသူ အသင်းမှ ကိုးကားမှု စာတမ်းများအား ကူညီစစ်ဆေးပေးသည့် the Fall 2015 Lowenstein Clinic ကျောင်းသားများအား ကျေးဇူးတင်ရှိပါသည်။

မာတိကာ

၁။ အကျဉ်းချုပ် ၁

၂။ သုတေသန နည်းစနစ် ၄

၃။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုသမိုင်း ၅

(က) စစ်အပ်ချုပ်မှုအောက်မှ ရိုဟင်ဂျာ၊ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အချိန်မှ ၂၀၁၁ ခုနှစ်အထိ ၅

၁။ နိုင်ငံသားဖြစ်ခြင်းမှ ငြင်းပယ်ခြင်းခံရခြင်း ၆

၂။ အတင်းအဓမ္မ နေရာပြောင်းရွှေ့ခံရခြင်း ၈

၃။ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း ၁၀

၄။ ဘာသာရေးအရ နှိပ်ကွပ်ခြင်း ၁၁

၅။ အိမ်ထောင်ပြုမှုတ်ပုံတင်ခြင်းနှင့် လူဦးရေးထိမ်းချုပ်ခြင်း ၁၁

(ခ) ဦးသိန်းစိန် အုပ်ချုပ်မှု ၁၃

၁။ မတရား ထိမ်းသိမ်းခံရခြင်း ၁၄

၂။ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း ၁၄

၃။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း ၁၅

၄။ လွတ်လပ်စွာ သွားလာမှုကန့်သတ်ခံရခြင်း ၁၆

၅။ အိမ်ထောင်ပြုမှုတ်ပုံတင်ခြင်း ကန့်သတ်ချက်များနှင့် လူဦးရေထိမ်းချုပ်ခြင်း ၁၇

(ဂ) ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်တွင် ဆူပူအကြမ်းဖက်မှု ၁၈

(ဃ) ရိုဟင်ဂျာတို့ ဆက်လက်ခံစားရသော ဒုက္ခ၊ ၂၀၁၃ မှ ယခုချိန်ထိ ၂၉

၁။ ပြည်တွင်းနေရပ်စွန့်ခွာ စခန်းများ၏အခြေအနေ ၂၉

၂။ ခွဲခြားဆက်ဆံမှု ဥပဒေများနှင့် ရိုဟင်ဂျာ ဆန့်ကျင်ရေး အစိုးရ၏အလေ့အကျင့်များ ၃၂

၄။ ရိုဟင်ဂျာ လူမျိုးများ၏ အမှုတွင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ပါတ်သက်သည့် ဥပဒေကို အသုံးပြုခြင်း ၃၇

(က) လူမျိုးတုန်းသတ်ဖြတ်မှု ဆိုင်ရာဥပဒေနိဒါန်း ၃၇

(ခ) လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု၏ အစိတ်အပိုင်း တစ်ခုဖြစ်သော "အုပ်စု" ၃၈

၁။ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာတူအုပ်စု ၃၈

၂။ တစ်ခုချင်း စာရင်းပြုစုထားသော အုပ်စုဝင်ကဲ့သို့သော ရိုဟင်ဂျာများ ၄၂

၃။ အုပ်စု အချက်အလက်များနှင့် ပတ်သတ်၍ နိဂုံးချုပ် ၄၄

(ဂ) လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု၏ အချက်အလက်တစ်ခုဖြစ်သည့် ပြုလုပ်မှု "လုပ်ရပ်" အဝိုင်း ၄၅

၁။ အုပ်စုဝင်များအား သတ်ဖြတ်ခြင်း ၄၅

၂။ အုပ်စုအဖွဲ့ဝင်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် ပြင်းထန်စွာထိခိုက်မှု ကိုဖြစ်စေခြင်း ၄၆

၃။ ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ခု ပျက်စီးစေရန် အုပ်စုတစ်စု၏ ဘဝအခြေအနေကို ရည်ရွယ်ချက်ရှိရှိ နည်းမျိုးစုံဖြင့် အတင်းအကြပ်လုပ်ခြင်း ၄၇

၄။ အုပ်စုအတွင်း ကလေးမွေးခြင်းကို တားဆီးရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ချက်ထားရှိခြင်း ၅၀

၅။ ပြုလုပ်ခြင်း (လုပ်ရပ်)အချက်အလက်များနှင့် ပတ်သတ်၍ နိဂုံးချုပ် ၅၁

(ဃ) လူမျိုးတုန်းသတ်ဖြတ်မှု အတွက် ရာဇဝတ်မှု၏ "ရည်ရွယ်ချက်"၏ အချက်အလက်များ ၅၂

၁။ ရှိဟင်ဂျားဆန့်ကျင်ရေးနှင့် မွတ်စလင်ဆန့်ကျင်ရေး အပြောအဆိုများ ၅၄

၂။ ရှိဟင်ဂျာတို့၏ ရုပ်ပိုင်းဆိုင်ရာကို ဖျက်ဆီးရန် တွက်ချက်ပြီး သူတို့ဘဝ၏ အခြေအနေများကို တစ်ခုခုဖြစ်စေရန် ရည်ရွယ်ချက်ရှိကြောင်း ဖေါ်ပြနေသည့် သက်သေသာဓက ၅၄

၃။ ရှိဟင်ဂျာအပေါ် အစုလိုက်အပြုံလိုက် ပစ်မှတ်ထားသော လုပ်ရပ်များ ၅၆

၄။ "ရည်ရွယ်ချက်" အစိတ်အပိုင်း၏ နိဂုံး ၅၈

၅။ လူမျိုးတုန်းသတ်ဖြတ်မှု၏ ရာဇဝတ်မှု အတွက် နိုင်ငံတော်၏တာဝန် ၆၀

(က) အင်္ဂါရပ်အဖွဲ့အစည်းများ၏ လုပ်ရပ်များအပေါ် နိုင်ငံမှတာဝန်ရှိခြင်း ၆၁

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်း မဟုတ်သူတို့၏ လုပ်ရပ်များအပေါ် နိုင်ငံတော်၏ တာဝန် ၆၂

(ဂ) လူမျိုးတုန်းသတ်ဖြတ်မှုအား တားဆီးရမည့် နိုင်ငံတော်၏တာဝန် ၆၂

၆။ နိဂုံးချုပ်နှင့် အကြံပြုချက်များ ၆၄

အမည် အတိုကောက်များ စာရင်း

ICJ	International Court of Justice အပြည်ပြည်ဆိုင်ရာ တရားခုံရုံး
ICTR	Inernational Criminal Tribunal for Rwanda ရဝန်ဒါ အတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ခုံရုံး
ICTY	International Criminal Tribunal for the Former Yugoslavia ယခင် ယူဂိုဆလာဗီးယား အတွက် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ ခုံရုံး
IDP	Internally Displaced Persons ပြည်တွင်းရှိ နေရပ်စွန့်ခွာ ရသူများ
ILC	International Law Commission အပြည်ပြည်ဆိုင်ရာ ဥပဒေပြု ကော်မရှင်
ILO	International Labor Organization အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်
MSF	Medecins Sans Frontieres (Doctors Without Borders) (နယ်စည်းမခြား ဆရာဝန်များအဖွဲ့)
NaSaKa	Nay-Sat Kut-Kwey Ye (Myanamr border security force) နယ်စပ် ကာကွယ်ရေး (မြန်မာ နယ်စပ်လုံခြုံရေး တပ်ဖွဲ့)
NLD	National League for Democracy အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်
RNDP	Rakhine Nationalist Development Party ရခိုင်အမျိုးသား တိုးတက်ရေးပါတီ
SLORC	State Law and Order Restoration Council နိုင်ငံတော် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ကောင်စီ
U.N.	United Nations ကုလသမဂ္ဂ
UNHCR	U.N. High Commissioner for Refugees ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး

၁။ အကျဉ်းချုပ်

ဤ ဥပဒေကြောင်းအရ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များအပေါ်တွင် လက်ရှိဖြစ်ပွားနေသော တိုက်ခိုက်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများသည် ၁၉၄၈ ခုနှစ် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှုအား ကာကွယ်ခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူညီချက် (လူမျိုးတုန်းသတ်ဖြတ်မှုဟန့်တားရေး ညီလာခံ၏ ဆုံးဖြတ်ချက်)များအားချိုးဖောက်ခြင်း ရှိမရှိကို စဉ်းစားထားပါသည်။ ရိုဟင်ဂျာအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်ကြောင်းကို ခိုင်မာသောသက်သေများဖြင့် ဤသုသေတနလေ့လာဆန်းစစ်ချက်တွင် အသေးစိတ်ဖြင့် စတင်ထားပြီး၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးချိန်မှစ၍ ရိုဟင်ဂျာများ၏ လူ့အခွင့်ရေး အခြေအနေ သမိုင်းကြောင်းကို တင်ပြထားပါသည်။ ထို့နောက် လူမျိုးတုန်းသတ်ဖြတ်မှုဟန့်တားရေးညီလာခံ၏ လူမျိုးတုန်း သတ်ဖြတ်မှု အနက်ဖွင့်ဆိုချက်ကို အသုံးပြုကာ ရိုဟင်ဂျာများအပေါ် ကျူးလွန်မှုများအား လေ့လာဆန်းစစ်ထားပါသည်။ ဤလေ့လာမှုသည် လူမျိုးတုန်းသတ်ဖြတ်မှု အမှန်အတကယ် ဖြစ်ပွားနေသည်ဟု ကောက်ချက်ချ နိဂုံးမချုပ်ထားပါ။ ထိုသို့သော ကောက်ချက်သည် စုံစမ်းစစ်ဆေးမှုကို အာဏာပေးအပ်ထားပြီး၊ စွပ်စွဲခံရသူမှ ပြန်လည် တုံ့ပြန်ရန် ပြဋ္ဌာန်းချက်များရှိသည့်၊ သင့်လျော်သည့် အဖွဲ့အစည်းမှ အပြည့်အဝလွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်ပေလိမ့်မည်။ သို့သော်လည်း Lowenstein ဥပဒေရေးရာလေ့လာဆန်းစစ်ရေးအဖွဲ့မှ ရရှိသည့် သတင်းအချက်အလက်များသည် ရိုဟင်ဂျာများ၏ခြေအနေကို ရောင်ပြန်ဟတ်သော ပြည့်စုံတိကျ ယုံကြည်ထိုက်ပြီး၊ ရိုဟင်ဂျာများအား ပစ်မှတ်ထားသည့် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခဲ့ကြောင်း ခိုင်လုံသောသက်သေအထောက်အထားကို ဤသုသေတနလေ့လာချက်မှ တွေ့ရှိပါသည်။

လူမျိုးတုန်းသတ်ဖြတ်မှုဟန့်တားရေးညီလာခံ၏သဘောတူညီချက်(ကွန်ဗန်းရှင်း)[1]သည် ၁၉၄၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ ချမှတ်ခဲ့ပြီး ၁၉၅၁ ခုနှစ် တွင် စတင်အသက်ဝင်ခဲ့ပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှုသည် နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်ကြောင်း ကြေညာခဲ့ပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှု မဖြစ်အောင် တားဆီးရန်နှင့် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူများအား အပြစ်ပေးရန် နိုင်ငံများအတွက် အပြုသဘော ဆောင်သော ဥပဒေရေးရာ တာဝန်များ ချမှတ်ထားသည်။ ညီလာခံ သဘောတူညီချက်မှ သတ်မှတ်ထားသော လူမျိုးတုန်းသတ်ဖြစ်မှုရာဇဝတ်မှုအား ဥပဒေအရတားမြစ်ထားသည့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း၏အစိတ်အပိုင်း တစ်ခုနည်းတူ ဖြစ်လာသည်။[2] ထို့အပြင် သဘောတူညီချက်အား လက်မှတ်ထိုးပြီး၊ တာဝန်မခံသည့်တိုင် နိုင်ငံအားလုံးအား ချည်နှောင်ထားသည့် အပြည်ပြည်ဆိုင်ရာ စံနိယာမ ဥပဒေ (jus cogens norm)[3] တစ်ခုဖြစ်ပါသည်။

လူမျိုးတုန်းသတ်ဖြတ်မှုဟန့်တားရေးညီလာခံ သဘောတူညီချက် အပိုဒ် (၂)အရ လူမျိုးတုန်းသတ်ဖြတ်မှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ နိုင်ငံတခု၊ လူမျိုးတစ်မျိုး၊ တိုင်းရင်းသားတစ်မျိုး၊ (သို့မဟုတ်)

---

[1] လူမျိုးတုန်းသတ်ဖြတ်မှု တားဆီးရေးနှင့် ရာဇဝတ်မှု ကျူးလွန်သူများအား အပြစ်ပေးရေး ညီလာခံ သဘောတူညီချက် (ကွန်ဗန်းရှင်း)ကို ဒီဇင်ဘာလ(၉)ရက် ၁၉၄၈ ခုနှစ်တွင်ချမှတ်ခဲ့ပါသည်။ 78 U.N.T.S. 277 (1951) [Genocide Convention].

[2] Prosecutor v. Goran Jelisic, Case No. ICTY-IT-95-10-T, Judgment, para. 60 (Dec. 14, 1999) "ကွန်ဗန်းရှင်းသည် လူ့အခွင့်နှင့်ပါတ်သက်၍ နိုင်ငံတကာ၏အကျယ်ပြန့် ဆုံးလက်ခံသည့် ဆုံးဖြတ်ချက်ချရာတွင်အသုံးပြုသည့် အရာတစ်ခုဖြစ်လာပါခဲ့ပါသည်။ ၎င်း၏ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေအောက်တွင် ကျရောက်သည်ကို သံသယဖြစ်ရန်မလိုပါ။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ တရားရုံးမှ အစောဆုံးကာလဖြစ်သည့် ၁၉၅၁ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ တရားရုံးမှ ထိုထက်ပိုပြီး ရာဇဝတ်မှု၏ အဆင့်ကို *jus cogens* ဖြစ်ထားရှိ ထားသည်။ အဘယ်ကြောင့်ဆိုသော် အလွန်ဆွဲဆောင်မှု ရှိသောကြောင့်ဖြစ်သည်။"). အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေကို "နိုင်ငံများ၏ ယေဘူယျနှင့် တသတ်မှတ်ရှိ ကျင့်သုံးမှုနှင့် ဥပဒေအရ လိုက်နာရမည့် ရလဒ်များ"ဟု အပြည်ပြည်ဆိုင်ရာ လူ့အသိုင်းအဝိုင်းက သတ်မှတ်ထားပါသည်။ နိုင်ငံခြားဆက်ဆံရေးဥပဒေ ပြန်လည်ထုတ်ပြန်ချက် (တတိယ) 1987()2(102) တွင်ဖေါ်ပြထားသည်။ (ICJ) အတွက် အစိုးရ၏ အခြေအနေသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း များသည် ယေဘူယျ ကျင့်သုံးရမည့် သက်သေတစ်ခု အပါအဝင် ဖြစ်သည်။ ထိုဥပဒေသည် တရားရုံးမှ အသုံးပြုရမည့် အမျိုးအစားတစ်မျိုးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ပညတ်တော် အဖြစ် June 33 ,1945 ,26 U.N.T.S. 933, art. 1(38)(b) တွင်ဖေါ်ပြထားသည်။ (ICJ) မှ ထပ်မံဖွင့်ဆိုထားရာတွင် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးထမံး ဥပဒေ၏ စည်းမျဉ်းတစ်ခုကို မြင့်တင်ရန်လိုအပ်သည်၊ "ပြုကျင့်မှု တစ်ခုရရှိရန် သတ်မှတ်ထားသော ပမာဏ အတိုင်း လုပ်ဆောင်မှုများ ဖြစ်ရန် တစ်ခုတည်းမဟုတ်ဘဲ၊ ၎င်းနည်းတူ သို့မဟုတ် ၎င်းနည်းလမ်းများအတိုင်း ပြုလုပ်ခဲ့သည့် ပြုကျင့်မှုသည် ဥပဒေ၏ စည်းမျဉ်းတစ်ခု၏ လိုအပ်ချက်အတိုင်း ပြုကျင့်ခဲ့ရမည်" ဟုဖွင့်ဆိုထားပါသည်။ North Sea Continental Shelf (Ger. v. Den., Ger. v. Neth.), 1969 I.C.J. 3, para. 44 (Feb. 20) တွင်ဖေါ်ပြထားသည်။

[3] စာချုပ်များဥပဒေ အတွက် ဗီယင်နာ ကွန်ဗင်းရှင်းမှ *jus cogens* norm စံနမူနာ တစ်ခုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "မည်သည့် စော်ကားမှုကို မှခွင့်မပြုသည့် ဓလေ့ထုံးတမ်းစံနမူနာ တစ်ခုအဖြစ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ နိုင်ငံများမှ လက်ခံပြီး အသိအမှတ်ပြုထားသည့်" စံနမူနာဖြစ်သည် ဟုဖေါ်ပြထားသည်။ Vienna Convention on the Law of Treaties, adopted May 23, 1969, 1155 U.N.T.S. 331, art. 53 [Vienna Convention] တွင်ဖေါ်ပြထားသည်။

ဘာသာရေးအုပ်စုတစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တဝိုင်းအား ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် အောက်ပါ (မည်သည့်မဆို) လုပ်ဆောင်ချက်များ -

(က) အုပ်စုဝင်များအား သတ်ဖြတ်ခြင်း၊

(ခ) အုပ်စုဝင်များ၏ ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာကို ပြင်းထန်သော ထိခိုက်မှု ဖြစ်စေခြင်း၊

(ဂ) အုပ်စု၏ ဘဝအခြေအနေ ဖြစ်သည့် ကိုယ်ခန္ဓာတစ်ခုလုံး သို့မဟုတ် တစ်စိတ်တဝိုင်းအား ရည်ရွယ်ချက်ရှိစွာဖြင့် တမင်တကာ ဖျက်ဆီးခြင်း၊

(ဃ) အုပ်စုတွင်းရှိ ကလေးမွေးဖွားမှုအား တားဆီးရန် ရည်ရွယ်ချက်ဖြင့် အစီအမံများ ချမှတ်ခြင်း၊

(င) အုပ်စုတစ်ခု၏ ကလေးများအား အခြားအုပ်စုတစ်ခုကို အင်အားအသုံးပြု၍ အတင်းလွှဲပြောင်းစေခြင်း၊

ဤအဓိပ္ပါယ် ဖွင့်ဆိုချက် အောက်တွင် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှုတွင် မဖြစ်မနေ အပိုင်း ၃ ပိုင်း ပါဝင် ပါသည်။ ကာကွယ်စောင့်ရှောက်ခြင်း ခံရသောအုပ်စု၏ တည်ရှိမှု၊ တားမြစ်ထားသည့် လုပ်ရပ်အား တစ်ခု သို့မဟုတ် ထိုထက် ပိုသော ကျူးလွန်မှုများ နှင့် လိုအပ်သည့် ရည်ရွယ်ချက် တို့ပါဝင်သည်။ သို့ဖြစ်ပါ၍ လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ခဲ့သည်၊ သို့မဟုတ် ကျူးလွန်ဆဲ ဖြစ်သည်ကို တစ်ဦးတစ်ယောက်မှ ခွဲခြမ်းစိတ်ဖြာ ရန် အောက်ပါ အကြောင်းအရာ တစ်ခုခုဖြင့် စဉ်းစားရန် လိုအပ်သည်။

၁။ အပြုခံရသူသည် ကွန်ဗန်းရှင်းမှ သတ်မှတ်ထားသော အုပ်စုတစ်ခုခုဝင် ဖြစ်ပါသလား၊

၂၊ ကျူးလွန်ခဲ့သည် လုပ်ရပ်သည် ညီလာခံဆုံးဖြတ်ချက်၏ အဓိပ္ပါယ်သတ်မှတ်ချက်ထဲတွင် ပါဝင်သည့် လုပ်ရပ် ဖြစ်ပါသလား နှင့်

၃။ အထက်ပါလုပ်ရပ်များသည် အုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တဝိုင်းအား ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ပါသလား၊

"လူမျိုးတုန်းသတ်ဖြတ်မှုသည် ရာဇဝတ်မှု...ကုလသမဂ္ဂ၏ ပဋိဉာဉ်၊ ရည်မှန်းချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်၍ အသိအမှတ်ပြု ယာဉ်ကျေးသော ကမ္ဘာကြီးမှ ရှုပ်ချပါသည်"ဟု[4] လူမျိုးတုန်းသတ်ဖြတ်မှုဟန် ့တားရေးညီလာခံ သဘောတူညီချက်မှ အသိအမှတ်ပြုထားပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှုသည် ပေါ့ပေါ့အသုံးပြုနိုင်သည့် အသုံးအနှုန်း မဟုတ်ပါ။ လူမျိုးတုန်းသတ်ဖြတ်မှုသည် လူမျိုးစုတစ်ခုလုံး၏ လူသားအဖြစ်တည်ရှိမှု အခွင့်အရေးအား ငြင်းဆိုခြင်း ဖြစ်သည်။ အပြုခံရသောသူ၏ လူသားမျိုးနွယ် တည်ရှိမှု အပေါ် ငြင်းဆိုချက်ဖြစ်၍ လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ရာဇဝတ်မှုအား ကျူးလွန်သည့် အပြည့်စုံဆုံး ကိုယ်စားပြု စံနမူနာဖြစ်သည်။ လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံတွင် ပါဝင်သောနိုင်ငံအားလုံးမှ လူမျိုးတုန်းသတ်ဖြတ်မှုကို တားဆီးရန်နှင့် အပြစ်ပေးရန် လူမျိုးတုန်းသတ်ဖြတ်မှု သဘောတူညီချက်မှ ချည်နှောင်ထားသော တာဝန်များ၊ ကတိပြုချက်အဖြစ် အပြုသဘောဆောင် ချမှတ်ထားပါသည်။ ရလဒ်အနေဖြင့် အချို့သောနိုင်ငံများသည် ဤဝေါဟာရကို သုံးစွဲရန် တွန့်ဆုတ်နေပါသည်။ သို့သော်လည်း ကြီးလေးသော ရာဇဝတ်မှုနှင့် ချေဖျက်၍ မရနိုင်သော ရလဒ်များကြောင့် နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများသည် စွပ်စွဲမှုအား အမှန်တကယ်ဖြစ်ခြင်း ရှိမရှိ အလေးအနက် စဉ်းစားရန်နှင့် စုံစမ်းစစ်ဆေးရန် လိုအပ်ပါသည်။

ရိုဟင်ဂျာသည် မြန်မာနိုင်ငံအနောက်ဖက်ကမ်းခြေ၊ ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်သော မွတ်စလင်လူနည်းစု အုပ်စု တစ်ခုဖြစ်သည်။ ခန့်မှန်းခြေ တစ်သန်းခန့်သော ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်၏ မြောက်ပိုင်းမြို့နယ် များတွင်နေထိုင်ကြသည်။[5] နိုင်ငံသားဥပဒေ ၁၉၈၂ အား အစိုးရမှ အတည်ပြုပြီးသည့်နောက် ရိုဟင်ဂျာများ

[4] Genocide Convention, အထက်ပါ note 1, နိဒါန်း ကိုကြည့်ပါ

[5] ခန့်မှန်းခြေစာရင်းများ ကွဲပြားမှုရှိပြီး အစိုးရ၏ ၂၀၁၄ခုနှစ် လတ်တလော သန်းကောင်စာရင်းတွင် ရိုဟင်ဂျာများ အားမထည့်သွင်းထားပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရခိုင်ပြည်နယ်အရေးစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ pp. 3, 78 (July 8, 2013) [Rakhine Commission Report] (citing 968,218 Muslims in Rakhine State). Jason Szep & Andrew Marshall ၏ "မြန်မာဝန်ကြီးမှ ရိုဟင်ဂျာလူနဲစု အပေါ်ချမှတ်သော ကလေး ၂ဦးမူဝါဒအား ထောက်ခံ" အားလည်းကြည့်ရန်၊ မြန်မာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

နိုင်ငံသားဖြစ်ရန် တူညီသော အခွင့်အရေးအား ငြင်းပယ်ခြင်းခံရသည်။ ရိုဟင်ဂျာများသည်လည်း မြန်မာအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ရဲ နှင့်ဒေသခံရခိုင်လူမျိုးများ (ရခိုင်ပြည်ရှိ ဗုဒ္ဓဘာသာလူများစု)၏ လက်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ကိုလည်းခံကြရပါသည်။ အဆိုပါ အဖွဲ့အစည်းများ၏ ရိုဟင်ဂျာများအပေါ် အကြမ်းဖက် ကျူးလွန်မှုကြောင့် ထောင်ပေါင်းများစွာသော အသက်သေဆုံး မှုများရှိနေသည်။ ရာပေါင်းများစွာသော ရိုဟင်ဂျာများသည် နိုပ်စက်ညှင်းပန်းခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မုဒိမ်းပြုကျင့်ခံရခြင်းနှင့်ကြီးမားသော ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၏ သားကောင်များအဖြစ် ဆက်လက်ခံစား နေရသည်။ ရခိုင်ပြည်မြောက်ပိုင်း မြို့နယ် (၃)ခု သို့မဟုတ် ပြည်နယ်တခွင်ရှိ ပြည်တွင်းနေ့ရပ်စွန့်ခွာသူများကို ထားရှိသည့်ယာယီစခန်း (၁)ဒါဇင်တွင် ချုပ်နှောင်ထားခြင်းခံရသည်ဟု ဆိုရလောက်အောင် ရိုဟင်ဂျာများသည် လွတ်လပ်စွာ သွားလာမှုနှင့် အစားအသောက်၊ သန့်ရှင်းသော သောက်ရေ၊ မိလ္လာစနစ်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပညာရေး ရရှိမှုများ ဆုံးရှုံးနေရသည်။

ဤဥပဒေရေးရာ ဆန်းစစ်မှုသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မွတ်စလင်များအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူမျိုးတုန်းသတ်ဖြတ်မှု ရှိမရှိ ကိုအကဲဖြတ်ထားပါသည်။ အပိုင်း (၁) တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးမှစ၍ ရိုဟင်ဂျာများ၏ သမိုင်းကျောင်းအခြေအနေအသေးစိတ်ကို တင်ပြထားပါသည်။ အပိုင်း (၂) တွင် ရိုဟင်ဂျာအပေါ် ဆက်ဆံမှုအား လူမျိုးတုန်းသတ်ဖြတ်မှု ဥပဒေကို အသုံးပြုထားပါသည်။ ဤအပိုင်းတွင် မေးခွန်း (၃) ခုကိုစဉ်းစားထားပါသည်။ ပထမမေးခွန်းမှာ လူမျိုးတုန်းသတ်ဖြတ်မှု ဝေါဟာရအဓိပါယ်အရ ရိုဟင်ဂျာအုပ်စုသည် ကာကွယ်စောင့်ရှောက် ရမည်အုပ်စု ဟုတ်ပါသလား၊ ဒုတိယမေးခွန်းမှာ ရိုဟင်ဂျာအပေါ်လုပ်ရပ်များမှာ လူမျိုးတုန်းသတ်ဖြတ်မှုဟန့်တားရေးညီလာခံသဘောတူညီချက်တွင် သတ်မှတ်ထားသော အမျိုးအစားများကို ကျူးလွန်ပါသလား၊ တတိယမေးခွန်းမှာ ရိုဟင်ဂျာ၏ တည်ရှိမှုကို "ဖျက်ဆီးရန် ရည်ရွယ်ချက်" ရှိပါသလား။ ဤဆန်းစစ်မှုမှ ရိုဟင်ဂျာသည် ကာကွယ်စောင့်ရှောက် ရမည့်အုပ်စု ဖြစ်ပြီး အုပ်စု စာရင်းဝင်လုပ်ရပ်များကို ခံစားရသော အုပ်စုဖြစ်ကြောင်း ကောက်ချက်ချ ထားပါသည်။ ဤဆန်းစစ်မှုသည် တတိယမေးခွန်းအတွက် တိကျသောအဖြေကို မထောက်ပံ့သော်လည်း အချက်အလက်အရ မြန်မာနိုင်ငံရှိရိုဟင်ဂျာအခြေအနေအပေါ် ယုံကြည်လောက်၍ ပြည့်စုံတိကျသော ရောင်ပြန်ဟပ်မှုများ ဖြစ်သည်ဟု Lowenstein ဥပဒေလေ့လာဆန်းစစ်ရေးအဖွဲ့မှ ယူဆစဉ်းစား ထားပါသည်။ ၄င်းယူဆချက်သည် လုံခြုံရေးတပ်ဖွဲ့များ၊ အစိုးရအရာရှိများ၊ ဒေသခံရခိုင်များနှင့်အခြားတို့မှ ရည်ရွယ်ချက်ရှိရှိ လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်သည်ဟု ကောက်ချက်ချနိုင်သော ခိုင်ခံ့သည် အုပ်မြစ်တစ်ခုအဖြစ် ဖေါ်ပြထား ပါသည်။ သို့ဖြစ်ပါ၍ ဤသုသေတနလေ့လာဆန်းစစ်ချက်သည် ရိုဟင်ဂျာ မွတ်စလင်များအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု ကျူးလွန်ကြောင်း လက်ခံယုံကြည်နိုင်သော သက်သေအထောက်အထားများ တွေ့ရှိထားပါသည်။ ဤဥပဒေရေးရာ ဆန်းစစ်မှုသည် ပြည့်စုံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှု တစ်ရပ်အမြန်ပြုလုပ်ရန် လိုအပ်ပြီး မြန်မာနိုင်ငံ ရခိုင်ပြည်ရှိ ရိုဟင်ဂျာ မွတ်စလင်များအား ပိုမို၍ ကာကွယ်မှုပေးရန် မီးမောင်းထိုးဖေါ်ပြထားပါသည်။

၂။ သုတေသန နည်းစနစ်

အရှေ့တောင်အာရှ အခြေစိုက် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဖော်တီဖိုင်းရိုက် Fortify Rights သည် ရိုဟင်ဂျာများခံစားရသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား လူမျိုးတုန်းသတ်ဖြတ်မှု ဥပဒေအောက်တွင် ဥပဒေရေးရာ ဆန်းစစ်မှုတခုပြုလုပ်ပေးရန် Lowenstein Clinic အားတောင်းဆိုခဲ့ပါသည်။ ဖော်တီဖိုင်းရိုက် Fortify Rightsသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ အဆုံးသတ်ရန်နှင့် ကုစားရန်အတွက် လုပ်ဆောင်နေသော လွတ်လပ်သည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့အစည်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းများနှင့် လူ့အခွင့်အရေး ကာကွယ်သူများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ အားပြန်လည်တုံ့ပြန်မှု အားကောင်းလာစေရန် သင်တန်းများပေးပြီး ပူးပေါင်းပါဝင်မှုဖြင့် အထောက်အပံ့များ`ပေးပါသည်။

ဦးစီးဌာနဝန်ကြီး ဦးခင်ရီမှ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ ၁.၀၈ သန်းနေထိုင်ကြောင်းပြောကြားချက်ကို ကိုးကားထားသည့် *Reuters* (June 11, 2013), http://www.reuters.com/article/2013/06/11/us-myanmar-rohingya-idUSBRE95A04B20130611

ဖော်တီဖိုင်းရိုက် Fortify Rights သည် Lowenstein Clinic အတွက် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် သုံးနှစ်အတွင်း မျက်မြင်သက်သေများ၊ ကျန်ရစ်သူများ၏ ထွက်ဆိုချက်များ၊ မြန်မာအစိုးရ အတွင်းထုတ်ပြန်သည့် စာရွက်စာတမ်းများ အပါအဝင် သုတေသနနှင့် စာရွက်စာတမ်း ပြုစုခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

Lowenstein Clinic မှ ကျယ်ပြန့်သော စာတမ်းများကို လေ့လာခြင်းဖြင့် လေ့လာဆန်းစစ်မှုကို စတင်ခဲ့ပါသည်။ စာရေးသူမှ တည်ဆဲပညာရှင်စာတမ်းများ၊ သတင်းစာဆောင်းပါးများ၊ ကုလသမဂ္ဂအစီရင်ခံစာများ၊ အမေရိကန်အစိုးရ၏ နိုင်ငံတကာ လူ့အခွင့်အရေး အလေ့အကျင့် အစီရင်ခံစာများနှင့် ရိုဟင်ဂျာနှင့် ပါတ်သက် လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အစီရင်ခံစာများကို လေ့လာခဲ့ပါသည်။ စာရေးသူမှလည်း ရိုဟင်ဂျာများ၏ ထွက်ဆိုချက်များ၊ မြန်မာအစိုးရအတွင်းထုတ်ပြန်သည့် စာရွက်စာတမ်းများနှင့် ရခိုင်သံဃာတော်များနှင့် နိုင်ငံရေးသမားများထုတ်ဝေသော ရိုဟင်ဂျာဆန့်ကျင်ရေး ဝါဒဖြန့်ချီရေး လက်ကမ်းစာစောင်များ အပါအဝင် သတင်းအရင်းအမြစ်အမျိုးမျိုးကို လေ့လာပြီး ခွဲခြားစိတ်ဖြာခဲ့ပါသည်။

၄င်းကျယ်ပြန့်သော သတင်းအရင်းအမြစ် အမျိုးမျိုးကို လေ့လာခဲ့သော်လည်း လွပ်လပ်ပြီး အကြောင်းရင်းအမှန်အတွက် စုံစမ်းစစ်ဆေးမှု ကိုမူ မပြုလုပ်ခဲ့ပါ။ စာရေးသူမှ လူမျိုးတုန်းသတ်ဖြတ်မှု အဓိပ္ပါယ်ကို လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံဆုံးဖြတ်ချက်၏ သတ်မှတ်ချက်၊ တရားရုံးနှင့် ကျွမ်းကျင်သူများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အခြားသော အရင်းအမြစ်များမှ ရရှိခဲ့သော မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရိုဟင်ဂျာ အခြေအနေများကို အသုံးပြု၍ ၄င်းအခြေအနေများသည် အဓိပ္ပါယ်၏ အင်္ဂါရပ် စိတ်အပိုင်းများနှင့် ကိုက်ညီမှု ရှိမရှိ အသုံးပြုခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုသမိုင်း

ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ထင်ရှားသည့် မွတ်စလင်လူနည်းစု တစ်စုဖြစ်သည်။ ယခင်က အာရကန် Arakan ဟု ခေါ်ဆိုခဲ့သော ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဖက်ကမ်းခြေတွင် တည်ရှိသည်။ ၄င်း၏အနောက်မြောက်ဖက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်စပ်ခြင်း ထိစပ်နေပြီး၊ အနောက်ဖက်တွင် ဘင်္ဂလား ပင်လယ်အော်ရှိသည်။ အရှေ့ဖက်ရှိ ရိုးမတစ်ခုသည် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ အခြား အစိတ်အပိုင်းများကို ကာခြားထားသည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ ၁ သန်းခန့် နေထိုင်သည်ဟု ခန့်မှန်းရပါသည်။[6] ပြည်နယ်မြောက်ဖက် အစွန်ဆုံးရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် နေထိုင်သည့် လူဦးရေ အများစုသည် ရိုဟင်ဂျာများဖြစ်သည်။[7] မြန်မာနိုင်ငံ တစ်ခုလုံး အနေဖြင့် ကွဲပြားခြားနားသော တိုင်းရင်းသားများ အတူတကွ နေထိုင်ကြပါသည်။ ဗမာလူမျိုးကို မြန်မာဟု ရည်ညွှန်းပြီး တိုင်းရင်းသားများတွင် မြန်မာသည် အများစု ဖြစ်သည်။ သို့သော် တိုင်းရင်းသား လူနည်းစု အရည်အတွက်သည် မြန်မာနိုင်ငံလူဦး၏ ၄၀ ရာခိုင်နှုန်းရှိသည်။[8] မြန်မာနိုင်ငံ၏ တိုင်းရင်းသားမတူကွဲပြားမှုသည် ဘာသာရေး သောင်းပြောင်းထွေလာ ရောနှောမှုကိုလည်း ချန်မထားပါ။ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်၍ အခြားဘာသာကိုးကွယ်သူများမှာ လူနည်းစုဖြစ်သည်။[9]

---

[6] Rakhine Commission Report, *ရခိုင်ကော်မရှင်အစီရင်ခံစာ see above* note 5.

[7] Rohingya were excluded from the United Nations-supported 2014 national census, so reliable data is not available. *ရိုဟင်ဂျာများကို ၂၀၁၄ ခုတွင်ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂထောက်ပံ့သည့် နိုင်ငံတဝန်းသန်းကောင်စာရင်း တွင်မထည့်သွင်းခဲ့သဖြင့် ယုံကြည်ရသော အချက်အလက်များမရှိပါ။*

[8] Ethnic minorities in Myanmar are widely cited as comprising 40 percent of the population. Despite the recent 2014 national census, the Government has not yet released information collected on the ethnic and religious breakdown within the country. *မြန်မာနိုင်ငံရှိတိုင်းရင်းသားလူနည်းစုအရည်အတွက်သည် လူဦးစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိသည်ဟု အများအားဖြင့်ကိုးကားကြပါသည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားသန်းကောင်စာရင်းကောက်ခံခဲ့သော်လည်း အစိုးရမှ ကောက်ယူခဲ့သောနိုင်ငံတွင်းရှိ တိုင်းရင်းသားနှင့်ဘာသာရေးအချက်အလက်အသေးစိတ်ကိုယခုထိထုတ်ပြန်ခြင်းမရှိသေး ။ See* Fiona MacGregor, "Census Ethnicity Data Release Delayed Until After Election," *Myanmar Times* (Aug. 4, 2014), *ရွေးကောက်ပွဲပြီးသည်အထိ သန်းခေါင်စာရင်း၏လူမျိုးအချက်အလက်ကိုထုတ်ပြန်ရန်နောင့်နေးနေဆဲ၊ မြန်မာတိုင်းသတင်း (သြဂုတ်လ ၄ ရက် ၂၀၁၄ ခုနှစ်)*http://www.mmtimes.com/index.php/national-news/11263-census-ethnicity-data-release-delayed-until-after-election.html.

[9] John F. May & Thomas R. Brooke, . *မြန်မာနိုင်ငံ၏လူဦးရေဖွဲ့စည်းမှု၊ လူဦးရေစာရင်းကိုးကားမှုပြု၏ (စက်တင်ဘာလ ၂၀၁၄ ခုနှစ်)Deciphering the Demography of Myanmar*, Population Reference Bureau (Sept. 2014), http://www.prb.org/Publications/Articles/2014/myanmar-demography.aspx.

(က) စစ်အပ်ချုပ်မှုအောက်မှ ရိုဟင်ဂျာ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် အချိန်မှ ၂၀၁၁ ခုနှစ်အထိ

ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီး၊ ၁၉၄၈ ခုနှစ်မှစ၍ ပြည်တွင်းစစ်၊ မငြိမ်သက်မှုနှင့် ပဋိပက္ခများ ဖြစ်လာသည်မှာ နှစ်ပေါင်း(၆၀) ရှိပြီဖြစ်သည်။[10] အတော်များသော အုပ်ချုပ်မှုစနစ်များက တိုင်းပြည်ကို လျင်မြန်စွာ ဆက်ခံ အုပ်ချုပ် ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်တပ်သည် အာဏာရှင်အစိုးရကို ထူထောင်ပြီး အတိုက်အခံပါတီများကို ပိတ်ပင်ခဲ့သည်။ စီးပွားရေးမတည်ငြိမ်မှုနှင့် စစ်တပ် အုပ်ချုပ်မှုအပေါ် ဆန့်ကျင်မှုများ ကျယ်ပြန့်လာပြီး နောက်ဆုံးတွင် ၈ လေးလုံး အရေးတော်ပုံကြီး ဖြစ်ပေါ်လာသည်။ တစ်နိုင်ငံလုံး လိုလားသော ဒီမိုကရေစီ ဆန္ဒပြပွဲများ သြဂုတ်လ(၈)ရက် ၁၉၈၈ ခုနှစ်တွင် အထွတ်အထိပ် ရောက်ရှိ ခဲ့သောကြောင့် ၈ လေး လုံးဟု အမည်တပ်ခဲ့သည်။ အစိုးရမှ ထောင်ပေါင်းများစွာသေသူတို့ကို ၎င်းဆန္ဒပြမှုများ အတွင်းသတ်ခဲ့၍၊ စစ်အုပ်ချုပ်ရေးဥပဒေ(မာရှယ်လော)ထုတ်ပြန်ကာ ယာယီဖွဲ့စည်းသောနိုင်ငံတော် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီ (SLORC)ကို ကြီးကြပ်စေခဲ့သည်။[11] နိုင်ငံတကာနှင့် ပြည်တွင်း ဖိအားအောက်တွင် (SLORC) သည် ၁၉၈၉ ခုနှစ်တွင် နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပေးရန် သဘောတူခဲ့ပြီး အထွေထွေ ရွေးကောက်ပွဲ တစ်ခုကို ကျင်းပခဲ့သည်။[12] ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲတွင် စစ်တပ်ကို အတိုက်အခံ ပြုသော ပါတီတစ်ခုဖြစ်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီ(NLD)သည် မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည်။ သို့သော်လည်း စစ်တပ်သည် NLD အစိုးရထံ အာဏာလွှဲပေးရန် ငြင်းဆိုခဲ့ပြီး အာဏာကို ထိရောက်စွာ ဆက်လက် ထိန်းချုပ်ခဲ့သည်။ စစ်အစိုးရသည် NLD၏ ရွေးကောက်ပွဲအောင်မြင်မှုကို ၂၀၁၀ ခုနှစ်တွင် အနှစ်၂၀ ကြာပြီးနောက်မှသာ တရားဝင်ပယ်ဖျက်ခဲ့သည်။[13] ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်အတွက်တိုက်တွန်းလုပ်ဆောင်ခဲ့သောနိုဘယ်ငြိမ်းချမ်းရေးဆုပိုင်ရှင်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD ခေါင်းဆောင်များအား စစ်တပ်မှဖမ်းဆီး ထောင်ချခဲ့သည်။[14] စစ်အုပ်ချုပ်ရေး တလျှောက်လုံး နိုင်ငံတော်နှင့် ဒေသဆိုင်ရာအစိုးရများမှ အောက်ပါအသေးစိတ် အတိုင်း ရိုဟင်ဂျာများအား ပိုမိုဖိနှိပ်သော ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။

(၁) နိုင်ငံသားဖြစ်ခြင်းမှ ငြင်းပယ်ခံရခြင်း

ရိုဟင်ဂျာများ နိုင်ငံသားရရှိရန်ကို တာဆီးသည့် အားထုတ်ကြိုးပန်းမှုများ မြန်မာလွတ်လပ်ရေးရပြီး မကြာခင် စတင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ပြည်ထောင်စုနိုင်ငံသား အက်ဥပဒေတွင် မြန်မာနိုင်ငံသားကို သတ်မှတ်ထားပြီး သီးခြားသော တိုင်းရင်းသားများကိုလည်း နိုင်ငံသားဖြစ်ခွင့် ပေးသည့် "မြန်မာဌာနေတိုင်းရင်းသားများ" အဖြစ် ဖေါ်ထုတ် သတ်မှတ်ခဲ့သည်။[15] ၎င်းစာရင်းတွင် ရိုဟင်ဂျာ မပါဝင်ခဲ့ပေ။[16] ပြည်ထောင်စုနိုင်ငံသား အက်ဥပဒေသည် မြန်မာနိုင်ငံတွင် မိသားစုဘိုးဘွားစဉ်ဆက် (၂) ဆက်နေထိုင်သော မည်သူမဆိုကို အမျိုးသားမှတ်ပုံတင်

---

[10] *၎င်းအချိန်တွင် ၎င်းအချိန်တွင် မြန်မာကိုဗားမားဟုခေါ်ဆိုသည်။ စစ်အစိုးရ၊ နိုင်ငံတော်ဥပဒေနှင့်ငြိမ်ဝပ်ပိပြားရေးကောင်စီ၊ သည်ဗားမားကို မြန်မာဟု ၁၉၈၉ မြန်မာကိုဗားမားဟုခေါ်ဆိုသည်။ စစ်အစိုးရ၊ နိုင်ငံတော်ဥပဒေနှင့်ငြိမ်ဝပ်ပိပြားရေးကောင်စီ၊ သည်ဗားမားကို မြန်မာဟု ၁၉၈၉ တွင်အမည်ပြောင်းခဲ့သည်။ ဘန်းယန်၏ "မြန်မာဟုသောအမည်တစ်ခုမှာဘာတွေရှိလဲ" The Economist (မေလ ၂၁ ရက် ၂၀၁၃ခုနှစ်)* http://www.economist.com/blogs/banyan/2013/05/what-s-name-myanmar.

[11] *See* Christina Fink, *၏ မြန်မာစစ်အစိုးရအုပ်ချုပ်မှုအောက်တွင်ငြိမ်သက်စွာနေရခြင်း Living Silence: Burma Under Military Rule* p. 56 (2001); Bertil Lintner, *၏ မြန်မာတော်လှန်ရေး၊ ၁၉၄၈ ခုနှစ်မှစခဲ့သော ဘိန်းနှင့်လက်နက်ကိုင်တော်လှန်ရေး (၁၉၉၉) Burma in Revolt: Opium and Insurgency Since 1948* (1999); David Steinberg, *မြန်မာ၊ မြန်မာနိုင်ငံတော် Burma: The State of Myanmar* p. 2 (2001); Philippa Fogarty, *၏ မြန်မာ့ ၁၉၈၈ အရေးအခင်းသည် အဘိုးရှိရဲ့လား* "Was Burma's 1988 Uprising Worth It?," *BBC News* (Aug. 6, 2008), http://news.bbc.co.uk/2/hi/asia-pacific/7543347.stm; "Myanmar Profile – Timeline," *BBC News* (Aug. 19, 2015), http://www.bbc.com/news/world-asia-pacific-12992883.

[12] Fink, *Living Silence*, *see above* note 11, p. 65; Lintner, *Burma in Revolt*, *see above* note 11, p. 382; Derek Tonkin, *၏ ၁၉၉၀ ခုနှစ်မြန်မာ့ရွေးကောက်ပွဲများ၊ ကတိများချိုးဖောက်ခြင်း သို့မဟုတ် ဆက်သွယ်ရေးပျက်စီးသွားခြင်း* "The 1990 Elections in Myanmar: Broken Promises or a Failure of Communication?," *Contemporary Southeast Asia: ၏ နိုင်ငံတကာမဟာဗျူဟာရေးရာဂျာနယ် A Journal of International and Strategic Affairs* v. 29, pp. 33, 34 (2007).

[13] "Burma's Leaders Annul Suu Kyi's 1990 Poll Win," *BBC News* (Mar. 11, 2010) *၏ မြန်မာ့အောင်ဆန်းစုကြည်၏ ၁၉၉၀ ရွေးကောက်ပွဲအောင်မြင်မှု* http://news.bbc.co.uk/2/hi/asia-pacific/8561354.stm; *၏ ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေ* Constitution of the Union of Burma, Chapter II, para. 11(i) (1947).

[14] Fink, *Living Silence*, *see above* note 11, pp. 10, 63, 78, 93, 94, 111; Lintner, *Burma in Revolt*, *see above* note 11, pp. 375, 384, 406.

[15] *ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေ* အပိုင်း ၂ အပိုဒ် ၁၁ (ဆ) (၁၉၄၇) Chapter II, para. 11(i) (1947)

[16] *Ibid.*

လျှောက်ခွင့်ပေးခဲ့သည်။ ကနဦးတွင် ဤခွင့်ပြုချက်ဖြင့် အစိုးရသည် ရိုဟင်ဂျာများကို နိုင်ငံသား သို့မဟုတ် မှတ်ပုံတင်ကတ် ထုတ်ပေးခဲ့သည်။ သို့သော်လည်း ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီး နောက်ပိုင်း အစိုးရမှ ရိုဟင်ဂျာ ကလေးများအား အထောက်အထား ထုတ်ပေးမှု တဖြေးဖြေး နဲပါးလာခဲ့သဖြင့် ရိုဟင်ဂျာလူဦးရေ၏ မျိုးဆက်သစ်များ အား အပြည့်အဝလက်ခံမှုအား ငြင်းပယ်ခဲ့ပါသည်။[17]

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် နိုင်ငံသားအားလုံး အမျိုးသားမှတ်ပုံတင်ကတ် ရရှိရန် လိုအပ်မှုကို စတင် ခဲ့သော်လည်း ရိုဟင်ဂျာများကို နိုင်ငံခြားသား မှတ်ပုံတင်ကတ်များ ကိုသာရအောင် ခွင့်ပြုခဲ့သည်။ ၎င်းကတ်များကို ကျောင်းများနှင့် အလုပ်ရှင်များမှ အသိအမှတ်မပြုသောကြောင့် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အရေးများ ကန့်သတ်ချက်ကို ရိုဟင်ဂျာများ ရင်ဆိုင်ခဲ့ရပါသည်။[18]

၁၉၈၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းမှ ရိုဟင်ဂျာများ နိုင်ငံသား အပြည့်အဝ ရနိုင်မည့် အခွင့်အရေးကို ပိတ်ပင်သည့် နိုင်ငံသား ဥပဒေသစ် ကိုပြဋ္ဌာန်းခဲ့ခြင်းဖြင့် ရိုဟင်ဂျာအများစုသည် နိုင်ငံမဲ့ဖြစ်သွားရန် ပိုမိုထိရောက်အောင် လုပ်ခဲ့သည်။[19] ဤနိုင်ငံသားဥပဒေအရ နိုင်ငံသားတစ်ဦးဖြစ်ရန် လူပုဂ္ဂိုလ်တစ်ဦးသည် သူ သို့မဟုတ် သူမ၏ မိသားစု သည် ၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်းကို သက်သေအထောက်အထား ပြနိုင်ရမည်။[20] ရိုဟင်ဂျာအများ အပြားသည် မိမိတို့ မိသားစုရာဇဝင်၏ မှတ်တမ်းမှတ်ရာများ မရှိကြပါ။[21] ဥပဒေ အတည်ပြုပြီးသည်နှင့် အစိုးရမှ ရိုဟင်ဂျာများထံမှ မှတ်ပုံတင်များကို သိမ်းဆည်းလိုက်သည်။[22] ဥပဒေအရ နိုင်ငံသားခံယူရန် မြန်မာအမျိုးသား ဘာသာ တစ်ခုခုကိုကျွမ်းကျင်စွာ ပြောဆိုနိုင်ရန်လည်း လိုအပ်သည်။ ရိုဟင်ဂျာများသည် "ရိုဟင်ဂျာ" ဒေသသုံး စကားသာ ပြောပြီး ပညာသင်ကြားခွင့်ကို အနဲငယ်သာ ရသဖြင့် အမျိုးသားဘာသာ စကားတစ်ခုအား သင်ယူခွင့် အနဲငယ်သာ ရခဲ့သည်။[23] ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံသားဥပဒေကို နိုင်ငံတော်လုံခြုံရေး အမြင်ဖြင့် ပြဋ္ဌာန်းခဲ့သည်။ "မိမိကိုယ်ကို လုံခြုံမှုရှိရန်အတွက် လူသားခြင်း စာနာထောက်ထားမှုအပေါ် အခြေခံပြီး သက်ညှာမှု မပေးနိုင်ပါ။ လူသားခြင်း စာနာထောက်ထားသောအားဖြင့် (တိုင်းရင်းသားလူနဲစုများ)ကို နိုင်ငံတွင် နေထိုင်ခွင့် ပေး၍ အသက်မွေးဝမ်းကြောင်း ပြုနိုင်ရန် တရားဝင်ခွင့်ပြု ထားပါသည်။ သို့သော်လည်း နိုင်ငံအရေးနှင့် အနာဂါတ် ကံကြမ္မာနှင့် ပါတ်သက်လာလျင် သူတို့အားထားခဲ့ရမည်" ဟူ၍ပြောကြားခဲ့ပါသည်။[24]

---

[17] Irish Centre for Human Rights ၏ *မြန်မာနိုင်ငံအနောက်ပိုင်းမှ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သောပြစ်မှု၊ ရိုဟင်ဂျာများ၏အခြေအနေ Crimes Against Humanity in Western Burma: The Situation of the Rohingyas*, p. 95 (2010), http://burmaactionireland.org/images/uploads/ ICHR_Rohingya_Report_2010.pdf. *၏ ၂၀၁၀ ခုနှစ်ရိုဟင်ဂျာ အစီရင်ခံစာ*

[18] Human Rights Watch *၏ Burma: The Rohingya Muslims: Ending a Cycle of Exodus?*, p. 29 (Sept. 1996), http://www.hrw.org/reports/pdfs/b/burma/burma969.pdf.

[19] *U.N. လူအခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်* Tomas Ojea Quintana *၏ Progress Report of the Special Rapporteur on the Situation of Human Rights in Myanmar*, U.N. Doc No. A/HRC/13/48, paras. 87, 88 (Mar. 10, 2010), http://www2.ohchr.org/english/bodies/hrcouncil/docs/13session/A-HRC-13-48.pdf; Irish Centre *၏ Crimes Against Humanity, အထက်ပါမှတ်ချက်* note 17, p. 26; Fortify Rights *၏အင်တာဗျူး* #82, *ပီနန်၊ မလေးရှား* (Sept. 2014); Fortify Rights *၏အင်တာဗျူး* #95, *စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ* (Mar. 2015); Fortify *၏အင်တာဗျူး* #98, *စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ* (Mar. 2015).

[20] Human Rights Watch *၏ "All You Can Do Is Pray": Crimes Against Humanity and Ethnic Cleansing of Rohingya Muslims in Burma's Arakan State* p. 112 (Apr. 22, 2013), https://www.hrw.org/report/2013/04/22/all-you-can-do-pray/crimes-against-humanity-and-ethnic-cleansing-rohingya-muslims; International Federation of Human Rights Leagues (FIDH) *၏ Burma: Repression, Discrimination and Ethnic Cleansing in Arakan* p. 18 (Apr. 2000), https://www.fidh.org/IMG/pdf/arakbirm.pdf.

[21] "၁၉၄၈ ခုနှစ်နောက်ပိုင်း မှတ်ပုံတင်ကတ် (National Registration Card, NRC) တစ်ခုကို ရရှိခဲ့သော ရိုဟင်ဂျာသည် ဥပဒေ အသစ်အရ ကတ်အသစ်တစ်ခု ရရန် ၎င်းကတ်များကို အတင်းပြန်လည်ခိုင်းခဲ့သည်။ သို့သော် ရိုဟင်ဂျာများစွာတို့ မည်သည့်အရာမှသော်၎င်း ၎င်းတို့၏ မူရင်းကတ်များကို ပြန်မရခဲ့ပေ။" FIDH, *Burma, အထက်ပါမှတ်ချက်* note 20 *ကိုကြည့်ပါ။*

[22] *မြန်မာနိုင်ငံသား ဥပဒေ* ပုဒ်မ 44; Human Rights Watch *၏ All You Can Do Is Pray, အထက်ပါမှတ်ချက်* 20, p. 11; Irish Centre for Human Rights *၏ Crimes Against Humanity, အထက်ပါမှတ်ချက်* 17, p. 96 *ကိုကြည့်ပါ။*

[23] Human Rights Watch *၏ "The Government Could Have Stopped This": Sectarian Violence and Ensuing Abuses in Burma's Arakan State*, p. 46 (July 31, 2012), https://www.hrw.org/report/2012/07/31/government-could-have-stopped/sectarian-violence-and-ensuing-abuses-burmas-arakan၊ Minority Rights Group International *၏ World Directory of Minorities and Indigenous Peoples - Myanmar/Burma: Muslims and Rohingya* (2008), http://www.refworld.org/docid/49749cdcc.html *ကိုကြည့်ပါ။*

[24] *ဗိုလ်ချုပ်ကြီးနေဝင်း၏ နိုင်ငံသားဥပဒေ ပြောင်းလဲစဉ် မိန့်ခွန်း* (Oct. 9, 1982) (Fortify Rights *တွင်ရှိသောဖိုင်*).

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၏ အကျိုးဆက်များသည် ၄င်းပြဌာန်းကတည်းကစ၍ ရိုဟင်ဂျာ အပေါ် သက်ရောက်မှု ရှိလာသည်။ ရိုဟင်ဂျာအများစုသည် နိုင်ငံမဲ့ဖြစ်သောကြောင့် မြန်မာတရားရုံးတွင် အမှု မရင်ဆိုင်နိုင်ခြင်းများ၊ စီးပွားရေး အခွင့်အလမ်း၊ ပညာရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့် ကန့်သတ်ခံရခြင်းများဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ မြန်မာအစိုးရ အရာရှိများသည် ရိုဟင်ဂျာလူမျိုး၏ တည်ရှိမှုကို အလှည့်ကျငြင်းဆိုခဲ့ကြသည်။[25] ဥပမာအားဖြင့် မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးအုံးကျော်မှ ၁၉၉၂ တွင်ပြောကြားခဲ့ရာတွင် "သမိုင်းကြောင်းအရ 'ရိုဟင်ဂျာ' လူမျိုးဆိုတာ မြန်မာနိုင်ငံမှာ မရှိခဲ့ပါဘူး" သူသည် ရိုဟင်ဂျာများကို "တရာမဝင်ရွှေ့ပြောင်း နေထိုင်သူများ" ဟုဖေါ်ပြခဲ့ပါသည်။[26]

(၂) အတင်းအဓမ္မ နေရာ ပြောင်းရွှေ့ခံရခြင်း

စစ်အစိုးရမှ တရားမဝင် ဝင်ရောက်လာသူများဟု ထင်ရသူများကို ရှာဖွေရန်နှင့် အရေးယူရန်အတွက် ၁၉၇၈ ခုနှစ်တွင် စစ်တပ်မှနေ၍ နဂါးမင်း စစ်ဆင်ရေးကိုစတင်ခဲ့သည်။[27] ဤစစ်ဆင်ရေးသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများကို ပစ်မှတ်ထားပြီး ရိုဟင်ဂျာများသည် မြန်မာတိုင်းရင်းသား မဟုတ်ဘဲ နိုင်ငံခြားသားများသာ ဖြစ်သည်ဟု အစိုးရမှ ပြောဆိုခဲ့သည်။ စစ်တပ်မှ ရိုဟင်ဂျာ အများအပြားများကို နှိပ်စက်၊ အဓမ္မပြုကျင့်၍ သတ်ခဲ့သည်။[28] ၄င်း၏ရလဒ်မှာ ရိုဟင်ဂျာ ၂ သိန်းကျော် နယ်စပ်ဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[29] ရိုဟင်ဂျာ ဒုက္ခသည်များ မိမိနိုင်ငံထဲ မဝင်လာအောင် ဘင်္ဂလားဒေ့ရှ်အစိုးရမှ ဒုက္ခသည်စခန်းများထံသို့ အစားအစာနှင့် လူသားခြင်း စာနာထောက်ထားမှု အကူအညီများဖြန့်ဝေမှုကို ရပ်ဆိုင်းခဲ့သည်။[30] အစာပြတ်လပ်မှုကြောင့် ဒုက္ခသည် ၁၂၀၀၀ ကျော်သေးဆုံးခဲ့ရသည်။ နိုင်ငံတကာ၏ ပြစ်တင်ရှုပ်ချမှုများကြောင့် မြန်မာနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းသည် ၄င်းဒုက္ခသည်များကို ပြန်လည်လက်ခံ ခဲ့သော်လည်း ရိုဟင်ဂျာများ မြန်မာနိုင်ငံတွင်း ဆက်လက်ပြီး ညှင်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။[31] ထိုမှစ၍ အနှစ် ၂၀ အတွင်း ရိုဟင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တဖွဲဖွဲ ဆက်လက်ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရမှ အဓမ္မပြန်လည်ပို့ဆောင်ရန် မကြာသေးမီ ၂၀၁၀ ခုနှစ်တွင် အပါအဝင် တချိန်ပြီးတချိန် ကြိုးစားခဲ့သည်။[32] ဆယ်စုနှစ်ပေါင်းများစွာအတွင်း ရိုဟင်ဂျာများသည်

---

[25] Irish Centre for Human Rights, *၏ လူသားမျိုးနွယ်ပေါ်ဆန့်ကျင်သည့်ပြစ်မှု၊ အပေါ်မှ မှတ်ချက်ကိုကြည့်ရန်* Crimes Against Humanity, see above note 17, p. 97. *ပြောင်းရွှေ့မရနိုင်သော ပိုင်ဆိုင်မှုများကန့်သတ်ချက်ဥပဒေ အရ နိုင်ငံခြားသားများ မြေယာ သို့မဟုတ် ပြောင်းရွှေ့မရနိုင်သောပစ္စည်းဥစ္စာများအားပိုင်ဆိုင်ခွင့်မရှိပါ* Transfer of Immovable Property Restriction Act (1987).

[26] Human Rights Watch, *၏ မြန်မာ၊ ရိုဟင်ဂျာမွတ်စလင်များ၊ အပေါ်မှ မှတ်ချက်ကိုကြည့်ရန်* *Burma: The Rohingya Muslims*, *see above* note 18, p. 9.

[27] On October 16, 1977, the Myanmar Ministry for Home and Religious Affairs stated that operation *Naga Min* (Dragon King) was designed to "scrutinize each individual living in the State, designating citizens and foreigners in accordance with the law and taking actions against foreigners who have filtered into the country illegally." *မြန်မာနိုင်ငံပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနမှ အောက်တိုဘာလ ၁၆ ရက် ၁၉၇၇ ခုနှစ်ခုနှစ်တွင်ပြောကြားခဲ့ရာတွင် နဂါးမင်းစစ်ဆေးရေးကို ပြည်နယ်တွင်းရှိ လူပုဂ္ဂိုလ်တဦးတစ်ယောက်တိုင်းကို စိစစ်ရန်နှင့် ဥပဒေအရ နိုင်ငံသားနှင့်နိုင်ငံခြားသားဖြစ်ခြင်းကိုသတ်မှတ်ပြီး နိုင်ငံတွင်းတရားမဝင် ဝင်ရောက်လာသူ နိုင်ငံခြားသားများကို အရေးယူရန်ရည်ရွယ်သည် ဟုဖေါ်ပြထားပါသည်။* Human Rights Watch, *၏ မြန်မာ၊ ရိုဟင်ဂျာမွတ်စလင်များ၊ အပေါ်မှ မှတ်ချက်ကိုကြည့်ရန်* *Burma: The Rohingya Muslims*, *see above* note 18, p. 12; *see also* Human Rights Watch, *၏ သင်လုပ်နိုင်သည့်အရာမှာ ဆုတောင်းရန်တစ်ခုထဲဖြစ်သည်* *All You Can Do Is Pray*, *see above* note 20, p. 138.

[28] Irish Centre for Human Rights, *၏ လူသားမျိုးနွယ်ပေါ်ဆန့်ကျင်သည့်ပြစ်မှု၊ အပေါ်မှ မှတ်ချက်ကိုကြည့်ရန်* *Crimes Against Humanity*, *see above* note 17, p. 91; Martin Smith, *၏ မြန်မာနိုင်ငံ၏လက်နက်ကိုင်တော်လှန်မှုနှင့်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ Burma: Insurgency and the Politics of Ethnicity*, p. 241 (2d ed. 1999).

[29] Human Rights Watch, *၏ သင်လုပ်နိုင်သည့်အရာမှာ ဆုတောင်းရန်တစ်ခုထဲဖြစ်သည်* *All You Can Do Is Pray*, *see above* note 20, p. 139.

[30] *Ibid.*

[31] Irish Centre for Human Rights, *၏ လူသားမျိုးနွယ်ပေါ်ဆန့်ကျင်သည့်ပြစ်မှု၊ အပေါ်မှ မှတ်ချက်ကိုကြည့်ရန်* *Crimes Against Humanity*, *see above* note 17, p. 6; Human Rights Watch, *၏ သင်လုပ်နိုင်သည့်အရာမှာ ဆုတောင်းရန်တစ်ခုထဲဖြစ်သည်* *All You Can Do Is Pray*, *see above* note 20, p. 139.

[32] *အစိုးရမဟုတ်သည့် လူအခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့အစည်း၏ အစီရင်ခံစာအရ ဘင်္ဂလားဒေ့ရှ် လူဦရေတပ်များသည် ၂၀၁၀ ခုနှစ်တွင် ရိုဟင်ဂျာဒုကသည်များအား ရိုက်နှက်၍အဓမေပြန်ပို့ခဲ့သည်ဟုဖေါ်ပြထားပါသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည်လည်း ကူတူပါလောင်းရှိ ဒုကသည် ၃ သောင်းထံ ပေးပို့မည့်လူသားခြင်းစာနာထောက်ထားသည့်အကူအညီများအား ပိတ်ဆို့ခဲ့ပြီး ဒုကသည်စခန်းပြင်ပထွက်၍အစားအသောက်ရှာဖွေသူများကို သေချာစွာ ဖမ်းဆီးချုပ်နှောင်ထားသဖြင့် စခန်းပြင်ပသို့ထွက်ခွင့်မရဘဲ အစာရေစာပြတ်လတ်ခြင် သို့မဟုတ် ဗျာနာခြင်းဖြင့်သေဆုံးခဲ့ရသည်။* Physicians for Human Rights, *၏ နိုင်ငံမဲ့နှင့်ငတ်ပြတ်မှု၊ နှိပ်စက်ညှင်းပန်းခြင်းခံရသော ရိုဟင်ဂျာများ မြန်မာနိုင်ငံမှထွက်ပြေး၍ ဘင်္ဂလားဒေ့ရှ်တွင်အစာငတ်ပြတ်ခြင်းခံရသည်၊ Stateless and Starving: Persecuted Rohingya Flee Burma and Starve in Bangladesh*, pp. 9-11 (Mar. 2010), https://s3.amazonaws.com/PHR_Reports/stateless-and-starving.pdf.

မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံသို့လေ့ဖြင့် ထွက်ပြေး တိမ်းရှောင် ခဲ့ရသည်။ ခေါင်းပုံဖြတ်လူကုန်ကူးသူများသည် ဤခရီးကို စီစဉ်ဆောင်ရွက်ပေးသည်။[33] အဆိုပါ ပင်လယ်ဖြတ်သန်းသည့် ခရီးစဉ်များသည် အန္တရာယ်များပြီး ရေနစ်သေဆုံးခြင်း၊ သောင်တင်ခြင်းများ ဖြင့်ကြုံတွေ့ရသည်။ ၂၀၀၈ မှ ၂၀၀၉ ခုနှစ်အတွင်း ခန့်မှန်းခြေ ၆ ထောင် ထက်မနဲသော ရိုဟင်ဂျာ အမျိုးသားနှင့်ယောကျ်ားလေးများ ထိုင်းနိုင်ငံမှ မလေးရှားသို့ ပင်လယ်ပြင်မှ ဖြတ်သန်းသွားရန်ကြိုးစားခဲ့ကြသည်။[34] ၂၀၁၀ ခုနှစ်တွင် ရိုဟင်ဂျာလေ့များကို ထိုင်းမှ ပင်လယ်သို့ ပြန်လည် တွန်းပို့ ခဲ့သဖြင့် တစ်မိသားစုလုံးပါဝင်သော ရာပေါင်းများစွာ သေဆုံးခဲ့ရသည်။[35]

မြန်မာအစိုးရမှ ရိုဟင်ဂျာများပိုင်ဆိုင်သည့် မြေယာများအား သိမ်းပိုက်လိုက်သဖြင့် ပြည်တွင်း နေရပ်စွန့်ခွာရသည့် ရိုဟင်ဂျာများ ပိုမို၍များပြားလာသည်။[36] ဥပဒေအရ မြန်မာအစိုးရသည့် မြန်မာနိုင်ငံရှိ မြောယာအားလုံး ကိုပိုင်ဆိုင်သည် ဟုဖေါ်ပြထားပြီး နိုင်ငံသားဖြစ်မှသာ မြေယာများကို ပိုင်ဆိုင်အသုံးပြုခွင့်ရှိသည်။[37] ထိုရလဒ်ကြောင့် နိုင်ငံမဲ့ဖြစ်နေသည့် ရိုဟင်ဂျာများ မိမိတို့ နေထိုင်လုပ်ကိုင် စားသောက်နေသော မြေယာများအား ပိုင်ဆိုင်ခွင့်မရှိပါ။ ၄င်းတို့ရှိနေသည့် နေရာများအားအစိုးရမှ အချိန်မရွေးပြန်လည်သိမ်းပိုက်နိုင်သည့် အခြေအနေတွင် ရှိနေပါသည်။ အစိုးရသည် ၄င်းအားဆန့်ကျင်နိုင်မည့် သူများအား ခွဲခြားရန်နှင့် သဘာဝသယံဇာတများကို ချယ်လှယ်နိုင်ရန်အတွက် မြေယာများကို သိမ်းယူခဲ့သည်ဟု ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်မှ မှတ်ချက်ချ ထားပါသည်။[38]

မှတ်တမ်းများအရ ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း မြန်မာအစိုးရသည် ရိုဟင်ဂျာများကို နိုင်ငံတွင်း အတင်းဓမ္မရွှေ့ပြောင်းခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ် ကုလသမဂ္ဂ၏ အစီရင်ခံစာ တစ်ခုမှ အစိုးရသည် ဒေသအမျိုးမျိုးရှိ ရိုဟင်ဂျာများအား တစ်ပါတ်အတွင်း မိမိတို့ရွာများမှ ပြောင်းရွှေ့ရန် အကြောင်းကြားသဖြင့် သူတို့၏ ပိုင်ဆိုင်သော ပစ္စည်းများကို မယူဆောင်သွား နိုင်ကြဟု ဖေါ်ပြထားပါသည်။[39] ရိုဟင်ဂျာဒုက္ခသည် တစ်ယောက်အား ၂၀၀၉ ခုနှစ်တွင် မေးမြန်းရာတွင် ရွာတွင်းရှိ ရိုဟင်ဂျာများနှင့် ရခိုင်များ၏ တင်းမာမှုကို လျော့ပါးသွားရန် အတွက် ရခိုင်ရွာသူကြီးများသည် ရိုဟင်ဂျာများကို ရွာထဲမှ မောင်းထုတ်ခဲ့သည်ဟုဖေါ်ပြထားပါသည်။[40] အဆိုပါ ပြည်တွင်း ပြောင်းရွှေ့မှုများနှင့် အဓမ္မလူအုပ်စုအလိုက် ပြောင်းရွှေ့စေမှုများသည် ရခိုင်ပြည်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် ပိုမိုအာရုံစိုက် လာခဲ့သည်။

၁၉၉၀ ခုနှစ်မှစ၍ မြန်မာလူမျိုးစုများ တရားဝင် ရောက်နေထိုင်နိုင်ရန် မြန်မာအစိုးရသည် "စံပြရွာများ" တည်ထောင်ရန် အမိန့်ပေးခဲ့သည်။[41] ၁၉၉၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း စံပြကျေးရွာပေါင်း ၄၀ ခုကို ရခိုင်ပြည်နယ်တွင် တည်ဆောက်ရန် အစိုးရမှညွှန်ကြားခဲ့သည်။[42] အများစုမှာ ရိုဟင်ဂျာ လူဦးရေများပြားသော ဒေသများတွင်ဖြစ်သည်။ အစိုးရမှ ရိုဟင်ဂျာများအား ထိုစံပြရွာများတည်ဆောက်ရန် အတင်းအဓမ္မကူညီခိုင်းသည်။ ဆောက်လုပ်ရေးအတွက်

---

[33] United States Senate Committee on Foreign Relations, *Trafficking and Extortion of Burmese Migrants in Malaysia and Southern Thailand*, S. Prt-111-18 (Apr. 3, 2009).

[34] Human Rights Watch *၏ Perilous Plight: Burma's Rohingya Take to the Seas*, p. 4 (May 26, 2009), https://www.hrw.org/report/2009/05/26/perilous-plight/burmas-rohingya-take-seas.

[35] Irish Centre for Human Rights *၏ Crimes Against Humanity*, *အထက်ပါမှတ်ချက်* 17, p. 15 *ကိုကြည့်ပါ။ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်တို့သည် ရိုဟင်ဂျာ ဒုက္ခသည်များအတွက် ဤဒေသတွင်းရှိ ဦးစားပေး ပစ်မှတ်နေရာများ ဖြစ်သည်။* ရိုဟင်ဂျာဒုက္ခသည်များသည် ဆော်ဒီအာရေးဘီးယား၊ ပါကစ်စတန်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား အခြား နေရာများတွင်လည်း တည်ရှိပါသည်။ Human Rights Watch *၏ Perilous Plight အထက်ပါမှတ်ချက်* 34, p. 8; United Nations High Commissioner for Refugees (UNHCR), *States of Denial: A Review of UNHCR's Response to the Protracted Situation of Stateless Rohingya Refugees in Bangladesh* (Dec. 2011), para. 15 *ကိုကြည့်ပါ။*

[36] Irish Centre for Human Rights *၏ Crimes Against Humanity*, *အထက်ပါမှတ်ချက်* 17, pp. 11, 89 *ကိုကြည့်ပါ။*

[37] FIDH, *Burma*, *အထက်ပါမှတ်ချက်* 20, p. 25 *ကိုကြည့်ပါ။*

[38] U.N. Human Rights Council, *Report of the Special Rapporteur on the Situation of Human Rights in Myanmar, Paulo Sérgio Pinheiro*, U.N. Doc. A/HRC/4/14 (2007), para. 61; *see also* Irish Centre for Human Rights, *အထက်ပါမှတ်ချက်* 17, p. 89.

[39] U.N. Commission on Human Rights, *Report on the Situation of Human Rights in Myanmar, Prepared by the Special Rapporteur, Mr. Yozo Yokota,*

[40] Irish Centre for Human Rights *၏ Crimes Against Humanity*, *အထက်ပါမှတ်ချက်* 17, p. 102 *ကိုကြည့်ပါ။*

[41] FIDH, *Burma*, *အထက်ပါမှတ်ချက်* 20, p. 22 *ကိုကြည့်ပါ။*

[42] Irish Centre for Human Rights *၏ Crimes Against Humanity*, *အထက်ပါမှတ်ချက်* 17, p. 100 *ကိုကြည့်ပါ။*

ရိုဟင်ျားနေထိုင်သော၊ အလုပ်လုပ်ကိုင်နေသော မြေများကို သိမ်းဆည်းခဲ့သည်။[43] နောက်ပိုင်းတွင် ရခိုင် ဗုဒ္ဓဘာသာဝင်များ ၄င်းရွာများသို့ ပြောင်းရွှေ့နေထိုင်လာခဲ့သည်။

(၃) အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း

နယ်စပ်ကွပ်ကဲရေး(နစက)သည် ရဲ၊ စစ်တပ်၊ ထောက်လှန်းရေး၊ အကောက်ခွန် အရာရှိများနှင့် လုံထိန်းရဲများ ဖြင့် ဖွဲ့စည်းထားသော လုံခြုံရေးအဖွဲ့တစ်ခုဖြစ်ပြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်တွင် ၂၀၁၃ ခုနှစ်ထိ ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။[44] အလုပ်မလုပ်နိုင်သော ရိုဟင်ျာအများစု ပေးနိုင်စွမ်း မရှိသော အပါတ်စဉ်ကြေးပေးရန် (နစက)မှ အဓမ္မတောင်းခံခြင်းများ သို့မဟုတ် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး အလုပ်များ၊ ပေါ်တာဆွဲခြင်း၊ သို့မဟုတ် အစောင့်အလုပ်များကို ပြုလုပ်စေခိုင်းခဲ့သည်။[45] မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့များမှ ရိုဟင်ျာများအား အတင်းအဓမ္မ အလုပ်များခိုင်းစေခဲ့သည်။[46] ၂၀၀၈ ခုနှစ်တွင် U.N အထူးကိုယ်စားလှယ်မှ အတင်းအဓမ္မ အလုပ်ခိုင်းစေမှုများကို ညှင်းဆဲခဲ့သည့် ရိုဟင်ျာများကို သတ်ပြစ်ခဲ့သည့် စွပ်စွဲချက်များ ရှိသည်ဟုအစီရင်ခံခဲ့ပါသည်။[47] မြန်မာစစ်တပ်နှင့် နစကများမှ အတင်းအဓမ္မ ခိုင်းစေခံရသူများအား ရိုက်နက်ခဲ့သည်ဟု ရိုဟင်ျာများက ပြောပါသည်။[48]

မြန်မာစစ်တပ်နှင့် နစကများသည် ၁၀ နှစ်အရွယ် ယောကျ်ားလေးများကိုပါ ကိုယ်ခန္ဓာဖြင့်လုပ်ရသော အလုပ်များကို ခိုင်းစေခဲ့သည်။[49] အိုင်းရစ်လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတွင် ဖေါ်ပြထားရာတွင် ရိုဟင်ျာအိမ်ထောင်စု တစ်စုစီ အတွက် ယောကျ်ာ်းတစ်ဦး သို့မဟုတ် ကလေးယောကျ်ားတစ်ဦးသည် ပေါ်တာအလုပ် တစ်ခုထဲကို ပျမ်းမျှအားဖြင့် တစ်လလျင် ၁ ရက်မှ ၂ ရက်ထိ အလုပ်လုပ်ပေးရသည်။[50] ၂၀၀၉ ခုနှစ်တွင် အစိုးရအာဏာပိုင် များသည် ကျေးရွာများရှိ ရိုဟင်ျာမိသားစုအားလုံးနီးပါးကို မိသားစုဝင် တစ်ဦးအား တစ်ပါတ်လျင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ရွာလုံခြုံရေးအစောင့် အဖြစ်ခိုင်းစေခဲ့သည်။[51] မိသားစုဝင်များအား အစိုးရအာဏာပိုင်များမှ နစ်နာကြေးမပေးဘဲ အတင်းအဓမ္မအလုပ်ခိုင်းစေပြီး၊ အချိန်ကုန်စေသောကြောင့် ဆင်းရဲသော မိသားစုများသည် ငွေကြေးအရ မိသားစုအား မထောက်ပံ့နိုင်သည့် အခက်အခဲများဖြင့် ကြုံတွေ့ခဲ့ကြရသည်။[52]

၁၉၉၀ နှစ် တစ်လျောက်လုံး အတင်းအဓမ္မ အလုပ်ခိုင်းစေမှုကို မပြုလုပ်စေခဲ့ဟု အစိုးရမှ ငြင်းဆိုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာတရားရုံးတစ်ခုမှ လူ ၃ ဦးအား နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစွဲခံရပြီး သေဒဏ်အပြစ်ပေးခဲ့သည်။ အဘယ်ကြောင့် ဆိုသော် သူတို့သည် အဓမ္မလုပ်အားပေးခိုင်းစေမှုကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO ထံသို့ ဆက်သွယ်သတင်းပို့ခဲ့သော တစ်စိတ်တပိုင်း ကြောင့်လည်းဖြစ်သည်။[53] အယူခံဝင်ရာတွင် မြန်မာနိုင်ငံတရား

---

[43] *Ibid.*, p. 44.

[44] Andrew Selth ၏ "Myanmar's Police Forces: Coercion, Continuity and Change," *Contemporary Southeast Asia: A Journal of International and Strategic Affairs* v. 34, p. 49 (2012).

[45] Irish Centre for Human Rights ၏ *Crimes Against Humanity*, *အထက်ပါမှတ်ချက်* 17, pp. 41, 49 *ကိုကြည့်ပါ။*

[46] Fortify Rights ၏ အင်တာဗျူး #05, ကွာလာလမ်ပူ၊ မလေးရှား (Aug. 10, 2014); Fortify Rights ၏ အင်တာဗျူး #82, ပီနန်၊ မလေးရှား (Sept. 16, 2014).

[47] U.N. Human Rights Council ၏ အထူးကိုယ်စားလှယ် *Paulo Sérgio Pinheiro* ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အစီရင်ခံစာ, U.N. Doc. A/HRC/7/18 (2008), para. 60 *ကိုကြည့်ပါ။*

[48] Fortify Rights ၏ အင်တာဗျူး #04, ကွာလာလမ်ပူ၊ မလေးရှား (Aug. 10, 2014) (ကျွန်တော် မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ် နိဝင်ဘာလမှာ ထွက်လာခဲ့ပါတယ်] အတင်းအဓမ္မ အလုပ်လုပ်ခိုင်းလို့ပါ။ တစ်ပါတ်အတွင်း စစ်တပ်အတွက် ၄ ရက် တခါတလေ ၅ ရက် ကျွန်တော် အလုပ်လုပ်ပေးရတယ်။ ဒါကြောင့် နိုင်ငံက ထွက်ခွါဖို့ စိတ်ဆုံးဖြတ်ခဲ့တာပါ။ လမ်းဖေါက်တာ၊ စစ်တပ်စခန်းဆောက်တာ တွေလုပ်ပေးခဲ့ရပါတယ်။ တခါတရံ စစ်တပ်သည် ကျွန်တော်တို့ရွာ ရောက်လာပြီး ရွာသားတွေကို ဖမ်းကာ အလုပ်လုပ်ခိုင်းပါတယ်။ တခါတရံ ရွာအုပ်ချုပ်ရေးထံ လူဘယ်နှစ်ရောက်လိုတယ် ဆိုတာကို အမိန့်ပေး ခိုင်းစေပါတယ်။ တခါတရံ နစက အတွက်၊ တခါတရံ စစ်တပ် အတွက် အလုပ်လုပ်ရပါတယ်။ ကျွန်တော်တို့ "မလုပ်နိုင်ဘူးလို့" ပြောလို့မရဘူး။ မလုပ်ဘူးလို့ပြောရင် သူတို့ ကျွန်တော်တို့ကို ရိုက်နက်ပါတယ်။ တခါတော့ ကျွန်တော် သူတို့ကို ငြင်းဖို့ကြိုးစားခဲ့လို့ အရိုက်ခံရပါတယ်။ ကျွန်တော်မထွက်လာခင် တစ်နှစ်လောက်ကပါ။ လူ ၃ ယောက် (စစ်သားတွေ) ကရိုက်တာပါ။"

[49] Irish Centre for Human Rights ၏ *Crimes Against Humanity အထက်ပါမှတ်ချက်* 17, pp. 41-42 *ကိုကြည့်ပါ။*
Fortify Rights ၏ အင်တာဗျူး #74, ပူချောင်၊ မလေးရှား (Sept. 27, 2014).

[50] Irish Centre for Human Rights ၏ *Crimes Against Humanity အထက်ပါမှတ်ချက်* 17, p. 42 *ကိုကြည့်ပါ။*

[51] *Ibid.*, p. 45.

[52] *Ibid.*, p. 50.

[53] *Ibid.*, p. 38; International Labour Office (ILO) ၏ *Developments Concerning the Question of the Observance by the Government of Myanmar of the Forced Labour*, GB.291/5/1 (Nov. 2004) *ကိုကြည့်ပါ။*

ရုံးချုပ်မှ ပြစ်ဒဏ်ကို လျော့ပေါ့ ပေးခဲ့သော်လည်း ပြည်သူများ ILO ထံသို့ ဆက်သွယ်စကားပြောခြင်းသည် တရားဝင်မဝင်ကိုမူ ရှင်းလင်းခဲ့ခြင်း မရှိခဲ့ပေ။[54]

(၄) ဘာသာရေးအရ နှိပ်ကွပ်ခြင်း

မြန်မာအစိုးရသည် ရိုဟင်ဂျာများအပေါ် လူမျိုးရေးနှင့်နိုင်ငံရေး နှိပ်ကွပ်မှုများထဲတွင်ပါဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော လူအခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ခဲ့သော ဗလီများကို ဖျက်ဆီးရန် အစိုးရမှ စစ်အမိန့် ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။[55] အစိုးရသည် ဗလီများ၊ အစ္စလာမ် ဘာသာရေးကျောင်းများကိုပိတ်ပြီး၊ အစိုးရအုပ်ချုပ်ရေးရုံးများ အဖြစ်အသုံးပြုခဲ့သည်။[56] အစိုးရသည် ဗလီများ ပြင်ဆင်ခြင်း၊ ပြန်လည်မွမ်းမံခြင်း တို့အားလည်း တားမြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် လူအုပ်စုများက အနည်းဆုံး ဗလီ ၂၈ လုံး နှင့် ဘာသာရေးကျောင်းများကို တိုက်ခိုက်ခဲ့သည်။[57] အဆိုပါတိုက်ခိုက်မှုများကို ပြည်နယ်လုံခြုံရေး တာဝန်ရှိသူများမှ မဟန့်တားသည့်အပြင် သူတို့ကိုယ်တိုင်ပါဝင်ခဲ့သည်။[58]

(၅) အိမ်ထောင်ပြုမှုတ်ပုံတင်ခြင်း ကန့်သတ်ချက်များ နှင့်လူဦးရေ ထိမ်းချုပ်ခြင်း

၁၉၉၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ရရှိင်ပြည်နယ်တွင် နေထိုင်သူတိုင်းသည် အိမ်ထောင်ပြု မှတ်ပုံမတင်မီ ကြိုတင်ခွင့်ပြုချက် တောင်းရမည့် ဥပဒေတစ်ရပ်ကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေသည် ၄င်းဒေသရှိ မွတ်စလင်လူဦးရေ အတွက်သာ အသုံးပြုခဲ့သည်။ ရိုဟင်ဂျာလူဦးရေတိုးပွားနှုန်းသည် "နိုင်ငံတကာ စံချိန်စံညွှန်းများ" ထက်ပိုမိုမြန်ဆန်စွာ တိုးပွားနေကြောင်း အကြောင်းပြု၍ နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေး ထိန်းချုပ်ရေးဌာနချုပ်များနှင့် မောင်တောမြို့နယ် အေးချမ်းသာယာရေးကောင်စီမှ လူဦးရေထိန်းချုပ်ရေး မူဝါဒကို ၁၉၉၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် အသီးသီး ထုတ်ပြန်ခဲ့သည်။[59] အဆိုပါအကြောင်းပြချက်များ မှန်ကန်ကြောင်း အာဏာပိုင်များမှ သက်သေအထောက်အထား မပြနိုင်ခဲ့ပေ။[60]

လက်ထပ်ထိမ်းမြားခွင့် လိုင်စင်များရရန် ယောကျ်ားနှင့် မိန်းမတို့သည် ရိုဟင်ဂျာ၏ ဘာသာရေး ယုံကြည်ချက်များဖြင့် ပဋိပက္ခဖြစ်စေသည့် စည်းမျဉ်းများကို လိုက်နာရသည်။[61] စည်းမျဉ်းများအရ လိုင်စင်ခါတ်ပုံ ရိုက်ရန်အတွက် ယောကျ်ားများ မိမိတို့၏ မုတ်ဆိတ်ကို ရိတ်ရန် လိုအပ်သည်။ ထိုနည်းတူစွာ အမျိုးသမီးများ ဘာသာရေး အရ ဝတ်ဆင်သော ခေါင်းနှင့် မျက်နှာဖုံးများကို မဝတ်ဆင်ရန် တားမြစ်ထားသည်။[62] (နစက) သည် ကိုယ်ဝန် ရှိမရှိ ရိုဟင်ဂျာ အမျိုးသမီးများ၏ ကိုယ်ခန္ဓာကို ကိုင်တွယ် စစ်ဆေးသည်ဟု မှတ်တမ်းများက ဖော်ပြထားသည်။[63] အာဏာပိုင်များက အိမ်ထောင်ပြုမှုတ်ပုံတင် မထုတ်ပေးမီ ရိုဟင်ဂျာ အမျိုးသမီးများ ကိုယ်ဝန် ရှိမရှိ စစ်ဆေးရန်

---

[54] ILO ၏ *Developments Concerning Observance of Forced Labour* အထက်ပါ မှတ်ချက် 53, p. 1. *ကိုကြည့်ပါ။*

[55] Human Rights Watch ၏ *Crackdown on Burmese Muslims*, p. 11 (July 2002) *ကိုကြည့်ပါ။* https://www.hrw.org/legacy/backgrounder/asia/burmese_muslims.pdf; Human Rights Watch ၏ *Burma: Rape, Forced Labor and Religious Persecution in Northern Arakan*, p. 17 (1992) *ကိုကြည့်ပါ။* http://www.hrw.org/reports/pdfs/b/burma/burma925.pdf.

[56] FIDH ၏ *Burma* အထက်ပါ မှတ်ချက် 20, p. 26 *ကိုကြည့်ပါ။*

[57] *Ibid.*

[58] Human Rights Watch ၏ *All You Can Do is Pray*, *see above* note 20, p. 142; Human Rights Watch ၏ *Crackdown on Burmese Muslims*, *အထက်ပါ မှတ်ချက်* 55, p. 11.

[59] Fortify Rights, ၏ *Policies of Persecution: Ending Abusive State Policies Against Rohingya Muslims in Myanmar*, pp. 19-20, 36 (Feb. 2014), http://www.fortifyrights.org/downloads/Policies_of_Persecution_Feb_25_Fortify_Rights.pdf.

[60] *Ibid.*

[61] *Ibid.*, p. 30.

[62] *Ibid.*

[63] Irish Centre for Human Rights ၏ *Crimes Against Humanity*, အထက်ပါ မှတ်ချက် 17, p. 127.

လိုအပ်သည်။[64] (နစက) သည် အိမ်ထောင်ပြု မှတ်ပုံတင်ခြင်း အဆင့် အမျိုးမျိုးတွင် စုစုပေါင်း ၃ လ လစာနှင့် ညီမျှသည့် လာဘ်ငွေကို တောင်းဆိုခဲ့ ကြသည်။[65]

အချို့သော စုံတွဲများသည် ၁၉၉၀ ခုနှစ် ဥပဒေမပြဋ္ဌာန်းမီ ကျင့်သုံးခဲ့သော အစွန်လာမ် ပညတ်တရားအတိုင်း ဆက်လက် လက်ထပ်ထိမ်းမြား ကြသော်လည်း အာဏာရှိသူများ သိရှိပါက အဖမ်းခံရနိုင်သည့် အန္တရာယ်ရှိပါသည်။[66] တရားဝင် လက်ထပ်ထိမ်းများခြင်း မပြုဘဲအတူနေသူများနှင့် အတူမနေသောချစ်သူများပင်လျင် အဖမ်းခံရနိုင်သည့် အန္တရာယ်မှာ လည်းရှိသည်။[67]

အနည်းဆုံး ၂၀၁၅ ခုနှစ်မှစ၍ အိမ်ထောင်ပြုမည့် အချို့သောရှိဟင်ဂျာ စုံတွဲများကို ကလေး ၂ ယောက်ထက် ပိုမယူ ဟု သဘောတူမှသာ အစိုးရက အိမ်ထောင်ပြု မှတ်ပုံတင်ကို ထုတ်ပေးပါသည်။[68] ကလေး ၂ ယောက်ထက် ပိုရှိသော အမျိုးသမီးသည် တရားမဝင် လက်ထပ်ထိမ်းမြားခြင်းဖြစ်ပြီး၊ အိမ်ထောင်မပြုဘဲ ကလေးရပါက ၁၀ နှစ်အထိ ထောင်ဒဏ်ကျခံ နိုင်ပါသည်။[69] ရခိုင်ပြည်နယ်ရှိ ပြည်နယ်အဆင့် အာဏာပိုင်များသည် (နစက)၏ ဒေသန္တရဆေးခန်းများ၊ မြို့နယ်ဆေးရုံများနှင့် မိမိတို့၏ ဒေသန္တရဆေးရုံများတွင် ရခိုင်ပြည်နယ် ဥပဒေစိုးမိုးရေး အရာရှိများက ပြည်သူများအား "သန္ဓေတား စားဆေးများ၊ ထိုးဆေးများနှင့် ကွန်ဒွန်များအသုံးပြုရန်" အတင်းအကြပ် ခိုင်းစေရမည်ဟု ဥပဒေမှ မည်သို့သတ်မှတ် ထားသည်ကို ဖေါ်ပြထားသော "လူဦးရေထိန်းချုပ်ရေး လုပ်ရှားမှု" ခေါင်းစဉ်ဖြင့် မူဝါဒဆိုင်ရာ စာတစ်စောင်ကိုထုတ်ပြန်ခဲ့သည်။[70] ဤမူဝါဒ အမိန့်သည် ရှိဟင်ဂျာများ အိမ်ထောင် မပြုရန်နှင့် တရားဝင်လက်ထပ်ထား သော်လည်း ကလေးများ မမွေးရန် အစိုးရ၏ တားမြစ်သော လုပ်ဆောင်ချက်ကို ဖေါ်ပြနေပါသည်။

(ခ) ဦးသိန်းစိန် အုပ်ချုပ်မှု

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မြန်မာလွှတ်တော်သည် ဦးသိန်းစိန်အား သမ္မတအဖြစ် ခန့်အပ်ခဲ့သည်။ ဦးသိန်းစိန်သည် ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦးဖြစ်ပြီး စစ်အစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ သမ္မတရားထူး လက်ခံသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ရွေးကောက်ပွဲကာလတွင် မြန်မာပြည်သူလူထုက ဦးသိန်းစိန်အား စစ်အုပ်ချုပ်ရေးကို ၁၉၉၂ ခုနှစ်မှ ဦးဆောင်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နီးစပ်သော စစ်တပ်၏ ဗျူရိုကရက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးဟု သဘောထားခဲ့ကြသည်။[71] အဘယ်ကြောင့်ဆိုသော် အာဏာလွှဲမည့် စစ်အစိုးရသည် ၂၀၁၀ ခုနှစ် ပါလီမန်ရွေးကောက်ပွဲအား ခြယ်လှယ်ခဲ့ကြပြီး အရပ်သားအစိုးရသစ်ကို စစ်တပ်မှ ဆက်လက်၍ ထိရောက်စွာ ထိမ်းချုပ်မည်ကို လေ့လာသူများက မျော်လင့်ထားခဲ့သည်။[72]

အစိုးရသစ်ဖွဲ့စည်းပြီးသည်နှင့် သမ္မတဦးသိန်းစိန်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်တိုက် ပြဋ္ဌာန်းနိုင်ရန် တွန်းအားပေးခဲ့သည်။ အစိုးရသစ်မှ အတိုက်အခံနိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ပေးနိုင်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။[73] နိုင်ငံရေးအကျဉ်းသား ၅၀၀ ကျော်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၂

---

[64] Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 24. *ကိုကြည့်ပါ။*

[65] Irish Centre for Human Rights ၏ *Crimes Against Humanity* အထက်ပါ မှတ်ချက် 17, pp. 127-28; Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 31 *ကိုကြည့်ပါ။*

[66] Myanmar Penal Code *မြန်မာရာဇသတ်ကြီး* § 188.

[67] Irish Centre for Human Rights ၏ *Crimes Against Humanity* အထက်ပါ မှတ်ချက် 17, pp. 125-31; Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 31 *ကိုကြည့်ပါ။*

[68] Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 24 *ကိုကြည့်ပါ။*

[69] *Ibid.*, p. 28.

[70] *Ibid.*, p. 29.

[71] Thomas Fuller ၏ "Parliament Picks Insider as President," *N.Y. Times* (Feb. 4, 2011), http://www.nytimes.com/2011/02/05/world/asia/05myanmar.html.

[72] Priscilla Clapp, United States Institute of Peace, *Myanmar: Anatomy of a Political Transition*, Special Report No. 369, p. 2 (Apr. 2015) *ကိုကြည့်ပါ။* http://www.usip.org/sites/default/files/SR369-Myanmar-Anatomy-of-a-Political-Transition.pdf.

[73] အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာန၊ ဒီမိုကရေစီ၊ လူအခွင့်အရေးနှင့် အလုပ်သမား ဗျူရိုး၏ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ လူအခွင့်အရေး အလေ့အကျင့် အစီရင်ခံစာ p. 25, http://www.state.gov/j/drl/rls/hrrpt/humanrightsreport/index.htm?dlid=186263#sthash.yL8W1ZL0.dpuf.

ခုနစ် ဇန္နဝါရီလအတွင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီး၊[74] သတင်းမီဒီယာများအား အစိုးရမှ ဆင်ဆာတည်း ဖြတ်မှုကိုလည်း အလျော့ပေးခြင်းများ ပြုလုပ်ခဲ့သည်။[75] သို့သော်လည်း တချိန်တည်းမှာပင် အစိုးရသစ်သည် တိုင်းရင်းသား လူနည်းစုများအပေါ် အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူး လွန်ခဲ့သည်။[76]

ယခင်စစ်အစိုးရနှင့် ဦးသိန်းစိန်၏ အုပ်ချုပ်မှု အသစ်လက်အောက်တွင် ရိုဟင်ဂျာများသည် ခွဲခြားဆက်ဆံမှုများနှင့် သတ်ဖြတ်ခံရခြင်း၊ အဓမ္မလုပ်အားပေး ခိုင်းစေခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံသားဖြစ်ရန် ငြင်းပယ်ခံရခြင်း၊ ရွှေ့ပြောင်းခံရခြင်းနှင့် လုပ်ရှားသွားလာမှု၊ အိမ်ထောင်ပြုမှုနှင့် ဘာသာရေး ကန့်သတ်ခံရခြင်း အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံခဲ့ရသည်။ ၎င်းမူဝါဒများနှင့် အကြမ်းဖက် လုပ်ဆောင်မှုများသည် စစ်အစိုးရ အုပ်ချုပ်မှု အောက်တွင် အစပြုခဲ့သော်လည်း ဦးသိန်းစိန်၏ အုပ်ချုပ်မှုအောက်အထိ ဆက်လက်တည်ရှိ ခဲ့သည်။

(၁) မတရား ထိမ်းသိမ်းခံရခြင်း

ဦးသိန်းစိန် အုပ်ချုပ်မှုအောက်တွင် နစက အပါအဝင် နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများအား မတရား ဖမ်းဆီးပြီး ထိန်းသိမ်းခဲ့ကြသည်။[77] အစီရင်ခံစာများအရ ရိုဟင်ဂျာများရှိရာ ရွာထဲသို့ မခွဲခြားဘဲ ဖမ်းဆီးရန် စစ်သားများ ဝင်လာတတ်ကြသည်။[78] ဥပမာအားဖြင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ Human Rights Watch မှ မှတ်တမ်းတင် ထားရာတွင် ၂၀၁၁ တွင် နစက သည် ရိုဟင်ဂျာ ၂၀၀၀ မှ ၂၅၀၀ ဦးကို ခွင့်ပြုချက်မရဘဲ မိမိအိမ်များ ပြင်ဆင်ခဲ့မှုအတွက် ထိန်းသိမ်းခဲ့သည်။[79] ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးမှ ဖေါ်ပြရာတွင် စစ်သားများက သူ၏မိသားစုနှင့် အိမ်နီးနားခြင်းများအား မိမိကိုယ်ကို "ဘင်္ဂလီ" ဟု သန်းခေါင်းစာရင်း ပုံစံတွင် ဖေါ်ပြရန် ငြင်းဆိုခဲ့သောကြောင့် ဖမ်းဆီး ခဲ့သည်။[80] နိုင်ငံ၏လုံခြုံရေးတပ်များသည် မကြာခဏ ဒေသခံအာဏာပိုင်များအား ရွေးနုတ်ကြေး(ပြန်ရွေးငွေ) မပေးမချင်း ပြန်လွတ်ပေးရန်ငြင်းဆိုခဲ့ကြသည်။[81]

(၂) အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်း

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်သည် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုကို တားမြစ်သည့် အမျိုးသားဥပဒေတွင် ပိုမိုခိုင်မာစွာ ပြဋ္ဌာန်းနိုင်ရန် မြန်မာလွှတ်တော်ကို တိုက်တွန်းခဲ့သည်။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတွင် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု ပပျောက်ရေး ပူးတွဲဆောင်ရွက်မှုအစီအစဉ် တစ်ရပ်ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက် နေ့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။[82] ဤလုပ်ငန်းစဉ်အား စတင်အကောင်အထည်ဖော် ပြီးနောက် ၂၀၁၃ ခုနှစ် (ILO) အစီရင်ခံစာအရ တစ်နိုင်ငံလုံး

---

[74] Testimony by Kurt M. Campbell, United States Assistant Secretary of State, Bureau of East Asian and Pacific Affairs, Statement Before the House Committee on Foreign Affairs Subcommittee on Asia and the Pacific, U.S. Policy Toward Burma (Apr. 25, 2012).

[75] အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာန၊ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ၊ အထက်ပါ မှတ်ချက် 73, p.16 ကိုကြည့်ပါ။

[76] အစိုးရသစ်၏ ဒီမိုကရေစီ အပြောင်းအလဲအတွင်း ကချင်ပြည်နယ်တွင် လူ့အခွင့်အရေး အခြေအနေများ အလွန်အမင်း ပိုမိုဆိုးဝါးလာခဲ့သည်။ ကချင်လူမျိုးများသည် ခရစ်ယာန်ဘာသာ အများစုကိုးကွယ်သော တိုင်းရင်းသား လူနဲစု တစ်ခုဖြစ်သည်။ မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်တို့အကြားချုပ်ဆိုခဲ့သော အပြစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည်ကျိုးပျက်ခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လမှ စ၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ကချင်အရပ်သားများကို တိုက်ခိုက်သော တိုက်ပွဲများ ဖြစ်ပွားနေသည်။ Fortify Rights ၏ *"I Thought They Would Kill Me": Ending Wartime Torture in North Myanmar*, pp. 27-28 (June 2014) ကိုကြည့်ပါ။ http://www.fortifyrights.org/downloads/Fortify%20Rights_Myanmar_9_June_2014.pdf.

[77] The Arakan Project ၏ *Forced Labour Still Prevails: An Overview of Forced Labour Practices in North Arakan, Burma*, p. 2 (May 30, 2012), http://www.burmalibrary.org/docs13/AP-Forced_Labour_prevails.pdf ကိုကြည့်ပါ။

[78] *Ibid.*, pp. 11, 13.

[79] Human Rights Watch ၏ *The Government Could Have Stopped This* အထက်ပါ မှတ်ချက် 23, p. 16 ကိုကြည့်ပါ။

[80] Fortify Rights ၏ Confidential Research and Report, p. 12 16 ကိုကြည့်ပါ။

[81] The Arakan Project ၏ *Forced Labour Still Prevails* အထက်ပါ မှတ်ချက် 77, p. 2 ကိုကြည့်ပါ။

[82] Testimony by Kurt M. Campbell, U.S. Policy Toward Burma အထက်ပါ မှတ်ချက် 74 ကိုကြည့်ပါ။

အတိုင်းအတာဖြင့် စစ်တပ်နှင့် အရပ်သားများအား အဓမ္မလုပ်အားပေးခိုင်းစေမှုများ သိသိသာသာလျော့ပါး သွားသော်လည်း ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်ရှိနေကြောင်းဖေါ်ပြထားပါသည်။[83]

ရခိုင်ပြည်နယ်တွင် အဓမ္မလုပ်အားပေး ခိုင်းစေမှုများ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဆက်လက် ဖြစ်ပွားနေသည်။[84] နိုင်ငံ၏လုံခြုံရေးတပ်ဖွဲ့များမှ ရိုဟင်ဂျာများကို ကင်းစောင့်တာဝန်ပေးခြင်း၊ လမ်းပြင်ခိုင်းခြင်း၊နှင့် "စခန်းနှင့်ပါတ်သက်သော အလုပ်များ" အပါအဝင် အဓမ္မလုပ်အားပေး ခိုင်းစေခဲ့သည်။[85] ၂၀၁၄ ခုနှစ် ဇန္နဝါရီလမှ ဖွန်လ အတွင်း ရိုဟင်ဂျာအမျိုးသား ၆၀၀၀ ကျော်နှင့် ကလေး ၂၀၀၀ ကျော်တို့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မြန်မာအာဏာပိုင်များ အတွက် အဓမ္မလုပ်အားပေးခဲ့ရသည်။[86] "ကျွန်တော်ငယ်ငယ်လေးနဲ့ ကျောင်းတက် နေချိန် ကတည်းက ရဲ (နှင့်စစ်သားများ) မှ လုပ်အားပေးရန် အဓမ္မခေါ်ဆောင်သွား တတ်ပါတယ်" မလေးရှားနိုင်ငံတွင် ယခု နေထိုင်နေသည့် ရိုဟင်ဂျာက ဖေါ်ပြခဲ့သည်။ ဤအရာများ မြန်မာနိုင်ငံတွင် ဆက်လက် ဖြစ်ပွားနေဆဲဖြစ်သည်။[87] ထိုအဓမ္မခိုင်းစေမှုများ၏ ၉၈% ကိုမြန်မာစစ်တပ်က ကျူးလွန်ခဲ့ကြသည်။[88] မြန်မာနိုင်ငံလူ့အခွင့်အရေး ကောင်စီ၏ Universal Periodic Review ထံ တင်ပြခဲ့သော ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် Fortify Rights မှ မြန်မာ စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များသည် ၂၀၁၂ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကလေးများ အပါအဝင် ထောင်နှင့်ချီသော ရိုဟင်ဂျာများကို အဓမ္မခိုင်းစေခဲ့ ပါသည်ဟု စွပ်စွဲထားပါသည်။[89]

(၃) လိင်မှုဆိုင်ရာ အကြမ်းဖက်မှု

မြန်မာတပ်မတော်၊ နစက၊ မြန်မာရဲတပ်ဖွဲ့ နှင့် ရခိုင်ရွာသားများသည် ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးများကို အဓမ္မပြုကျင့်ပြီး လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။[90] သူတို့သည် အမျိုးသမီးများအား အဓမ္မလုပ်အားပေးခိုင်းစေရန် ခေါ်ဆောင်သွားသည့်အချိန်တွင် မကြာခဏ တိုက်ခိုက်ခဲ့ကြပြီး အမျိုးသမီးများ၏ အကာအကွယ်ပေးမည့် ဆွေးမျိုးယောကျ်ားများ အဓမ္မလုပ်အားပေးသွားသည့် အချိန်တို့တွင် တိုက်ခိုက်ခံခဲ့သည်။[91] သူနှင့်အတူ ကင်းစောင့်နေချိန်တွင် နစက အဖွဲ့ဝင်တစ်ဦးမှ မိမိကလေးရှေ့မှာပင် အဓမ္မပြုကျင့်ခဲ့ကြောင်း ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးက ဖေါ်ပြခဲ့သည်။[92] မိမိတို့အိမ်ထောင်မှ လုပ်ဆောင်ရမည့် အဓမ္မခိုင်းစေမှုတာဝန်များကို မလုပ်ပေးနိုင်ပါက ဂလဲ့စားခြေသည့်အနေဖြင့် စစ်တပ်အုပ်စုများမှ အမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့သည်။[93] ၁၉၉၀ ခုနှစ်မှစ၍ မြန်မာစစ်တပ်သည် မွတ်စလင်အမျိုးသမီးများအား လိင်ကျေးကျွန်အဖြစ် အသုံးပြုခဲ့သည်။[94] ရိုဟင်ဂျာများက အမျိုးသမီးများကို စစ်စခန်းတွင် ရက်သတ္တပါတ်ပေါင်း များကြာစွာ ထိန်းသိမ်းချိန်အတွင်း အဓမ္မပြုကျင့်ခံရပြီး၊

---

[83] ILO မြန်မာဆက်ဆံရေးရုံး ၏*Report on ILO Activities in Myanmar*, GB.320/INS/6(Rev.) (Feb. 20, 2014), para. 20 ကိုကြည့်ပါ။

[84] *Reuters* (July 2, 2015) သတင်း၏ Aubrey Belford နှင့် Soe Zeya Tun တို့ရေးသားသော"Forced Labor Shows Back-Breaking Lack of Reform in Myanmar Military" http://www.reuters.com/article/2015/07/02/us-myanmar-rohingya-forcedlabour-idUSKCN0PC2L720150702 ကိုကြည့်ပါ။

[85] Human Rights Watch ၏ *All You Can Do Is Pray* အထက်ပါ မှတ်ချက် 20, p. 63 ကိုကြည့်ပါ။

[86] Internal U.N. Document on Forced Labor (Jan. 2014 - June 2014) (with Fortify Rights ၏ ဖိုင်တွင်ရှိသည်).

[87] Fortify Rights ၏ Confidential Research and Report အထက်ပါ မှတ်ချက် 80, p. 15 ကိုကြည့်ပါ။

[88] *Ibid.*

[89] Fortify Rights ၏ *ကုလသမဂ္ဂ Universal Periodic Review* တွင် တင်သွင်းသော *Myanmar, 23rd Session, November 2015* (Mar. 21, 2015), http://www.fortifyrights.org/downloads/FR_UPR%20Submission_September_2015.pdf.

[90] Human Rights Watch ၏ *All You Can Do Is Pray* အထက်ပါ မှတ်ချက် 20, pp. 16 ကိုကြည့်ပါ။ 143; Human Rights Watch, *The Government Could Have Stopped This*, *see above* note 23, p. 30 ကိုကြည့်ပါ။

[91] Irish Centre for Human Rights ၏ *Crimes Against Humanity*, *see above* note 17, p. 74 ကိုကြည့်ပါ။

[92] *Ibid.* (citing a Bangladeshi's testimony collected by the organization); U.N. Commission on Human Rights ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ, U.N. Doc. E/CN. 4/1993/37 (1993), para. 77 (reporting that women have been raped in front of their family members).

[93] Irish Centre for Human Rights ၏ *Crimes Against Humanity* အထက်ပါ မှတ်ချက် 17, p. 74 ကိုကြည့်ပါ။

[94] U.N. Commission on Human Rights ၏ *Report of the Special Rapporteur (1993)* အထက်ပါ မှတ်ချက် 92, para. 77 ကိုကြည့်ပါ။

အခြားနိုပ်စက်မှုများ ခံရသည်ဟု ဖြစ်ရပ်များဖြင့် ဖေါ်ပြထားပါသည်။[95] အုပ်စုလိုက် အဓမ္မမုဒိမ်းပြုကျင့်မှုကြောင့် အမျိုးသမီးတစ်ချို့သေဆုံးခဲ့ရသည်။[96]

ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ၏ အဓမ္မပြုကျင့်ခံရမည်ကို ကြောက်ရွံ့၍ ရိုဟင်ဂျာအမျိုးသမီးများ မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။[97] စစ်တပ်မှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်တန်းသော သူများအား ရိုက်နက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည်။[98] အဆိုပါပြစ်မှုကျူးလွန်သူများအား အပြစ်ပေးခြင်း မရှိခဲ့ပေ။[99]

(၄) လွတ်လပ်စွာ သွားလာမှု ကန့်သတ်ခံရခြင်း

မြန်မာအစိုးရသည့် ရိုဟင်ဂျာများ လွတ်လပ်စွာ သွားလာခွင့်ကို တင်းကျပ်ထားသည်။ မြန်မာနိုင်ငံအတွင်း ခရီးသွားလာခွင့်ပေးရာတွင် မြန်မာအစိုးရသည် ရိုဟင်ဂျာများအား နိုင်ငံခြားသားများအဖြစ် သတ်မှတ်ထားဆဲဖြစ်သည်။[100] စာတွေ့အရ ရိုဟင်ဂျာများသည် ၁၉၄၀ ခုနှစ် နိုင်ငံခြားသား ဥပဒေကိုလိုက်နာရမည်။ ဥပဒေအရ နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာနိုင်ရန်အတွက် သူ သို့မဟုတ် သူမ၏ အမည်နှင့်ဓါတ်ပုံပါ သော ထောက်ခံစာတစ်စောင် လိုအပ်သည်။[101] ထိုထောက်ခံစာပြုလုပ်ရန်အတွက် အခကြေးငွေနှင့် လာဘ်ငွေပေးရန် များစွာသောရိုဟင်ဂျာတို့သည် ငွေကြေးမတတ်နိုင်ကြပေ။[102] သို့သော်လည်း လက်တွေ့တွင်မူ ရိုဟင်ဂျာများ မည်သည့်အထောက်အထားများကိုင်ဆောင်ထားပါစေ အာဏာပိုင်များမှ ရခိုင်ပြည်နယ်အတွင်း ၎င်းတို့၏သွားလာမှုကို လုံးဝကန့်သတ် ထားပါသည်။[103]

နိုင်ငံနှင့် ပြည်နယ်အဆင့် ဒေသဆိုင်ရာ အာဏာပိုင်များသည် ရိုဟင်ဂျာများအတွက် ပို၍လိုအပ်ချက်များ သတ်မှတ်ထားသည်။ ဒေသဆိုင်ရာအမိန့် အမှတ် ၁/၂၀၀၉ အရ ရိုဟင်ဂျာများ ရခိုင်ပြည်နယ်အတွင်း ခရီးမသွားမီ ရက်သတ်တစ်ပါတ် ကြိုတင်ခွင့်တောင်းရန် လိုအပ်ပါသည်။[104] လက်တွေ့တွင်မူ ခွင့်ပြုချက်ကို ပေးခဲပြီး၊ ရိုဟင်ဂျာ အနေငယ်သာ တတ်နိုင်သောတန်ဖိုး(လာဘ်ငွေ)ဖြင့် လဲလှယ်ရပါသည်။ အခကြေးငွေနှင့် လာဘ်ငွေပေးရန်

---

[95] Fortify Rights ၏ Confidential Research and Report အထက်ပါ မှတ်ချက် 80, pp. 12-13 ကိုကြည့်ပါ။

[96] U.N. Commission on Human Rights ၏ *Report of the Special Rapporteur on Violence Against Women, Its Causes and Consequences*, *Yakin Ertürk*, U.N. Doc. E/CN.4/2006/61/Add.1 (2006), para. 118. ကိုကြည့်ပါ။

[97] အသက် ၁၈ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးက ပြောရာတွင် "စစ်သားများသည် တစ်ခါတရံ ကျွန်မတို့ရွာကိုလာပြီး အိမ်ထဲဝင်လာပါတယ်။ အိမ်ထဲမှာ အမျိုးသမီးငယ်လေးတွေကို တွေ့တယ်ဆိုရင် သူတို့စခန်းတွေဆီကိုခေါ်သွားပါတယ်။ တစ်ချို့အမျိုးသမီးတွေဆို ပြန်မလွတ်ခင် တစ်လလောက်ဖမ်းထားခံရပါတယ်။ ဒီလိုအဖြစ်အပျက်မျိုး ကျွန်မတို့ရွာက အမျိုးသမီး ၁၀ ယောက်လောက်ကြုံတွေ့ရတယ်လို့ ကြားဖူးခဲ့ပါတယ်။ စစ်သားတွေဟာ အမျိုးသမီးတွေကို ထိတယ်၊ နှိပ်စက်ကြပါတယ်။ သူတို့အထဲက သုံးယောက်ကတော့ အခါမှပြန်မလာတော့ပါဘူး၊ သူတို့ရဲ့ အလောင်းတွေကို ပင်လယ်ထဲပြစ်လိုက်ကြတယ် လို့ကျွန်မကြားရခဲ့ပါတယ်။ ပြန်လွတ်လာတဲ့ တခြားအမျိုးသမီးတွေ ပြောတာက တော့ စစ်သားတွေက အဓမ္မလိင်ဆက်ဆံခိုင်းပြီး ရိုက်နက်ပါတယ် လို့ပြောပါတယ်။ အဲဒီအမျိုးသမီးတွေက ၁၉ ကနေ ၂၂ နှစ်အရွယ်တွေဖြစ်ပြီး တစ်ရောက်ကတော့ ကျွန်မအိမ်နဲ့ မဝေးတဲ့နေရာမှာ နေပါတယ်။ အဲဒီလိုမျိုး ကျွန်မကို ဖြစ်လာမှာ ကိုအမြဲတမ်း ပုံပင်ခဲ့ရပါတယ်။ စစ်တပ်ဟာ ရွာကို အမြဲလာပြီ လူတွေကို ဖမ်းနေခဲ့တဲ့အတွက် ကျွန်မရဲ့ရွာမှာ မနေရဲပါဘူး။" Fortify Rights ၏ အင်တာဗြူး အမှတ် #77 ကွာလာလမ်ပူ၊ မလေးရှား (Sept. 2014).

[98] U.N. Commission on Human Rights ၏ *Report of the Special Rapporteur on Violence Against Women*, အထက်ပါ မှတ်ချက် 96, para. 123 ကိုကြည့်ပါ။

[99] U.N. Committee on the Elimination of Discrimination against Women ၏ *Concluding Observations of the Committee on the Elimination of Discrimination against Women - Myanmar*, U.N. Doc. CEDAW/C/MMR/CO/3 (2008), para. 24.

[100] Fortify Rights ၏ အင်တာဗြူး အမှတ် #05, ကွာလာလမ်ပူ၊ မလေးရှား (Aug. 2014); Fortify Rights ၏ အင်တာဗြူး အမှတ် #28 , ဘာစာရာရွာ၊ စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ (Oct. 2013); Fortify Rights, Interview #74, Puchong, Malaysia (Sept. 2014); Fortify Rights, Interview #77, Kuala Lumpur, Malaysia (Sept. 2014); Fortify Rights ၏ အင်တာဗြူး အမှတ် #81, ပူချောင်၊ မလေးရှား (Sept. 2014); Fortify Rights ၏ အင်တာဗြူး အမှတ် #92, စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ (Mar. 2015); Fortify Rights ၏ အင်တာဗြူး အမှတ် #93, စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ (Mar. 2015); Fortify Rights ၏ အင်တာဗြူး အမှတ် #95, စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ (Mar. 2015).

[101] Myanmar Foreigners Act §§ 10, 12 (1864).

[102] Irish Centre for Human Rights ၏ *Crimes Against Humanity* အထက်ပါ မှတ်ချက် 17, p. 99 ကိုကြည့်ပါ။

[103] *See, for example*, Fortify Rights ၏ အင်တာဗြူး အမှတ် #123-136, စစ်တွေ၊ ရခိုင်ပြည်နယ်၊ မြန်မာ (2013-2015) ကိုကြည့်ပါ။

[104] Confidential U.N. Internal Memorandum (Apr. 2013) (Fortify Rights တွင်ရှိသောဖိုင်); Fortify Rights ၏ *Policies of Persecution*, အထက်ပါ မှတ်ချက် 59, p. 33 ကိုကြည့်ပါ။

တတ်နိုင်သော ရိုဟင်ဂျာသည် မြို့နယ် ၂ ခုအတွင်း ခရီးသွားခွင့်ကို "ပုံစံ-၄" ဟုခေါ်သော လျောက်လွှာဖြင့် ခွင့်ပြုချက် တောင်းရသည်။[105]

သူတို့သည် အခြားမြို့သစ်တစ်ခု ရောက်သည်နှင့် ရောက်ရှိကြောင်းကို လူဝင်မှုကြီးကြပ်ရေးအရာရှိများထံ မှတ်ပုံတင်ရသည်။[106] လူဝင်မှုကြီးကြပ်ရေး အရာရှိများထံ သတင်းပို့ရန် ပျက်ကွက်ပါက ပြစ်မှုတခုပြစ်ဖြစ်သည်။[107] ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရိုဟင်ဂျာများ မိမိရွာများပြင်ပသို့ ခရီးထွက်မည်ဆိုပါက ခွင့်တောင်းရန် လိုအပ်ချက်ကို အစိုးရမှ ဆက်လက်ကန့်သတ်ထားခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုမှ လွတ်တော်သို့ ပြောကြားရာတွင် "ဥပဒေအရ ဘင်္ဂလီများ ခရီးသွားလာခြင်းကို ကိုင်တွယ်ရန် နစကမှ စည်းမျဉ်းများ(ရိုဟင်ဂျာအား) တင်းကျပ်နေသည်"။[108] ရန်ကုန်သို့သွားရန် အတွက် တရားဝင် ခရီးသွားခွင့် ကိုတောင်းခံနိုင်သော်လည်း မြန်မာကျပ်ငွေ ၁၅ သိန်း (အမေရိကန်ဒေါ်လာ ၁၁၆၇) အထိ အာဏာပိုင်များအား ပေးဆောင်ရသဖြင့်၊ ၄င်းမြင့်မားလှသော ငွေကြေးပမာဏအတွက် သာမန် ရိုဟင်ဂျာများသာမက အလယ်အလတ် တန်းစားများအတွက် မဖြစ်နိုင်ပေ။[109] ဤသို့အခြေအနေမျိုးတွင် ရိုဟင်များကို ညှိနှိုင်းခွင့်ပေးထားသော်လည်း ရန်ကုန်တွင် အချိန်တိုတိုသာ နေရပြီး ရခိုင်ပြည်နယ်သို့ ပြန်လာရန် လိုအပ်သည်။[110]

(၅) အိမ်ထောင်ပြုမှတ်ပုံတင်ခြင်း ကန့်သတ်ချက်များ နှင့်လူဦးရေ ထိမ်းချုပ်ခြင်း

ဦးသိန်းစိန်အစိုးရသည် လွတ်လပ်စွာ သွားလာခွင့် အပါအဝင် ရိုဟင်ဂျာလူဦးရေ၊ အိမ်ထောင်ပြုခြင်း၊ ကလေး မွေးဖွားခြင်းနှင့် အခြားနေ့စဉ်တရုဝဝလုပ်ရှားမှုများကိုထိန်းချုပ်ရန် မူဝါဒများကို ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ The International Crisis Groupမှသတင်း ထုတ်ပြန်ခဲ့ရာတွင် ရခိုင်တိုင်းရင်းသားများနှင့် အစိုးရအရာရှိများသည် ကြီးမားလာသော မွတ်စလင်လူဦးရေက ဗုဒ္ဓဘာသာအများစုလူဦးရေ၏ နိုင်ငံရေးနှင့် စီးပွားရေးအာဏာကို လုယူမည်ကို ကြောက်ရွံ့ကြသည်ဟုဖေါ်ပြထားသည်။[111] ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းမှ လွတ်တော်တွင် ထုတ်ဖေါ်ပြောကြားရာတွင် ရိုဟင်ဂျာ လူဦးရေသည် အလွန်သိပ်သည်း မှုရှိလာပြီး၊ သူတို့(ရိုဟင်ဂျာ)၏ ကလေးမွေးဖွားနှုန်းမှာ အပြည်ပြည်ဆိုင်ရာ သတ်မှတ်နှုန်းထက် ကျော်လွန်ကာ အလွန်အမင်း အန္တရာယ်ရှိစွာ မြန်ဆန်နေသည်ဟုပြောကြားခဲ့သည်။[112] စစ်လေ့ကျင့်ရေးသင်တန်း power point ဆလိုက် တစ်ခုတွင် "လူမျိုးပျောက်မှာကို ကြောက်သည်" ခေါင်းစဉ်တွင် မြန်မာနိုင်ငံတွင် မွတ်စလင်လူဦးရေသည် ဗုဒ္ဓဘာသာ လူဦးရေထက် ကျော်လွန်သွားမည့် ကြောက်စိတ်ကိုဖေါ်ပြထားသည်။[113] အဆိုပါ ဆလိုက်တခုတွင် "ဘင်္ဂလီမွတ်စလင်...သူတို့၏ ဘာသာတရား ပြန့်ပွားရန် လူဦးရေဖြင့် ထိုးဖေါက်နေသည်ဟု ဖေါ်ပြထားသည်။ သူတို့၏ လူဦးရေကို မတရားသော ရွှေ့ပြောင်းခြင်းဖြင့် တိုးတက်စေသည်။

သူတို့၏ လူဦးရေများသည် ရန်ကုန်၊ မန္တလေးနှင့်အခြားမြို့ကြီးများတွင် တိုးပွားနေသည်။[114] ရိုဟင်ဂျာအများစု နေထိုင်သည့် မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များတွင် အစိုးရမှ ကလေး ၂ ဦးသာ ယူရမည့် မူဝါဒ အပါအဝင် လူဦးရေ ထိန်းချုပ်မှု ကိုချမှတ်ထားသည်။

---

[105] Fortify Rights ၏ (2013-2015) တွင် ရိုဟင်ဂျာ၊ ကမန်၊ ရခိုင်နှင့် မြန်မာရဲတပ်ဖွဲ့ဝင်များ ဖြင့် အင်တာဗြူး ထားသည်။

[106] Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 33 ကိုကြည့်ပါ

[107] *Ibid.*

[108] *Ibid.*, p. 20.

[109] Fortify Rights ၏ အင်တာဗြူး အမှတ် #126, စစ်တွေ၊ ရခိုင်ပြည်နယ်(Aug. 18, 2015) ၏ နမူနာကို ကြည့်ပါ။

[110] *Ibid.*

[111] International Crisis Group ၏ *Myanmar: The Politics of the Rakhine State*, p. 15 (Oct. 22, 2014), http://www.crisisgroup.org/~/media/Files/asia/south-east-asia/burma-myanmar/261-myanmar-the-politics-of-rakhine-state.pdf.

[112] Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 20 ကိုကြည့်ပါ။

[113] နေပြည်တော်ဒေသကြီး စစ်ဌာနချုပ်၊ ဗိုလ်တိုးနိုင်ဝံ၏ သင်တန်းစာ "အမျိုးပျောက်သွားမှာ ကြောက်တယ်" (Oct. 26, 2012) (Al Jazeera ၏ စုံစမ်းစစ်ဆေးရေး ယူနစ်ဖိုင်).

[114] *Ibid.*

ကလေး ၂ ဦး မူဝါဒသည် ကလေး ၂ ဦးရထားသော အမျိုးသမီးများနှင့် တရားဝင် လက်မထပ် ရသေးသော အမျိုးသမီးများအား ကိုယ်ဝန်ဖျက်ချရန် ဖြစ်စေသည်။[115] ကိုယ်ဝန်ဖျက်ချခြင်းသည် မြန်မာနိုင်ငံတွင် တရားမဝင် သောကြောင့် အမျိုးသမီးများကို မလုံခြုံသောအန္တရာယ်ရှိ ကိုယ်ဝန်ဖျက်ချမှုကိုပြုလုပ်စေရန် ဖြစ်နေသည်။[116] ဤကဲ့သို့ ကိုယ်ဝန်ဖျက်ချသောအမျိုးသမီးများ အသည်းအသန် နေထိုင်မကောင်းခြင်း ဖြစ်ကြရသည်။[117] အချို့သော အမျိုးသမီးများသည် ကိုယ်ဝန် မဖျက်ချလိုသဖြင့် ဘင်္ဂလားဒေ့ချ်နိုင်ငံသို့ သွားရောက် ကလေးမွေးပြီး ၄င်းနေရာတွင် ထားရစ်ခဲ့ကြကာ မြန်မာပြည်သို့ ပြန်လာကြသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်သို့ ပြန်လာသည့်အခါ နစက အာဏာပိုင်များထံမှ မလိုလားအပ်သည့် နောက်တွဲရန်မှ ရှောင်ရှားရန်ဖြစ်သည်။[118] ရှိဟင်ဂျာ ကလေးမွေးနှုန်းကို ထိန်းချုပ်ရန်နှင့် လူဦးရေလျော့ချရန် အစိုးရ၏ ပန်းတိုင်များဖြစ်ကြောင်း အစိုးရမှ သဘောပေါက် နားလည်မှုကို အဆိုပါ သာဓကများမှ ရှောင်ပြန်ဟပ်စေပါသည်။

(ဂ) ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်

ရခိုင်ပြည်နယ်ရှိ တင်းမာမှုများသည် ၂၀၁၂ ခုနှစ်တွင် ပွက်ပွက်ဆူသည့် အဆင့်တစ်ခုသို့ ရောက်ခဲ့သည်။ မေလ ၁၈ ရက်နေ့ တွင် အသက် ၂၇ နှစ်အရွယ် ရခိုင်ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးဖြစ်သူ မသီတာထွေးသည် ရမ်းဗြဲမြို့နယ်တွင် လုယက်၊ အဓမ္မပြုကျင့်ခံရပြီး အသတ်ခံခဲ့ရသည်။ ဒေသခံများမှ မွတ်စလင် ၃ ဦးအား သံသယရှိခဲ့ပြီး အာဏာပိုင်များမှ သူတို့အားချက်ချင်း ဖမ်းဆီးခဲ့သည်။ ဒေသခံရခိုင် လူပ်ရှားသူများက ရာဇဝတ်မှု အသေးစိတ်ကို ဖေါ်ပြသည့် လက်ကမ်းစာစောင် တစ်စောင် ထုတ်ဝေခဲ့ပြီး ရှိဟင်ဂျာမွတ်စလင်များကို စွပ်စွဲအပြစ်တင်ထားကာ လက်စားချေရန် တောင်းဆိုခဲ့သည်။ ဒေသခံသာမန်ရခိုင်များမှ ၄င်းလက်ကမ်း စာစောင်များကို ပြည်နယ် တစ်လျှောက်လုံး ဖြန့်ဝေခဲ့ကြသည်။[119] အမည်မသိ အင်တာနက်အသုံးပြုသူသုံးများမှ မသီတာထွေး၏ သေဆုံးနေသည့်ပုံအား အင်တာနက် ပေါ်တင်လိုက်ကာ မြန်မာတစ်နိုင်ငံလုံးရှိ မွတ်စလင်များအား ပြန်လည် အပြစ်ဒဏ်ပေးရန် တောင်းဆိုကြသည်။[120] အစိုးရသတင်းစာများက တနိုင်ငံလုံးရှိ မွတ်စလင်များကို ဖေါ်ပြရန်အတွက် တောင်အာရှသားများအား ခေါ်ဝေါ်သည့် မလေးစားသည့် အသုံးအနှုန်း ဖြစ်သည့် "မွတ်စလင် ကုလား"[121]ဟူသော ဝေါဟာရကို အသုံးပြုခဲ့သည်။[122]

ဇွန်လ ၃ ရက်နေ့တွင် မသီတာထွေးအသတ်ခံရမှုအတွက် ဂလဲ့စားခြေရန် ရခိုင်အယောက်၃၀၀ ရှိ လူစု တစ်စုသည် တောင်ကုတ် အစိုးရ စစ်ဆေးရေး ဂိတ်တစ်ခုတွင် မွတ်စလင်ခရီးသည်များပါဝင်သည့် ဘတ်စ်ကားတစီးကို ဝိုင်းရံခဲ့သည်။ ၄င်းလူစုမှ ကားပေါ်တွင် ပါလာသည့် မွတ်စလင် ၁၀ ဦးအား ကားပေါ်မှ ဆင်းခိုင်းကာ သေသည်အထိ ရိုက်နှက်ခဲ့သည်။[123] အနီးရှိ ရဲနှင့်စစ်သားများအပါဝင် ရာနှင့်ချီသောလူများ ၄င်းတိုက်ခိုက်မှုအား သက်သေအဖြစ် မြင်တွေ့ခဲ့ကြသည်။ ရဲနှင့်စစ်သားများ ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့ပေ။[124] ၃ ရက်ကြာပြီး နောက် သမ္မတဦးသိန်းစိန်မှ

[115] Fortify Rights ၏ *Policies of Persecution* အထက်ပါ မှတ်ချက် 59, p. 28 ကိုကြည့်ပါ။

[116] *Ibid.*

[117] *Ibid.*

[118] *Ibid.*

[119] Human Rights Watch ၏ *The Government Could Have Stopped This* အထက်ပါ မှတ်ချက် 23, p. 18 ကိုကြည့်ပါ။

[120] Rakhine Commission Report ၏ အထက်ပါ မှတ်ချက် 5, p. 8. ကိုကြည့်ပါ။

[121] ကလာ နှင့် ကုလား ကို အပြန်အလှန် အသုံးပြုနိုင်သည်။ အစိုးရ၏ ရခိုင်ကော်မရှင် အစီရင်ခံစာမှ ဖေါ်ပြပါအတိုင်း ရှင်းလင်းတင်ပြထားရာတွင် "ဗမာ (မြန်မာ)များသည် ကလာ နှင့် ကုလား ကို အစဉ်အလာအရ အနောက်ဖက်ရှိ နိုင်ငံခြားသားများ ကိုခေါ်ဆိုရန် သုံးခဲ့ပါသည်။ ဗြိတိသျှ ကို မူလက ကုလားဖြူ (ကုလားဖြူ) ဟုခေါ်ပြီး၊ မကြာမြင့်မီ ယခုခေါ်တဲ့ အချိန်အခါ အခေါ်အဝေါ် အရ မြန်မာလူမျိုးတို့သည် ကုလား ဆိုသည့် အသုံးအနှုန်းကို အိန္ဒိယ တိုက်ဇင်းမြစ်မှလာသော (အထူးသဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှင့် ပါကစ္စတန်) တို့မှ လာသူများကို ခေါ်ဆိုပါသည်" *Ibid.*, p. 9, fn. 7.

[122] *Ibid.*

[123] *Reuters* သတင်းဌာန၏ (June 8, 2012) တွင် "Four Killed as Rohingya Muslims Riot in Myanmar: Government," http://www.reuters.com/article/2012/06/08/us-myanmar-violence-idUSBRE85714E20120608.

[124] Human Rights Watch ၏ *The Government Could Have Stopped This* အထက်ပါ မှတ်ချက် 23, p. 20. ကိုကြည့်ပါ။

အစိုးရအဆင့်ကော်မတီဖွဲ့ပြီး၊ ရခိုင်ပြည်တွင်ဖြစ်ပွားခဲ့သည့် ကြိုတင်ပြင်ဆင်ထားသည့် "ကြိုတင်စီစဉ်ထားသည့် ဥပဒေမဲ့၊ မင်းမဲ့စရိုက် အပြုအမူများ" ကို စုံစမ်းစစ်ဆေးမည်ဟု ကြေညာခဲ့သည်။[125]

အကြမ်းဖက်မှုများသည် ရခိုင်ပြည်နယ်တစ်လျှောက် လျင်မြန်စွာ ပျံနှံ့သွားခဲ့သည်။ ဇွန်လ ၈ ရက်နေ့တွင် မောင်တောရှိ ရိုဟင်ဂျာများ သောကြာနေ့ ဆုတောင်းပွဲအပြီးတွင် လူအုပ်ဖြင့် ဆူပူကာ ရခိုင်လူမျိုး၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးပြီး အနဲဆုံး ရခိုင် ၇ ဦးကို သတ်ခဲ့သည်။[126] ရိုဟင်ဂျာ နိုင်ငံရေးသမားနှင့် လူပ်ရှားသူတစ်ဦးက ၄င်းအဓိကရုဏ်းအား လုံခြုံရေးတပ်ဖွဲ့များမှ ရိုဟင်ဂျာများအားသတ်ခဲ့သည့် အပေါ်တို့ပြန်မှုဟုခေါ်ဆိုခဲ့သည်။[127] အဓိကရုဏ်းများနှင့် အကြမ်းဖက်မှုများသည် စစ်တွေမြို့နယ်အထိ ပြန်နှံ့လာခဲ့ပြီး၊ ရခိုင်နှင့်ရိုဟင်ဂျာများအကြား ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ခဲ့သည်။ လူသတ်မှုများ၊ ရိုဟင်ဂျာနှင့် ရခိုင်များပိုင်ဆိုင်သည့် အိမ်များနှင့် စီးပွားရေးလုပ်ငန်းများ မီးရို့တိုက်ခိုက် ဖျက်ဆီးခံခဲ့ရသည်။ ပြည်နယ်လုံခြုံရေးတပ်များသည် ၄င်းဆူပူမှုများအား ဝင်ရောက်တားဆီးခြင်း၊ နှစ်ဦးနှစ်ဖက်အား အကာအကွယ် မပေးသည့်အပြင် မွတ်စလင်များကို ဆန့်ကျင်သည့် အကြမ်းဖက်မှုများတွင်ပါဝင်ခဲ့သည်။[128] ထိုအချိန်တွင် ဗုဒ္ဓဘာသာဝင် အမျိုးသားရေး ဝါဒီများသည် ရိုဟင်ဂျာများကို မြန်မာနိုင်ငံနှင့် ရခိုင်ပြည်နယ် တလျှောက် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဇွန်လ ၁၀ ရက်နေ့တွင် ဆန္ဒပြသူဦးရေ ၆၀၀ သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားတွင် စုဝေးပြီး ဘင်္ဂါလီများကို မြန်မာနိုင်ငံမှ ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြသည်။[129]

ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတဦးသိန်းစိန်မှ ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေနေ အဖြစ်ကြေညာပြီး ၄င်းဒေသ၏ အုပ်ချုပ်ရေးယန္တရားများကို စစ်တပ်မှ တာဝန်လွှဲယူရန် အာဏာပေးခဲ့သည်။ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် နေဝင်မှ မိုးသောက်အထိ ညမထွက်ရအမိန့်တစ်ခု ထုတ်ပြန်ခဲ့ပြီး၊ လူဦးရေ ၅ ဦးထက်မပိုသော အများပြည်သူ စုရုံးခြင်းများကို ပိတ်ပင်ခဲ့သည်။[130] သို့သော်လည်း အကြမ်းဖက်မှုများ ဆက်လက် ရှိနေခဲ့သည်။ Human Rights Watchမှ ဖေါ်ပြရာတွင် ရခိုင်နှင့် ရိုဟင်ဂျာ နှစ်ဖက်စလုံး၏ လူစုလူဝေးများမှ အိမ်များ၊ ဈေးဆိုင်များ၊ ဝတ်ပြုရာနေရာများကို တိုက်ခိုက်ခဲ့ကြသည်။[131] အဓိကရုဏ်းများကြောင့် ရိုဟင်ဂျာနှင့် ရခိုင် ၁ သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်စေကာ ယာယီစခန်းများတွင် နေထိုင်ခံခဲ့ရသည်။[132]

အရေးပေါ်အုပ်ချုပ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း မြန်မာတပ်မတော်နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များကို တိုးချဲ့မှု ရှိလာစေခဲ့သည်။ Human Rights Watchမှ ဖေါ်ပြရာတွင် အဓိကရုဏ်းရဲနှင့် အရံတပ်ဖွဲ့ဝင်များသည် Paramilitary ရခိုင်အုပ်စုများနှင့် ပူးပေါင်းကာ ရိုဟင်ဂျာ အသိုင်းအဝိုင်းများကို တိုက်ခိုက်ခဲ့ကြသည်။[133] စစ်တပ်၊ ဒေသခံရဲနှင့် နစက နယ်ခြားစောင့်တပ်ဖွဲ့များမှ လူအင်အားဖြင့် သိမ်းကြုံးပြီး၊ ခွဲခြားသတ်မှတ်မှု မရှိသော အင်အားကို အသုံးပြုကာ ရိုဟင်ဂျာလူဦးရေ ထူထပ်သောနေရာများတွင် ပြစ်မှုကျူးလွန်သည့် သံသယရှိသူများကို ရှာဖွေခဲ့ကြသည်။[134] အစိုးရတပ်များမှလည်း ရိုဟင်ဂျာအမျိုးသားနှင့်ယောကျ်ားလေး ရာပေါင်းများစွာကို မတရားဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများအား ဆက်သွယ်၍မရနိုင်သော နေရာတွင်ထားရှိပြီး နှိပ်စက်ခဲ့သည်။[135] ကုလသမဂ္ဂအဖွဲ့U.N မှလည်း ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာအမျိုးသမီးဦးရေ ၁၀၀ ကျော်အား လုံခြုံရေးတပ်ဖွဲ့များမှ အဓမ္မပြုကျင့်ခဲ့သည့်

---

[125] *Reuters* ၏ "Rohingya Muslims Riot," အထက်ပါ မှတ်ချက် 123. ကိုကြည့်ပါ။

[126] Human Rights Watch ၏ *All You Can Do Is Pray*, အထက်ပါ မှတ်ချက် 20, p. 21 နှင့် Associated Press ၏ "Deadly Riots Raise Muslim-Buddhist Tensions in Myanmar ကိုကြည့်ပါ။" *N.Y. Times* (June 9, 2012) ၏ http://www.nytimes.com/2012/06/10/world/asia/7-die-in-sectarian-riots-in-myanmar.html.

[127] *Reuters* ၏ "Rohingya Muslims Riot," အထက်ပါ မှတ်ချက် 123. ကိုကြည့်ပါ။

[128] Associated Press, ၏ "Burma Ethnic Violence Escalates As Villagers Flee," နှင့် *The Guardian* (June 12, 2012) ၏ http://www.theguardian.com/world/2012/jun/12/burma-ethnic-violence-escalates.

[129] *Radio Free Asia* (June 10, 2012) မှ Kyaw Kyaw Aung နှင့် Parameswaran Ponnudurai တို့၏ "Emergency Declared in Rakhine," သတင်း http://www.rfa.org/english/news/myanmar/emergency-06102012151543.html.

[130] *Al Jazeera* သတင်းဌာန၏ (June 11, 2012) တွင် "Emergency In Myanmar State Following Riots," http://www.aljazeera.com/news/asia-pacific/2012/06/201261014434561157O.html.

[131] Human Rights Watch ၏ *The Government Could Have Stopped This*, အထက်ပါ မှတ်ချက် 23, p. 18. ကိုကြည့်ပါ။

[132] *Ibid.*, p. 19.

[133] *Ibid.*, pp. 1-2, 20.

[134] *Ibid.*, p. 3.

[135] Human Rights Watch ၏ *Burma: Government Forces Targeting Rohingya Muslims* (June 31, 2012), https://www.hrw.org/news/2012/07/31/burma-government-forces-targeting-rohingya-muslims နှင့် Amnesty International ၏ *Abuse Against Myanmar's Rohingya Erodes Recent Progress* (July 19, 2012), http://www.amnestyusa.org/news/press-releases/abuse-against-myanmar-s-rohingya-erodes-recent-progress.

ယုံကြည်ဖွယ်ရာ ခိုင်လုံသော အထောက်အထားများကို မှတ်တမ်းတင်ထားခဲ့သည်။[136] အချို့ဖြစ်ရပ်များတွင် ရခိုင်အရပ်သားများက ရိုဟင်ဂျာ အမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့ကြသည်။ အဓမ္မကျင့်မှုအား မိမိတို့အသိုင်းအဝိုင်းဝင်သူများမှ တိုင်ကြားရန် ကြိုးစားပါကအဖမ်းခံရမည့် အန္တရာယ်နှင့် ကြုံတွေ့ကြရသည်။[137] မောင်တော ရပ်ရွာလူကြီးများမှ အမျိုးငယ် ၂ ဦးအား နစကမှ အဓမ္မပြုကျင့်သည်ကို နခစ အရာရှိကြီးများထံ တိုင်ကြားရာတွင် နစက မှ ၃ ရက်ကြာ ဖမ်းဆီးခဲ့ပြီး၊ ရပ်ရွာမှ လာဘ်ငွေ မပေးမချင်း ပြန်လွှတ်ပေးရန်ငြင်းဆိုခဲ့သည်။[138]

ဒေသခံရခိုင်များသည် ရိုဟင်ဂျာများလွတ်လပ်စွာ သွားလာခွင့်ကို တင်းကျပ်စွာ ပိတ်ပင်ထားခဲ့သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်၏ ၁၇ မြို့နယ်များတွင် တစ်ခုဖြစ်သည့် မြေပုံတွင် ရခိုင်များက ရိုဟင်ဂျာတို့အား အများပြည်သူနေရာများ၊ မြို့၏တစ်ခုတည်းသော သင်္ဘောဆိပ်ကမ်းနှင့် သူတို့၏ငါးဖမ်းလှေများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများအား သုံးစွဲခွင့်မပြုဟု မွတ်စလင်များက ဖေါ်ပြခဲ့သည်။[139] အချို့မွတ်စလင်များသည် အများပြည်သူနေရာကို အသုံးပြုပါက ရခိုင်များမှတိုက်ခိုက်မည်ကို ကြောင့်ရွံ့သောကြောင့် ယခုထိ ပုန်းအောင်းနေကြရသည်။[140] အချို့မြို့နယ်များတွင် ရခိုင်လူစုလူဝေးများမှ မွတ်စလင်များကို သူတို့အိမ်ထဲမှ အတင်းထွက်ခွာ ခိုင်းသဖြင့် ရပ်ကွက်တစ်ခုလုံး လူသူကင်းမဲ့ဖြစ်ဖြစ်သွားပြီး သို့မဟုတ် ဖျက်ဆီးခံခဲ့ရသည်။[141] ဩဂုတ်လအထိ UNHCR မှ ခန့်မှန်းခြေအရ စစ်တွေနှင့်မောင်တော ခရိုင်များတွင် ဆူပူအကြမ်းဖက်မှုများကြောင့် လူဦးရေ ၈ သောင်း အိုးမဲ့အိမ်မဲ့ဖြစ်ကာ ပြောင်းရွှေ့ခဲ့ရသည်။[142]

အစိုးရမူဝါဒများက ရိုဟင်ဂျာ အိုးအိမ်မဲ့ဖြစ်မှုကို တရားဝင်ဖြစ်စေခဲ့သည်။ အကြမ်းဖက်မှုများကြောင့် အိုးအိမ်ဖျက်ဆီးခံလိုက်ရသော မွတ်စလင်များကို သတ်မှတ်ထားသော ပြည်တွင်းဘေးဒဏ်ခံရသူများ အတွက်ချပေးထားသော ဒုက္ခသည်စခန်း (IDP) များ တွင်သာ နေခွင့်ပြုခဲ့သည်။ အချို့ဖြစ်ရပ်များတွင် အစိုးရက အိုးအိမ်စွန့်ခွာရသော စစ်တွေမှ မွတ်စလင်များကို ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရသေ့တောင်မြို့သို့ ပြောင်းရွှေ့ရန် ကြိုစားခဲ့သည်။ မပြောင်းရွှေ့သော သူများကို အစိုးရမှ မှတ်ပုံတင်ရန် ငြင်းဆိုခဲ့သဖြင့် ၎င်းတို့ အတွက် အစားအစာ ထောက်ပံ့မှုများ မရစေခဲ့ပါ။[143]

ရခိုင်အမျိုးသား တိုးတက်ရေးပါတီ (RNDP)[144] ကို ၂၀၁၀ ခုနှစ်တွင် ရခိုင်အမျိုးသားရေး ဝါဒီများမှ တည်ထောင်ခဲ့သည်။[145] ၎င်းပါတီသည် အထူးသဖြင့် ၂၀၁၂ ခုနှစ်အတွင်းနှင့်နောက်ပိုင်း ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှုပြန့်နှံ့စေသော အဖွဲ့များတွင် ဩဇာအရှိဆုံးအဖွဲ့တစ်ခုဖြစ်သည်။ (RNDP) သည် စတင် တည်ထောင်သည့် အချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း နိုင်ငံရေးအာဏာရှိလာခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစ၍ ယခုအချိန်ထိ ပြည်နယ်လွှတ်တော်၏ အမတ်နေရာ ၃၅ ခုတွင် ၁၈ နေရာ ရရှိထားပြီး ၂၀၁၀ နိုဝင်ဘာလ ရွေးကောက်ပွဲမှ စ၍ အမျိုးသားလွှတ်တော်၏ အမတ်နေရာ စုစုပေါင်း ၆၆၄ နေရာတွင် ၁၆ နေရာရရှိထားသည်။[146] ပါတီသည် ဘာသာရေးအခြေမခံဟုဆိုသော်လည်း ရခိုင်ပြည်နယ်တွင်းရှိ ဒေသခံအဆင့်လိုက် ဗုဒ္ဓဘာသာ သံဃာတော်ကြီးများဖြင့် နီးစပ်မှုရှိသည်။[147] ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုအား တုံ့ပြန်သည့်အနေဖြင့် (RNDP) မှ "လက်ရှိအခြေအနေတွင် ဘင်္ဂါလီလူဦးရေသည် ရခိုင်တစ်မျိုးသားလုံးနှင့် အခြားလူမျိုးများအပေါ် ခြိမ်းချောက်မှု ဖြစ်စေသည်" ဟုဆိုသော ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ရခိုင်လူမျိုးများနှင့် အတူနေထိုင်သော "မြန်မာနိုင်ငံသား

---

[136] U.N. မှ မထုတ်ဝေသော ရုံးအတွင်း မြန်မာ အစီရင်ခံစာ p. 2 (April 2013) (Fortify Rights တွင်ရှိသောဖိုင်).

[137] *Ibid.*, pp. 24-25.

[138] *Ibid.*, p. 25.

[139] *Ibid.*, p. 11.

[140] Human Rights Watch ၏ *The Government Could Have Stopped This*, အထက်ပါ မှတ်ချက် 23, p. 3. ကိုကြည့်ပါ။

[141] *BBC* သတင်းဌာန၏ (Aug. 14, 2012), "Muslim Homes Razed in Burma's Rakhine State - Report," http://www.bbc.com/news/world-asia-19263926.

[142] *Ibid.*

[143] U.N. မှ မထုတ်ဝေသော ရုံးအတွင်း မြန်မာ အစီရင်ခံစာ၊ အထက်ပါ မှတ်ချက် 136, p. 12 ကိုကြည့်ပါ။

[144] ၂၀၁၄ ခုနှစ်တွင် RNDP သည် ၂၀၁၀ ရွေးကောက်ပွဲတွင် သပိတ်မှောက်ခဲ့သော ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီနှင့် ပူးပေါင်းခဲ့သည်။ လက်ရှိတွင် ၎င်းပါတီ နှစ်ခုလုံးသည် ရခိုင်အမျိုးသားပါတီအဖြစ်လူသိများပြီး ရခိုင်ပြည်နယ်တွင် နိုင်ငံရေး အရှိန်အဟုန် ဆက်လက်ရရှိနေသည်။ Myanmar Times, *Election Parties* (Sept. 2, 2015) http://www.mmtimes.com/index.php/election-2015/parties.html.

[145] Human Rights Watch ၏ *Burma: End 'Ethnic Cleansing' of Rohingya Muslims* (Apr. 22, 2013), https://www.hrw.org/news/2013/04/22/burma-end-ethnic-cleansing-rohingya-muslims.

[146] Myanmar Times ၏ *Election Parties*, အထက်ပါ မှတ်ချက် 144. ကိုကြည့်ပါ။

[147] *The Independent* (Dec. 5, 2012) တွင် Andrew Buncome ရေးသားသည့် "Homeless and Helpless: The Rohingya Muslims of the Rakhine State," http://www.independent.co.uk/news/world/asia/homeless-and-helpless-the-rohingya-muslims-of-rakhine-state-8386822.html.

မဟုတ်သော ဘင်္ဂါလီများ” ကို ဝေးကွာသော နေရာသို့ရွှေ့ပြောင်းရန် တောင်းဆိုသည်သာမက မြန်မာနိုင်ငံမှ အားလုံးထွက်သွားရန် အစိုးရထံ တောင်းဆို ခဲ့သည်။[148]

ဗုဒ္ဓဘာသာ သံဃာတော်များသည် အခွန့်ရှည်တည်တံ့သော စိတ်ဓါတ်ပြင်းထန်သည့် ရိုဟင်ဂျာ ဆန့်ကျင်ရေးနှင့် မွတ်စလင် ဆန့်ကျင်ရေး အပြောအဆိုတို့တွင် တက်ကြွသော အခန်းဂဏ္ဍာတစ်ခုမှ ပါဝင်ကြသည်။ “၉၆၉” လုပ်ရှားမှုသည် ဘုန်းတော်ကြီး အရှင်ဝီရသူမှ အထင်ရှားဆုံး ကိုယ်စားပြုသည့် မွတ်စလင်ဆန့်ကျင်ရေး အမျိုးသားဝါဒီ လှုပ်ရှားမှု တစ်ခုဖြစ်သည်။ ၄င်းလုပ်ရှားမှုသည် မွတ်စလင်များ မြန်မာနိုင်ငံကို လွှမ်းမိုးရန် ကြိုးစားနေသော အမြင်ကို ထုတ်ဖော်ပြောဆိုပြီး မွတ်စလင်များ၏ ချိန်းခြောက်မှုကို ဖယ်ရှားပစ်ရန် ဗုဒ္ဓဘာသာဝင်များသည် အတူတကွ စည်းလုံးမှု ရှိရမည်ဟု ထုတ်ဖော်ပြောဆိုထားသည်။ လက်ရှိတွင် အရှင်ဝီရသူသည် ၉၆၉ လုပ်ရှားမှုအပေါ် နိုင်ငံရေး သြဇာအာဏာကြီးမားသည့် မဟာသ (အမျိုးသား၊ ဘာသာနှင့်သာသနာ ကာကွယ်စောင့်ရှောက်ရေး ကော်မတီ) ကို ဦးဆောင်နေပြီး၊ မွတ်စလင်များကို “မြွေဆိုးများ၊ ခွေးရူးများ” ဟုခေါ်ဆိုခဲ့ပြီး[149] “သင်သည် မွတ်စလင်တစ်ဦး၏ ဆိုင်မှ ပစ္စည်းတစ်ခုကို ဝယ်ပါက သင်၏ငွေသည် ၄င်းနေရာတွင် ရပ်မသွားဘဲ ၄င်းငွေများကို နောက်ဆုံးတွင် သင့်လူမျိုးနှင့် ဘာသာကို ဖျက်ဆီးရန်အတွက် အသုံးပြုလိမ့်မည်။ ထိုငွေကိုအသုံးပြုကာ ဗမာအမျိုးသမီးတစ်ဦးကို ရယူကာ မကြာမီ ထိုအမျိုးသမီးအား အတင်းအကျပ် သို့မဟုတ် အတင်းအဓမ္မ အစ္စလာမ်ဘာသာထဲ ရောက်အောင် သိမ်းသွင်းလိမ့်မည်” စသည့် ယုံကြည်မှုကိုထောက်ခံခဲ့သည်။[150] အရှင်ဝီရသူမှလည်း “မွတ်စလင်များ လူဦးရေ တိုးပွားလာသည်နှင့် သူတို့က ကျွန်တော်တို့အား လွှမ်းမိုးကာ ကျွန်တော်တို့၏ တိုင်းပြည်ကို လွှဲယူပြီး၊ မကောင်းဆိုဝါး နိုင်ငံတစ်ခုဖြစ်အောင် ပြုလုပ်လိမ့်မည်” ဟုပြောဆိုခဲ့သည်။ [151]

ဒေသခံ ရခိုင်ရဟန်းသံဃာများသည်လည်း ရိုဟင်ဂျာများအပေါ် စီးပွားရေးနှင့် လူမှုရေး ပိတ်ဆို့မှုများ ပြုလုပ်ရန် လက်ကမ်းစာစောင်များ ဝေခဲ့ပြီး၊ ရခိုင်ပြည်သူလူထုအားတိုက်တွန်းခဲ့သည်။[152] ရခိုင်သံဃာဟုလူသိများသော ဘူးသီးတောင်မြို့နယ်ရှိ ဘာသာရေးအဖွဲ့များကို ကိုယ်စားပြုသော သံဃာတော်များသည် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင်စုရုံးကာ ဖြစ်ပွားနေသော ပဋိပက္ခအား တသမတ်တည်း တုံ့ပြန်မှုပြုလုပ်ရန် စုရုံးခဲ့ကြသည်။[153] သံဃာတော်များမှ ရိုဟင်ဂျာများသည် “ရခိုင်လူမျိုးပြုတ်ရေး အစီအစဉ်” တစ်ခုကို လုပ်ဆောင်နေသည်ဟု ကြေညာကာ၊ “၁၂ချက်ပါသည့် ထုတ်ပြန်ချက်” လက်ကမ်းစာစောင်ကို ဝေငှခဲ့ကြသည်။[154] ရခိုင်လူမျိုးများ “ဆိုးသွမ်းသည့် ဘင်္ဂါလီ(ကုလား)များထံမှ ဝေးဝေးရှောင်” ရန်အတွက် ရိုဟင်ဂျာများအား အလုပ်ပေးခြင်းများ၊ ဈေးရောင်း ဝယ်ခြင်းများ၊ ရိုဟင်ဂျာများအား စက်လှေ၊ ကူးတို့၊ မော်တော်ဆိုက်ကယ်များပေါ်တွင် တင်ဆောင်ခြင်းများ မပြုလုပ်ရန် အကြံပြုခဲ့သည်။ ရိုဟင်ဂျာများအား ထောက်ပံ့နေသည့် NGO များ ရုပ်သိမ်းသွားရန်လည်း တောင်ဆိုခဲ့ကြသည်။[155] ရခိုင်လူငယ်သံဃာများ အသင်းမှလည်း ရခိုင်လူမျိုးများကို “ကုလားများ”နှင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းနှင့် ဆက်သွယ်ခြင်းများ မပြုလုပ်ရန်၊ အလားတူထုတ်ပြန်ချက် တစ်ခုကိုပြုလုပ် ခဲ့ကြသည်။[156] မြောက်ဦးသံဃာများအသင်းမှလည်း ရခိုင်လူမျိုးများအား ဘင်္ဂါလီများအား ဈေးမရောင်းရန်နှင့် အလုပ်သမားအဖြစ် မခန့်ရန်၊ အစားအသောက်များ မပေးရန်နှင့် သဘာဝအားဖြင့် ရက်စက်ကြမ်းတမ်းသော သူတို့နှင့်ဆက်ဆံရေး မလုပ်ရန် သူတို့၏ အဖွဲ့ဝင်များထံသို့ အီးမေးလ်စာပေးပို့ပြီး တောင်းဆိုခဲ့သည်။[157]

---

[148] ရခိုင်အမျိုးသား တိုးတက်ရေးပါတီ၏ “RNDP Post-Conflict Declaration Related to Relocation” (June 26, 2012) (Fortify Rights တွင်ရှိသောဖိုင်).

[149] *Los Angeles Times* (May 24, 2015) တွင် Shashank Bengali ရေးသားသည့် “Monk Dubbed ‘Buddhist Bin Laden’ Targets Myanmar’s Persecuted Muslims,” http://www.latimes.com/world/asia/la-fg-ff-myanmar-monk-20150524-story.html.

[150] *The Atlantic* (Apr. 9, 2013) တွင် Alex Bookbinder ရေးသားသည့် “969: The Strange Numerological Basis for Burma’s Religious Violence,” http://www.theatlantic.com/international/archive/2013/04/969-the-strange-numerological- basis-for-burmas-religious-violence/274816.

[151] *Ibid*.

[152] သံဃာတော်များအသင်း၏ ၁၂ ချက်ထုတ်ပြန်ချက်ကို ရည့်တောင်ရှိ အဖွဲ့ပေါင်းစုံမှ သံဃာတော်များ အစည်းအဝေးမှ သဘောတူညီပြီး ဆုံးဖြတ်ခဲ့သော ထုတ်ပြန်ချက်ဖြစ်သည် (July 5, 2012) (Fortify Rights တွင်ရှိသောဖိုင်) [၁၂ ချက် ထုတ်ပြန်ချက်].

[153] *Ibid*.

[154] *Ibid*.

[155] *Ibid*.

[156] ရခိုင်ရဟန်းပျိုများအသင်း၏ “ရခိုင်အမျိုးသားအားလုံးသို့ ကြေညာချက်” (July 2012) (Fortify Rights တွင်ရှိသောဖိုင်)

[157] မြောက်ဦး သံဃာတော်များအသင်းမှ အသင်းသားများထံ ပေးပို့သော အီးမေးလ် (July 9, 2012) (Fortify Rights တွင်ရှိသောဖိုင်)။ ၄င်းအီးမေးလ်တွင် “ရခိုင်အမျိုးသားများ နားလည်ထားရန်မှာ ဘင်္ဂါလီများသည် ရခိုင်မြေကို ဖျက်ဆီးလိုကြသည်။ သူတို့သည်

၂၀၁၂ ခုနှစ် ဖွန်လတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ ကော်မတီဝင် သုံးဦးသည် အခြေအနေကို စုံစမ်းရန် ရခိုင်ပြည်သို့ သွားရောက်ခဲ့သည်။ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကော်မတီမှ တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် ရိုဟင်ဂျာများအပေါ် အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်လက်ဖြစ်ပွားနေသော နှိပ်စက်ညှင်းပန်းမှုများကို ဖော်ပြထားခြင်းမရှိပေ။ မြန်မာအစိုးရ၊ NGO များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ရခိုင်ပြည်နယ်တွင် အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ အဝတ်အစား၊ ယာယီနေရာထိုင်ခင်း၊ နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ဖြန့်ဝေပေးနေသည်ဟုသာ နိဂုံးချုပ်အစီရင်ခံ ဖော်ပြထားသည်။[158]

၂၀၁၂ ခုနှစ် ဖွန်လိုင်လ ၁၂ ရက်နေ့တွင် သမ္မတဦးသိန်းစိန်မှ ရိုဟင်ဂျာအားလုံးကို UNHCR ၏ စခန်းများတွင် ထားရန် သို့မဟုတ် နိုင်ငံခြားသို့ ပို့ရန် UNHCRအား ပြောဆိုခဲ့သည်။ သမ္မတဦးသိန်းစိန်မှ "ဤပြဿနာအဖြေမှာ သူတို့အား UNHCRမှ စီမံခန့်ခွဲသော ဒုက္ခသည်စခန်းများတွင်ထားရှိပြီး၊ UNHCRမှ အကူအညီပေးရန်ဖြစ်သည်။[159] အကယ်၍ အခြားနိုင်ငံများမှ လက်ခံမည်ဆိုပါက သူတို့အား ထိုနိုင်ငံသို့ပို့နိုင်သည်" "ကျွန်ုပ်တို့၏ တိုင်းရင်းသားများကို ကျွန်တော်တို့ဘာသာ ကြည့်ရှုစောင့်ရှောက်မည်။ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်ပြီး ကျွန်ုပ်တို့၏ တိုင်းရင်းသားများ မဟုတ်သဖြင့် သူတို့ကို ဒီမှာလက်မခံနိုင်ပါ" ဟုကြေညာခဲ့ပါသည်။[160]

ရခိုင်အုပ်စုများမှ ဦးသိန်းစိန်၏ ထုတ်ပြန်ချက်များကို စိတ်အားထက်သန်စွာ ထောက်ခံခဲ့ကြသည်။ ရခိုင်ဒုက္ခသည်များ ကော်မတီအားလုံး၊ ရခိုင်အမျိုးသားရေး ဝါဒီအုပ်စုတစ်ခုမှ သမ္မတဦးသိန်းစိန်၏ ထုတ်ပြန်ချက်များအပေါ် အဆိုပြုကြေညာရာတွင် "ကျွန်တော်တို့ သမ္မတကြီး၏ နောက်မှရပ်တည်ကာ UNHCR ၏ အကြီးဆုံးအရာရှိနှင့် ဆွေးနွေးစဉ် တရားမဝင် ဘင်္ဂါလီမွတ်စလင်များအပေါ် သူ၏ပြတ်သားသော ထုတ်ပြန်ချက်များကို လုံးဝထောက်ခံပါသည်"။[161] ဗုဒ္ဓဘာသာ သံဃာတော်များသည် သမ္မတဦးသိန်းစိန်၏ အကြံပြုချက်ကို တစ်နိုင်ငံလုံး ချီတက်ဆန္ဒပြ ထောက်ခံခဲ့ကြသည်။ သံဃာတော်တစ်ပါးမှ အဆိုပါဆန္ဒပြထောက်ခံမှုများသည် "ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားများထဲတွင် လုံးဝမပါတာကို ကျွန်ုပ်သိစေတာ" ဖြစ်ကြောင်းထုတ်ဖော်ပြောခဲ့သည်။[162]

အစိုးရနှင့် ရခိုင်များ၏ခံစားမှုသည်လည်း ရိုဟင်ဂျာများအား မျက်နှာသာပေး အကူအညီပေးသည်ဟု ထင်သည့် အဖွဲ့အစည်းများ၏ ဝန်ထမ်းများအပေါ် ဆန့်ကျင်ကြသည်။ ရခိုင်အဖွဲ့အစည်း တော်တော် များများမှလည်း ရိုဟင်ဂျာပြည်တွင်း နေရပ်စွန့်ခွါသူများအား သနားညှာတာမှုပြကာ အကူအညီပေးနေသည့် ဝန်ထမ်းများအပေါ် မယုံကြည်ကြောင်းဖော်ပြကြသည်။[163] ရခိုင်ဒုက္ခသည်များ ကော်မတီအားလုံးမှ U.N သို့မဟုတ် NGO အဖွဲ့များ၏အကူအညီပေးမှုများကို ငြင်းဆိုလိမ့်မည်ဟု ကြေညာခဲ့သည်။[164] ရခိုင်လူမျိုးများမှလည်း လူသားချင်း စာနာထောက်ထားသည့် အကူအညီပေး ဝန်ထမ်းများအား မြိမ်းခြောက်ခဲ့ကြသည်။[165] ခရိုင်အတွင်း ဖြန့်ချိခဲ့သည့် လက်ကမ်းစာစောင်တစ်ခုမှ U.N နှင့် အကူအညီပေးသည့် အဖွဲ့အစည်း အမျိုးမျိုးတို့သည် ရခိုင်လူမျိုးများအား ဆန့်ကျင်သည့် လှုံ့ဆော်ကြံစည်မှုများ ရှိကြောင်းဖော်ပြခဲ့သည်။ "ကုလားများ၏ တိုးတက်မှုအတွက် တိုက်ရိုက်သော်ငင်း၊ သွယ်ဝိုက်၍ သော်ငင်း လုပ်ဆောင်နေသူများသည် သစ္စာဖောက်များဖြစ်သဖြင့် ကျွန်ုပ်တို့၏ ရန်သူဖြစ်သည်" ဟု အဆိုပါ လက်ကမ်းစာစောင်မှ U.Nနှင့် နိုင်ငံတကာ NGO များဖြင့် ပူးတွဲလုပ်ဆောင်နေသော ရခိုင်အားလုံးကို အကြမ်းဖက်ရန် မြိမ်းခြောက်ထားပါသည်။[166]

ရခိုင်ထမင်းစားသော်လည်း ရခိုင်လူမျိုးကို ဖျက်ဆီးရန် ကြံစည်ပြီး ရခိုင်များကို သတ်ရန် သူတို့၏ ငွေများဖြင့် လက်နက်များ ဝယ်ယူကြသည်" ဟုဖော်ပြထားပါသည်။

[158] *The New Light of Myanmar* (July 11, 2012) ၏ "၂၀၁၂ ခုနှစ် ဖွန်လတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသောဖြစ်ရပ်များကို မြန်မာလူ့အခွင့်အရေးကော်မရှင်မှ စိုးရိမ်မှုရှိကြောင်း" မြန်မာလူ့အခွင့်အရေးကော်မရှင်၏ ကြေညာချက် အမှတ် (4/2012) http://www.burmalibrary.org/docs14/NHRC-Rakhine_Statement-NLM2012-07-11.pdf.

[159] *Radio Free Asia* (June 12, 2012) မှ Rachel Vandenbrink ၏ "Call To Put Rohingya in Refugee Camps,", http://www.rfa.org/english/news/rohingya-07122012185242.html.

[160] *Ibid.*

[161] All Rakhine Refugee Committee, Pamphlet (July 14, 2012) (on file with Fortify Rights).

[162] "Monks Stage Anti-Rohingya March in Myanmar," *Al Jazeera* (Sept. 2, 2012), http://www.aljazeera.com/news/asia-pacific/2012/09/201292175339684455.html.

[163] All Rakhine Refugee Committee, *see above* note 161, para. 3.

[164] *Ibid.*, para. 4.

[165] Human Rights Watch, *The Government Could Have Stopped This*, *see above* note 23, p. 44.

[166] The undated pamphlet is entitled, "Beware! NGOs that came here to assist Bengali Kulur," and is signed by a group identifying itself as Wuntharnu Ethnic People. "Beware" Pamphlet (Undated) (on file with Fortify Rights).

အခြား လက်ကမ်းစာစောင်တစ်ခုမှ "ဟော်လန်နှင့် ပြင်သစ် NGOတစ်ခုသည် ရခိုင်ပြည်ကို သိမ်းပိုက်နိုင်ရန် (ကုလားများ) အတွက် လက်နက်များ ယူဆောင်လာကြသည်"ဟု စွပ်စွဲထားသည်။[167] ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် အစိုးရတပ်မှ ကုလသမဂ္ဂအဖွဲ့များ၏ ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေး နိဘယ်ဆုပိုင်ရှင် အဖွဲ့ဖြစ်သည့် Médecins Sans Frontières (နယ်ချားမဲ့ ဆရာများအသင်း)အပါအဝင် လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် ဝန်ထမ်း ၁၀ ဦးကို ဆူပူလုပ်ဆော်မှုများ ပြုလုပ်မှုဖြင့် ဖမ်းဆီးခဲ့သည်။[168]

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရှိဟင်ဂျာ ၆၅၀၀၀ - ၇၀၀၀၀ ဦးရေသည် အကြမ်းဖက်ဆူပူမှုကြောင့် မိမိတို့ အိုးအိမ်များကို စွန့်ခွါကာ ယာယီတဲစခန်းများတွင် နေထိုင်ခဲ့ရသည်။[169] ရခိုင်ကော်မရှင်၏ အစီရင်ခံစာအရ အစိုးရ၏ အဆိုပြုချက်ဖြစ်သည့် ရှိဟင်ဂျာများအတွက် အတည်တကျ အိမ်ယာများကို နိုင်ငံခြားအလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်မည် ဆိုသော်လည်း ရခိုင်နိုင်ငံသားများက ကန့်ကွက်ခဲ့သည်။[170] အစိုးရမှ နိုင်ငံသားဖြစ်မှု စစ်ဆေးခြင်း မပြီးမခြင်း ရှိဟင်ဂျာများအတွက် အတည်တကျ အိမ်ယာများ မဆောက်ပေးရန်နှင့် အဆိုပါအိမ်များ ရမည့်သူများသည် ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေပါလိုအပ်ချက်များနှင့် ကိုညီမှုရှိမရှိ အတည်ပြုပြီးမှသာ ရသင့်ကြောင်း ရခိုင်များမှ တိုက်တွန်းခဲ့သည်။[171]

မြန်မာအစိုးရမှ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်များအကြား ခွဲခြားသည့် မူဝါဒတစ်ခုကို အတည်ပြုခဲ့သည်။ ထိုသို့ပြုမှသာ ၎င်းအုပ်စု နှစ်ခုအကြား ငြိမ်းချမ်းရေးကို ဆက်လက်ထိမ်းသိန်းထားနိုင်မည်ဟုဆိုသည်။[172] ရှိဟင်ဂျာများ မိမိနေထိုင်ရာ ဒေသမှ မထွက်ခွါစေရန် ကာကွယ်သည့်အနေဖြင့် မွတ်စလင်ရပ်ရွာများအား ရဲများက စောင့်ကြပ်ထားခဲ့သည်။ အဆိုပါ ကန့်သတ်လူနေအိမ်များနှင့် ဒုက္ခသည်စခန်းများသည် "ရဲနှင့် စစ်တပ်တို့က အကြီးအကျယ် တင်းကြပ်ထားသော ရပ်ကွက်များနှင့်တူသည်"ဟု သတင်းထောက်တစ်ဦးက ဖေါ်ပြထားသည်။[173] ဖော်တီဖိုင်းရိုက်မှ ဗုဒ္ဓဘာသာရွာသားများသည် အိမ်များနှင့်ဒုက္ခသည် စခန်းများမှ ထွက်ပြေးရန် ကြိုးစားသည့် ရှိဟင်ဂျာများကို ရိုက်နက်ခြင်းနှင့် အကြမ်းဖက်ခြင်းစသော ခွဲခြားမှုများကို တင်းကြပ်စွာ လုပ်ဆောင်နေသူများ ဟုဆိုထားသည်။[174] ရှိဟင်ဂျာများ ခွင့်ပြုချက်မရဘဲ ရခိုင်နေရာဒေသတွင် ရောက်ရှိပြီး အဖမ်းခံရပါက ရဲများက ပိုက်ဆံတောင်းကြောင်း အချို့သောရှိဟင်ဂျာများက ထုတ်ဖေါ်ပြောဆိုသည်။[175] ခွဲခြားရေးမူဝါဒသည် ရှိဟင်ဂျာများ ဆေးပေးခန်းများနှင့် ကျောင်းများ မတက်ရောက် နိုင်အောင် ဖြတ်တောက်ထားသည်။[176] ရှိဟင်ဂျာများ မိမိတို့ ကန့်သတ်ထားရာ နေထိုင်ရာနယ်မြေမှ ပြင်ပသို့ထွက်ခွါကာ ဆန်နှင့်အခြားရိက္ခာများ မဝယ်ယူနိုင်ပါ။

---

[167] *Ibid*.

[168] *Reuters* ၏ "ဖမ်းဆီးထားသော U.N ဝန်ထမ်းအား မြန်မာမှ တရားစွဲဆိုမှု" (July 13, 2012), http://uk.reuters.com/article/2012/07/13/uk-un-myanmar-detentions-idUKBRE86C0P320120713.

[169] *The Hindu* ၏ "အပြည်ပြည်ဆိုင်ရာဒုက္ခသည်-မြန်မာစခန်းများတွင် ရှိဟင်ဂျာ ၇၅၀၀၀ ခန့်ရှိနေသည်" (Sept. 29, 2012), http://www.thehindu.com/news/international/about-75000-rohingyas-in-myanmar-camps-refugee-international/article3948606.ece.

[170] တူရကီမှ အိမ်အလုံး ၅၀၀၀ ဆောက်လုပ်ပေးရန်ကမ်းလှမ်း၊ ရခိုင်ကော်မရှင်အစီရင်ခံစာ၊ အထက်ပါမှတ်စုအားကြည့်ပါ 5, p. 40.

[171] *Ibid*.

[172] Jason Motlagh ၏ *Time* တွင်ရေးသားထားသော "ဒုက္ခသည် စခန်းများမဟုတ်၊ ချွေးတပ်စခန်းတွေဖြစ်ပြီး အထဲမှ လူတွေသေနေကြတယ်" (June 17, 2014) http://time.com/2888864/rohingya-myanmar-burma-camps-sittwe/.

[173] Carlos Sardina Galache ၏ *The Globe and Mail* တွင်ရေးသားထားသော "တိုင်းရင်းသား တိုက်ခိုက်မှုများကြောင့် မြန်မာ၏ပြုပြင်ပြောင်းလဲမှုအသစ်များ ဖြစ်နိုင်ခြေမရှိသေး" "Fledgling Reforms in Myanmar Marred by Ethnic Clashes," *The Globe and Mail* (Sept. 16, 2012), http://www.theglobeandmail.com/news/world/fledgling-reforms-in-myanmar-marred-by-ethnic-clashes/article4548541.

[174] Jason Szep & Andrew R.C. Marshall ၏ *Reuters* တွင်ရေးသားထားသော "အထူး သတင်း-မြန်မာမွတ်စလင်များ စနစ်တကျအသတ်ခံနေရသည် ကိုမျက်မြင်သက်သေပြောပြချက်" "Special Report- Witnesses Tell of Organized Killings of Myanmar Muslims," *Reuters* (Nov. 12, 2012), http://in.reuters.com/article/2012/11/12/myanmar-fighting-muslims-rakhine-idINDEE8AB00I20121112.

[175] Fortify Rights အင်တာဗျူး #54, ကွာလာလမ်ပူ၊ မလေးရှား (Sept. 27, 2014); Fortify Rights အင်တာဗျူး #58, ကွာလာလမ်ပူ၊ မလေးရှား (Sept. 28, 2014).

[176] Todd Pitman ၏ *The Jakarta Post* တွင်ရေးသားထားသော "ကွဲကွားနေသောမြို့သည် မြန်မာဒီမိုကရေစီ မျော်လင့်ချက်ကို စိန်ခေါ်နေသည်" (Oct. 1, 2012), http://www.thejakartapost.com/news/2012/10/01/divided-town-challenges-myanmars-democracy-hopes.html.

အောက်တိုဘာလ ၂၁ ရက်နေ့တွင် မင်းပြားမြို့နယ်အတွင်း ဆူပူမှုဖြစ်ပွားခဲ့သည်။ တာဝန်ရှိသူများမှ ပြောကြားရာတွင် ရခိုင်နှင့် ရိုဟင်ဂျာအကြား တိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံး၍ အိမ်ပေါင်း ၄၀၀၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ဗလီတစ်လုံးတို့ ပြာကျသည်အထိ မီးရှို့ခံခဲ့ရသည်။[177] အဆိုပါအကြမ်းဖက်မှုသည် မြောက်ဦး၊ မြေပုံ၊ ရသေ့တောင်နှင့် ကျောက်ဖြူ အပါအဝင် မြောက်ပိုင်းရှိ မြို့နယ်များသို့ ကူးစက်သွားခဲ့သည်။[178] ရခိုင်လူငယ်များသည် လက်နက်များကိုင်ဆောင်ကာ အဆိုပါမြို့များသို့ အပြေးအလွှားသွားရောက်ကာ ရိုဟင်ဂျာ ဆန့်ကျင်ရေး လုပ်ရှားမှုများတွင်ပါဝင်ခဲ့ကြသည်။[179] အကြမ်းဖက်မှုသည် ပြည်နယ်တစ်ခုလုံးလျင်မြန်စွာ ပြန့်နှံ့သွားသည်။ အောက်တိုဘာလ ၂၅ ရက်နေ့တွင် Human Rights Watch လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ မှကျောက်ဖြူမြို့၏ ယခင်နှင့်လက်ရှိ ဝေဟင်ဓါတ်ပုံများဖြင့် မွတ်စလင်နေထိုင်သည့် ဒေသများအား မီးရှို့ထားသည့် သက်သေအား ထုတ်ဖော်ခဲ့သည်။[180] *The New York Time* သတင်းစာမှ မြို့တစ်ခုလုံး ပြာကျစေသည့်အရာသည် "စနစ်တကျနှင့် ကြိုတင်ပြင်ဆင်ထားသည်ရှိမီး" ဖြစ်နိုင်ဖွယ်ဟု ဖော်ပြခဲ့သည်။[181] ၎င်းမြို့သည် ကာမန်မွတ်စလင်လူမျိုးများ နေထိုင်သော မြို့ဖြစ်၍ ၃၅ ဧကကျော်ရှိ အဆောက်အဦပေါင်း ၆၃၃လုံး၊ လူနေလေ့ပေါင်း ၁၇၈ စီးနှင့် စက်မဲ့လေ့များ ပျက်စီးခဲ့ကြောင်း Human Rights Watch လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ မှခန့်မှန်းသည်။[182] "ရခိုင်များသည် ပိုင်ဆိုင်မှုများနှင့် အိမ်များကို မီးရှို့ကြပြီး ရဲများက လူများကို သေနပ်ဖြင့် သေအောင် ပစ်ခဲ့ကြသောကြောင့် ကျွန်ုပ်ထွက်ပြေးရသည်။ တဖက်မှာ ရခိုင်တွေက လူတွေကိုသတ်သလို အခြားတဖက်မှာလည်း ရဲတွေက လူတွေကို သတ်ကြသည်ဟု" ကျောက်ဖြူမြို့သားတစ်ဦးက မြို့တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကို ပြောပြခဲ့သည်။[183] အခြားမြို့သားများက ရဲများသည် ခွဲခြားမှုမရှိဘဲ မွတ်စလင်ရွာသားများကို သေနပ်ဖြင့်ပစ်သည်ဟု ပြောကြားခဲ့သည်။[184]

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ Human Rights Watch၏ ဓါတ်ပုံများ၊ အစီရင်ခံစာများ ထွက်ပေါ်လာပြီး NGO များ၏ တောင်းဆိုမှုများကြောင့် ရခိုင်ပြည်နယ်တွင် ကျယ်ပြန့်သော အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းကို သမ္မတဦးသိန်းစိန်မှ အသိအမှတ်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူမှ ခန့်မှန်းခြေ စုစုပေါင်း လူ ၁၁၂ ဦး သေဆုံးသည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီး နာရီပိုင်းအတွင်း နိုင်ငံပိုင် သတင်းဌာနမှ အောက်တိုဘာ ၂၁ ရက်နေ့နှင့် ၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့မှုတွင် သေဆုံးသူဦးရေ ၆၇ ဦးသာရှိကြောင်းလျော့၍ ဖော်ပြခဲ့သည်။[185] Human Rights Watch လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ သေဆုံးသူဦးရေ ထိုထက်များမည်ဟု ခန့်မှန်းခဲ့သည်။[186]

ဇွန်လတွင် ဖြစ်ပွားခဲ့သော ကြိုကြား အဓိကရုဏ်းများနှင့် မတူဘဲ အောက်တိုဘာလတွင် ပြည်နယ်တစ်ခုလုံး ပြန့်နှံ့သွားသော စနစ်တကျစီစဉ် ထားဟန်ရှိသည့် မီးရှို့မှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ အလားတူ ဖြစ်ရပ်များ ရခိုင်ပြည်နယ်ရှိ နေရာများတွင် ဖြစ်ခဲ့သည်။[187] မြောက်ဦးမြို့ရှိ ရွာတစ်ရွာတွင် နစကနှင့်လုံထိန်း (ပြည်နယ်

---

[177] Gianluca Mezzofiore ၏ *International Business Times* တွင်ရေးသားထားသော "မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာနှင့်ရိုဟင်ဂျာ မွတ်စလင်များ အကြားပဋိပက္ခများ ထပ်မံဖြစ်ပွားနေသည်" " (Oct. 23, 2012), http://www.ibtimes.co.uk/buddhists-rohingya-muslims-explodes-again-myanmar-397324.

[178] Human Rights Watch, ၏ *မြန်မာ-ရခိုင်ပြည်နယ်တွင် ဆူပူမှုများထပ်မံဖြစ်ပွားခြင်း*၊ (Oct. 26, 2012), http://www.hrw.org/news/2012/10/26/burma-new-violence-arakan-state.

[179] Banyan ၏ *The Economist* တွင်ရေးသားထားသော "မြန်မာနိုင်ငံတွင် သတ်ဖြတ်မှုများ-စေတီဖုထိုးများကြားမှစစ်ပွဲ" (Oct. 24, 2012), http://www.economist.com/blogs/banyan/2012/10/killings-myanmars-rakhine-state.

[180] Human Rights Watch ၏ *ကျောက်ဖြူပျက်စီးဆုံးရှုံးမှု စစ်တမ်းအကျဉ်းချုပ်*၊ (Oct. 25, 2012), http://www.hrw.org/sites/default/files/related_material/2012_Burma_Satimage.pdf.

[181] Mark McDonald ၏ *New York Times* တွင်ရေးသားထားသော "အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး ရိုဟင်ဂျာများ မြန်မာနိုင်ငံတွင် ကာကွယ်ပေးသူအနည်းငယ်သာရှာတွေ့သည်" (Oct. 31, 2012), http://rendezvous.blogs.nytimes.com/2012/10/31/as-violence-continues-rohingya-find-few-defenders-in-myanmar.

[182] Human Rights Watch ၏ *မြန်မာ-ရခိုင်ပြည်နယ်တွင် ဆူပူမှုများထပ်မံဖြစ်ပွားခြင်း*၊ အပေါ်ရှိမှတ်ချက် 178 ကိုကြည့်ပါ။

[183] Fortify Rights အင်တာဗျူး #07 (Aug. 11, 2014).

[184] Fortify Rights အင်တာဗျူး #03 (Aug. 11, 2014); Fortify Rights အင်တာဗျူး #09 (Aug. 11, 2014).

[185] Peter Beaumont ၏ *The Guardian* တွင်ရေးသားထားသော "မွတ်စလင်များ အား သတ်ဖြတ်တိုက်ခိုက်မှုကို မြန်မာခေါင်းဆောင်မှ ဝန်ခံသည်" (Oct. 27, 2012), http://www.theguardian.com/world/2012/oct/27/burma-wave-anti-muslim-violence.

[186] Human Rights Watch ၏ *မြန်မာ-ရခိုင်ပြည်နယ်တွင် ဆူပူမှုများထပ်မံဖြစ်ပွားခြင်း*၊ အပေါ်ရှိမှတ်ချက် 178 ကိုကြည့်ပါ။

[187] ၂၀၁၂ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုသည် မြန်မာအစိုးရ၏ မွတ်စလင်ဆန့်ကျင်ရေးတွင်များတွင် ပါဝင်နေသည်ကို ထင်ဟပ်စေသည်။ ၂၀၁၃ ခုနှစ် မတ်လတွင် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် လေးခုနှင့် ပဲခိုးတိုင်းဒေသကြီး ရှုစ်မြို့နယ်တွင် မွတ်စလင်ဆန့်ကျင်မှုများ ပြိုင်တူဖြစ်ပွားခဲ့သည်။ ၄၄းတိုက်ခိုက်မှုများကြောင့် မွတ်စလင် ၁၂၀၀၀ ကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်။ မြန်မာအစိုးရမှ အဆိုပါအကြမ်းဖက်မှုများတွင် မိမိတို့ပါဝင်မှုကိုငြင်းဆိုခဲ့သော်လည်း မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် အရပ်သားဝတ်

အဓိကရုဏ်းရဲ)တို့ အပါအဝင် စစ်သားများသည် ရိုဟင်ဂျာများဖြင့်အစည်းအဝေးထိုင်ကာ ၎င်းတို့သည် ဘင်္ဂါလီများဖြစ်ပြီး၊ ရခိုင်ပြည်နှင့် မပါတ်သက်ကြောင်းကို လက်ခံရန်အတွက် ပြောဆိုခဲ့သည်။ ရွာသားများက ငြင်းဆိုခဲ့သည်။ ရက်နှစ်ဆယ်ကြာပြီးနောက် ၎င်းရွာမီးရှို့ခံလိုက်ရသည်။[188] လုံထိန်းနှင့် ဗုဒ္ဓဘာသာဝင်များ ပြည်နယ်တစ်လျောက်ရှိ နေရာများတွင် ရှိသောရွာများကို တစ်ချိန်တည်း မီးရှို့ခဲ့သည်ဟု ရိုဟင်ဂျာများက ပြောသည်။[189] လုံထိန်းနှင့် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင် အိမ်များအား မီးသတ်ကားများဖြင့် ဝန်းရံထားကာ မီးမကူးစက်အောင် တားဆီးကြသော်လည်း ရိုဟင်ဂျာအိမ်များကိုမူ မီးကူးလောင်းစေသည်ကို မြင်တွေ့ရကြောင်း ရိုဟင်ဂျာများကပြောသည်။[190] မီးငြိမ်းသတ်ရန်ကြိုးစားသည့် ရိုဟင်ဂျာများကို လုံခြုံရေးတပ်များက သေနပ်ဖြင့် ပစ်သတ်ခဲ့ဟု ရိုဟင်ဂျာများ ကဖေါ်ပြသည်။ [191]

လုံထိန်း၊ နစက၊ မြန်မာစစ်တပ်နှင့် မြန်မာရဲတပ်ဖွဲ့ဝင်များ ၎င်းတို့ကို အကြမ်းဖက်တိုက်ခိုက်ရာတွင် တိုက်ရိုက်ပါဝင်ခဲ့ကြောင်း ရိုဟင်ဂျာများဖေါ်ပြခဲ့သည်။[192] ရခိုင်လူမျိုးများ၏ တိုက်ခိုက်မှုကို အင်အားမဲ့စွာ ခံခဲ့ရကြောင်း၊ ရခိုင်လူမျိုးများ၏ တိုက်ခိုက်မှုများမှ မိမိကိုယ်ကို ကာကွယ်ရန်ကြိုးစားပါက လုံထိန်းရဲနှင့် စစ်တပ်များ လက်နက်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ယောကျ်ား၊ မိန်းမနှင့်ကလေးများ သေဆုံးခဲ့ရကြောင်း ရိုဟင်ဂျာများဖေါ်ပြခဲ့သည်။[193] တိုက်ခိုက်သူများအကြားတွင် "ရာထူးအဆင့် အမျိုးမျိုးရှိသူများ" ကြယ်တစ်ပွင့်မှ ဗိုလ်မှူးအဆင့်ရှိသူအထိ တွေ့ရှိရကြောင်း ရိုဟင်ဂျာ တစ်ဦးက ပြန်လည် ပြောပြသည်။[194]

အခြားတစ်ဦးမှလည်း ရဲများ စစ်တွေဆေးရုံသို့ရောက်လာ၍ ရိုဟင်ဂျာများအား သတ်ပြစ်ရန် ဆေးဝန်ထမ်းများအား ပြောကြောင်းဖေါ်ပြပါသည်။[195] စစ်တပ်မှ သေဆုံးသူတို့၏ အလောင်းများကို စုဆောင်းကာ ထရပ်ကားပေါ်တင်ပြီး[196] တခြားနေရာသို့ယူဆော်င်သွားခြင်း သို့မဟုတ် မီးရှို့ရန် တို့ကိုပြုလုပ် ခဲ့သည်ဟု ရိုဟင်ဂျာများက ပြောသည်။[197]

၎င်းအချိန်ရှိ စစ်ဘက်လေ့ကျင့်ရေး ပစ္စည်းများသည် ရိုဟင်ဂျာဆန့်ကျင်ရေး စိတ်ဓါတ်များ ပြင်းထန်နေ ကြောင်းကို ထင်ဟပ်စေပါသည်။ စစ်တပ်ထံမှ ပေါက်ကြားလာသော စာရွက်စာတမ်းများအရ ယခင်က ရိုဟင်ဂျာများ အပေါ်အထင်သေးစွာ ခေါ်ဆောင်သောအသုံးအနှုံးဖြစ်သည့် "ကုန်ထမ်းကုလား"ကို ရိုဟင်ဂျာများအား ရည်ညွှန်းထားသည်။[198] စစ်တပ်၏ power point ဆလိုက်ဖြင့် တင်ပြမှုတစ်ခုတွင် "ဘင်္ဂါလီ မွတ်စလင်" များသည် အစွလာမ်ဘာသာကို အသုံးပြုကာ ၎င်းတို့၏ လူဦးရေကို များပြားလာအောင် တရားမဝင် နေထိုင်သူများအား ရခိုင်ပြည်နယ် သာမက အခြားမြို့ကြီးများတွင် ပြန့်နှံအောင် လုပ်ဆောင်ကာ မြန်မာနိုင်ငံသားများကို လွှမ်းမိုးအောင် လုပ်နေသည်ဟု ပြောပြထားသည်။[199]

စစ်တပ်အရာရှိများမှ အဓိကနေရာမှ ပါဝင်ခဲ့ကြောင်းကို အမည်မဖေါ်လိုသည့် တပ်မတော်ထောက်လှုန်းရေးတစ်ဦးက ပြောပြခဲ့ပါသည်။ လူအခွင့်အရေးအဖွဲ့အစည်းများမှ ထပ်မံဖေါ်ပြရာတွင် ရဲများသည် မွတ်စလင်များကို ဦးဆောင်ခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်များတိုက်ခိုက်သောအခါ ဘာမှမလုပ်ဘဲနေကြသည်ဟု ဖေါ်ပြထားသည်။ ၂၀၁၃ ခု မေလတွင် မြန်မာတရားရုံးတစ်ခုမှ မိတီလာ တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သော မွတ်စလင် ခြောက်ဦးအား လူသတ်မှုနှင့်ရာဇဝတ်မှုကျူးလွန်မှုများဖြင့် ထောင်ချခဲ့သော်လည်း ဗုဒ္ဓဘာသာ တစ်ဦးကိုမျှ ထောင်မချခဲ့ပေ။ Thomas H. Andrews & Daniel Sullivan, *၏ မြန်မာပြည်တွင် လူမျိုးတုန်းလုပ်ဆောင်မှုများ ဆီသို့ချီတက်နေသည်*၊ p. 4 (2014), http://endgenocide.org/wp-content/uploads/2014/03/marching-to-genocide-in-burma.pdf; Al Jazeera ၏ စုံစမ်းစစ်ဆေးရေး ယူနစ် မှမြန်မာစစ်ထောက်လှမ်းရေး အရာရှိအား အင်တာဗြူးခဲ့သည်။; Physicians for Human Rights, *၏ မြန်မာပြည်အလယ်ပိုင်းရှိ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု*, p. 13-15 (May 2013), https://s3.amazonaws.com/PHR_Reports/Burma-Meiktila-Massacre-Report-May-2013.pdf; "Myanmar Profile – Timeline," *BBC News* (Aug. 19, 2015), http://m.bbc.com/news/world-asia-pacific-12992883.

[188] Fortify Rights ၏ အင်တာဗြူး #58, ကွာလာလမ်ပူ၊ မလေးရှား (Sept. 28, 2014).

[189] Al Jazeera ၏ စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗြူး Abdul Munaf, p. 2; Fortify Rights ၏ အင်တာဗြူး #17, ကူတန်၊ မလေးရှား (Aug. 13, 2014).

[190] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗြူး Abdul Munaf, p. 2.

[191] ဥပမာ, Fortify Rights အင်တာဗြူး #30, Yangon, Myanmar (Oct. 28, 2013) ကို ကြည့်ပါ။

[192] ဥပမာ, Fortify Rights, အင်တာဗြူး #09, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014) ကို ကြည့်ပါ။; Fortify Rights, အင်တာဗြူး #03, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014).

[193] Fortify Rights အင်တာဗြူး #26; Fortify Right အင်တာဗြူး #27.

[194] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗြူး Abdul Munaf.

[195] Fortify Rights အင်တာဗြူး #09, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014).

[196] Fortify Rights အင်တာဗြူး #03, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014).

[197] Fortify Rights အင်တာဗြူး #78, ကွာလာလမ်ပူ၊ မလေးရှား (Sept. 28, 2014).

[198] နေပြည်တော် တိုင်းစစ်ဌာနချုပ်များ၊ ဆလိုက် တင်ပြခြင်း ဘာသာပြန် p. 4 (Oct. 26, 2012) (Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှရယူသည်) [တိုင်းစစ်ဌာနချုပ်များ၊ ဆလိုက် တင်ပြခြင်း].

[199] *Ibid.*, p. 5.

အခွင့်အရေးလှုပ်ရှားသူများမှ မြန်မာအစိုးရသည် အကြမ်းဖက်မှုများကို ရှုပ်ထွေးစေပြီး ရိုဟင်ဂျာများကို ရခိုင်ပြည်မှ အင်အားသုံးဖယ်ရှားရာတွင် ပါဝင်ခဲ့ကြောင်း အစီရင်ခံတင်ပြထားသည်။ ရဲတပ်ဖွဲ့များက ရိုဟင်ဂျာတို့အား ၎င်းတို့အိမ်မှ ထွက်ခွါသွားရန် နောက်ဆုံးရက်များ သတ်မှတ်ခဲ့ကြောင်း ဖေါ်ပြချက်များအရသိရသည်။[200] သို့သော်လည်း ရိုဟင်ဂျာများသွားရန်နေရာမရှိပါ။ ရာပေါင်းများစွာသော ရိုဟင်ဂျာများနှင့်အခြား တိုင်းရင်းသားမွတ်စလင်များ လေ့များအပြည့်ဖြင့် ဝိုင်းရံထားခြင်း ခံရသောသူတို့၏ ရွာများမှ ထွက်ပြေးရန် ကြိုးစားခဲ့သည်။ ခိုလုံခွင့်တောင်းခံသော ရိုဟင်ဂျား ၈၀၀ ကျော် လိုက်ပါလာသော လေ့များကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များမှပြန်လည်နှင်ထုတ်ခဲ့သည်။[201] မြန်မာအစိုးရမှ ရိုဟင်ဂျာ ၃၀၀၀ ဦးအား စစ်တွေမြို့သို့ လေ့ဖြင့်မရောက်နိုင်ရန် တားဆီးခဲ့ပြီး[202] လက်နက်ဖြင့် ပစ်ကာ သူတို့အား ပြန်လှည့်သွားစေခဲ့သည်။[203] စစ်တွေဆိပ်ကမ်းသို့ အဝင်မခံသော လေ့များပေါ်ပါ ရှစ်ဦးသည် ရေခါတ်ခန်းခြောက်မှု သို့မဟုတ် အစာရေစာပြတ်လတ်မှု ကြောင့်သေဆုံးခဲ့ရသည်။ [204]

သေနတ်များနှင့်ဓားများ ကိုင်ဆောင်ထားသော စစ်သားများမှလည်း လမ်းများကို ပိတ်ဆို့ကာ ရိုဟင်ဂျာများကို သူတို့ သတ်မှတ်ထားသော နေရာများသို့ရောက်အောင် လမ်းလွဲပေးကြသည်။[205] အခြားရိုဟင်ဂျာများသည် တောင်ကုန်းများ ပေါ်တွင် ပုန်းအောင်းကာ အစိုးရတပ်များနှင့်ရခိုင်လူအုပ်များထံမှ လွတ်မြောက်ရန်ကြိုးစားခဲ့ရသည်။

ဖွန်လနှင့် အောက်တိုဘာလ အကြမ်းဖက်မှုများသည် မွတ်စလင်များ တစ်မြို့လုံးနီးပါး နေထိုင်ခဲ့သော မြို့အား လူသူကင်းမဲ့စေခဲ့သည်။[206] အာဏာပိုင်များ၏ ကိန်းဂဏန်းများအရ အောက်တိုဘာလ အကြမ်းဖက်မှုကြောင့် ရိုဟင်ဂျာ ၃၅၀၀၀ကျော် သူတို့၏အိုးအိမ်များမှ ထွက်ပြေးခဲ့ရသည်။[207] ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများ နောက်ဆုံးတွင် ရခိုင်ပြည်နယ်ရှိ သံဆူးကြိုးအကာအရံနှင့် စစ်တပ်၏ စစ်ဆေးဂိတ်များ ဝန်းရံထားသော ထိုးတဲရွာများတွင် အဆုံးသတ်ခဲ့သည်။[208] ရိုဟင်ဂျာများ စခန်းများမှ ယာယီထွက်ခွါရန် အတွက် ဒေသရှိစခန်းလုံခြုံရေး ရဲများထံမှ ခွင့်တောင်းယူရပြီး၊ ရဲအရာရှိများမှ မြို့သို့လိုက်ပို့ရန် အတွက် ငွေကြေးပမာဏ အချို့ကို ပေးရသည်။ သတ်မှတ်ထားသောနေရာတွင် သာနေထိုင်ရန် စောင့်ကြပ်သော ရဲများအပြင် ရိုဟင်ဂျာများ ခွင့်ပြုချက်မရှိဘဲ ခရီးမသွားနိုင်ရန် ရခိုင်ပြည်နယ်ရှိ လမ်းများတွင် ရဲစစ်ဆေးရေးဂိတ်များ ချထားသည်။[209] ရိုဟင်ဂျာများ၏ သွားလာမှုအား ထိန်းချုပ်ရန် ညွှန်ကြားချက်များကို အစိုးရအရာရှိများမှ ထုတ်ပြန်သည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ် ၂၄ ရက်နေ့တွင် သန်တွဲခရိုင် အုပ်ချုပ်ရေးရုံးမှ ကြေညာချက်ထုတ်ပြန်ရာတွင် သန်တွဲမှ တောင်ကုပ်၊ ဂိုအ၊ နှင့် ရန်ကုန်မြို့သို့ပြေးဆွဲနေသော ယာဉ်များအားလုံး "မွတ်စလင်များ မပါစေရန် တင်းကြပ်စွာထိန်းချုပ်ရမည်" ဟုဖေါ်ပြထားသည်။[210]

---

[200] Fortify Rights အင်တာဗြူး #03, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014); Fortify Rights အင်တာဗြူး အမှတ် #19, ကူတန်၊ မလေးရှား (Aug. 13, 2014); Fortify Rights အင်တာဗြူး #43, ထိုင်းနိုင်ငံ (Sept. 17, 2014).

[201] Dan Morrison ၏ *N.Y. Times* တွင်ရေးသားထားသော "ဘင်္ဂလားဒေ့ရှ်၏ ငြင်းဆိုပိုင်ခွင့်" "Bangladesh's Right of Refusal," *N.Y. Times* (June 19, 2012), http://latitude.blogs.nytimes.com/2012/06/19/bangladeshs-refusal-to-take-in-rohingyas-from-myanmar/?_r=0; Victoria Nuland ၏ *အ*မေရိကန်နိုင်ငံပြောရေးဆိုခွင့်ရှိသူ၏ နေ့စဉ်သတင်းထုတ်ပြန်ခြင်း Spokesperson, United States Department of State, Daily Press Briefing (June 13, 2012), http://www.state.gov/r/pa/prs/dpb/2012/06/192255.htm#BANGLADESH (ရိုဟင်ဂျာများအား လက်ခံရန် အမေရိကန်အစိုးရမှ ဘင်္ဂလားဒေ့ရှ် အစိုးရအားတောင်ဆို describing U.S. government's urging of Bangladeshi government to accept Rohingya).

[202] Peter Beaumont ၏ "မြန်မာခေါင်းဆောင်များမှ မွတ်စလင်များအပေါ် သတ်ဖြတ်ခဲ့သည်ကို ဝန်ခံသည်" "Burma's Leader Admits Deadly Attacks on Muslims," အထက်ပါမှတ်စုအားကြည့်ပါ 185.

[203] Fortify Rights အင်တာဗြူး #03, ကွာလာလမ်ပူ၊ မလေးရှား (Aug. 11, 2014).

[204] Dean Nelson ၏ *The Telegraph* တွင်ရေးသားထားသော "ရိုဟင်ဂျာ အရေးလှုပ်ရှားသူများ မြန်မာပြည်အား သေဆုံးမှုမှုများရပ်တန့်အောင် မလုပ်ဆောင်နိုင်ဟု စွပ်စွဲထား" "Rohingya Campaigners Accuse Burma of Failing to Stop Deaths," http://www.telegraph.co.uk/news/worldnews/asia/burmamyanmar/9636161/Rohingya-campaigners-accuse-Burma-of-failing-to-stop-deaths.html.

[205] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗြူး Abdul Munaf.

[206] Jason Szep & Andrew R.C. Marshall တို့၏ အထူးအစီရင်ခံစာ"Special Report," အထက်ပါမှတ်စု 174. အားကြည့်ပါ။

[207] *Ibid.*

[208] Andrew Buncome ၏ "အိမ်မဲ့နှင့်အကူအညီမဲ့" "Homeless and Helpless," အထက်ပါမှတ်စု 147. အားကြည့်ပါ။

[209] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗြူး Abdul Munaf; Graeme Wood ၏ New Publication တွင်ရေးသားထားသော "ကျေးလက်ဒေသက ချွေးတပ်စခန်း၊ မြန်မာနိုင်ငံသည် နောက်ထပ် ကမ္ဘာ၏ လူမျိုးတုန်းသတ်ဖြတ်မှု နေရာဖြစ်လာမည်လား" "A Countryside of Concentration Camps: Burma Could Be the Site of the World's Next Genocide," *New Republic* (Jan. 21, 2014), http://www.newrepublic.com/article/116241/burma-2014-countryside-concentration-camps.

[210] သံတွဲမြို့ခရိုင်အုပ်ချုပ်ရေးဌာနထံမှစာ (Oct. 24, 2012) (စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှရယူသည်).

စစ်တပ်မှပုဂ္ဂိုလ်များသည်လည်း ရိုဟင်ဂျာများ IDP စခန်းမှ အတင်းထွက်ခိုင်းကာ အန္တရာယ်ကြီးမားသော သမုဒ္ဒရာဖြတ်ကျော်သော ခရီးများကို နှင်စေသည်။ နစကနှင့် လုံထိန်းများမှ သူတို့အား IDP စခန်းမှ ဖမ်းဆီးကာ နစက စခန်းအနီးရှိ လှေဆိပ်သို့ မည်သို့ခေါ်ဆောင်သွားကြောင်းကို တတိယနိုင်ငံများတွင် ရောက်နေသော ရိုဟင်ဂျာ ဒုက္ခသည်များက ဖေါ်ပြကြသည်။ သူတို့သည် "ကုလား" များဖြစ်သည့်အတွက် ရခိုင်တွင် နေခွင့်မရှိဟု နစက က သူတို့ကိုပြောသည်။ နစကမှ ရိုဟင်ဂျာများအား လှေပေါ်သို့သွားရန် ညွှန်ကြားပြီး မသွားသော သူများကို သတ်ပစ်ပြီး လှေကိုပင်လယ်ပြင်သို့ မောင်းထုတ်လိုက်သည်။[211] လုံခြုံရေး တပ်များမှ "ဤနေရာသည် သင့်နေရာမဟုတ်၊ သင့်နိုင်ငံမဟုတ်၊ (ဌင်းအရာများ) သည်လည်း သင်တို့ ပိုင်ဆိုင်သည့် အရာမဟုတ်၊ ဒီမှာမနေနဲ့၊ ကြိုက်တဲ့နေရာသွားဟု" သူတို့ကိုပြောကြောင်း ဖေါ်ပြကြသည်။[212] ဒုက္ခသည်များက ပြောရာတွင် မြန်မာ တပ်မတော်၏ ရေတပ်သင်္ဘောများမှ သူတို့လှေများအား ပင်လယ်ပြင်တွင် ဝိုင်းရံပြီး ထိုင်းရေပိုင်နက်ထဲသွားရန် ညွှန်ကြားခဲ့သည်။[213]

၂၀၁၂ ဇန္နဝါရီလ မှ ၂၀၁၄ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရိုဟင်ဂျာ ၁၃၀၀၀၀ ကျော် အနှင်ထုတ်ခံခဲ့ရသည်ဟု UNHCRမှ ဖေါ်ပြထားသည်။[214] ဤဦးရေသည် IDP စခန်းများမှ ထွက်ပြေးကြသော ရိုဟင်ဂျာများနှင့် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ တိုက်ရိုက် ဖြစ်ပွားရာဒေသများမှ အိုးအိမ်စွန့်ခွါသူများ မပါသေးပါ။

(ဃ) ရိုဟင်ဂျာတို့ ဆက်လက်ခံစား ရသောဒုက္ခ၊ ၂၀၁၃ မှ ယခုချိန်ထိ

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနှင့် ရိုဟင်ဂျာများအပေါ် မြန်မာအစိုးရ၏ ခွဲခြားဆက်ဆံရေး မူဝါဒများသည် ရိုဟင်ဂျာအသိုင်းအဝိုင်းကို နိုင်ငံမဲ့အခြေအနေနှင့် စနစ်တကျ ညှင်းပန်းခြင်းများရင်ဆိုင်ခြင်းများကိုဖြစ်စေပါသည်။

(၁) ပြည်တွင်း နေရပ်စွန့်ခွာစခန်း (IDP) များ၏ အခြေအနေ

၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲတွင် မြန်မာအစိုးရမှ ရိုဟင်ဂျာများ မိမိတို့အိမ်သို့ ပြန်ရန် ခွင့်မပြုခြင်းသော်ငှင်း၊ လွယ်ကူချောမွေ့အောင် မစီစဉ်ပေးသဖြင့် ရိုဟင်ဂျာအများအပြားသည် ပိတ်ဆို့၊ စောင့်ကြပ်ထားပြီး ညှဉ်ဖျင်းစွာ စီစဉ်ထားသော စခန်းများ[215] သို့မဟုတ် ဝမ်းစာလုံလောက်မှုမရှိဘဲ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အကူအညီပေးသည့် အဖွဲ့များ မရောက်နိုင်သည့် ဝေးလံခေါင်ဖျား ရွာများတွင် နေထိုင်ကြရသည်။[216] "သူတို့လုံခြုံရေးအတွက်" စခန်းများတွင် အတင်းနေခိုင်းရခြင်း ဖြစ်ကြောင်း စစ်တပ်မှ ရေးသား ဖေါ်ပြထားသည်။[217] ၂၀၁၃ ခုနှစ် နိဝင်ဘာလအတွင်း ခန့်မှန်းခြေ ၁၄၀၀၀၀ ရိုဟင်ဂျာဦး တို့သည် ရခိုင်ပြည်နယ်ရှိ ဒါဇင်ပေါင်း များစွာသော စခန်းများတွင်နေထိုင်ခဲ့ကြသည်။[218]

---

[211] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Abdul Munaf, p. 6; Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Halima Hatu, pp. 1-2.

[212] Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Abdul Munaf, p. 15.

[213] *Ibid.*, p. 7; Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Halima Hatu, p. 4.

[214] U.N. High Commissioner for Refugees, Regional Office for Southeast Asia, *Irregular Maritime Movements in Southeast Asia—2014* ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ အရှေ့တောင်အာရှ ဒေသဌာနေရုံးမှ ထုတ်ပြန်သော အရှေ့တောင်အာရှ၏ သာမန်မဟုတ်သော ပင်လယ်ပြင်လုပ်ရှားမှု (Apr. 2015), http://storybuilder.jumpstart.ge/en/unhcr-imm.

[215] Human Rights Watch ၏ ၂၀၁၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ မြန်မာနိုင်ငံ (Jan. 2014), http://www.hrw.org/world-report-%5Bscheduler-publish-yyyy%5D/world-report-2014-burma.

[216] U.N. Office for the Coordination of Humanitarian Affairs (UNOCHA) ၏လူသားချင်းစာနာရေးဆိုင်ရာ အစီရင်ခံစာ၊ မြန်မာ *Humanitarian Bulletin: Myanmar*, p. 3 (June 2013), http://reliefweb.int/sites/reliefweb.int/files/resources/Myanmar%20Humanitarian%20Bulletin%20June%202013.pdf.

[217] Jonah Fisher ၏ *BBC News* တွင်ရေးသားထားသော "အကူအညီများ ရပ်တည့်ခံရသောကြောင့် မြန်မာအိုးအိမ်စွန့်ခွါ ရိုဟင်ဂျာများခံစားနေရသည်" "Burma's Displaced Rohingya Suffer as Aid Blocked," *BBC News* (Dec. 13, 2012), http://www.bbc.com/news/world-asia-pacific-20694414.

[218] U.N. Office for the Coordination of Humanitarian Affairs (UNOCHA), *Myanmar: Internal Displacement in Rakhine State As of November 30, 2013*, (UNOCHA) ၏ ရခိုင်ပြည်နယ်ရှိ ပြည်တွင်း ဒုက္ခသည်များ ၂၀၁၃ ခုနှစ် နိဝင်ဘာလ ၃၀ ရက်ထိရရှိသော အချက်အလက် http://reliefweb.int/sites/reliefweb.int/files/resources/IDPMap_OCHA_MMR_0131_Rakhine_IDP_locations_A3_30Nov2013.pdf; Rushanara Ali ၏ *The Guardian* တွင်ရေးသားထားသော "မြန်မာရိုဟင်ဂျာလူမျိုး၊ ခွဲခြားမှုနှင့်စိတ်ပျက်ဖွယ်ရာ ဇတ်လမ်းတစ်ပုဒ်" "Burma's

ရခိုင်ပြည်နယ်အတွင်းရှိ IDPစခန်းများ၏ အခြေအနေသည် လူသားခြင်းစာနာထောက်ထားမှု၏ အကြပ်အတည်း တစ်ခုဖြစ်သည်။ စခန်းများကို လှည့်လည်ကြည့်ရှုပြီးနောက် U.N၏အထွေထွေ အတွင်းရေးမှူးချုပ်အောက်ရှိ လူသားခြင်းစာနာထောက်ထားမှု ရေးရာများဆိုင်ရာအရာရှိမှ (U.N ၏ အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူး) သက်တမ်းတစ်လျောက်လုံးတွင် စခန်းပေါင်းများစွာ တွေ့မြင်ခဲ့သော်လည်း ဤစခန်း၏အခြေအနေမှာ အဆိုးဝါးဆုံး အဆင့်တွင်ရှိသည်" ဟု ကြေညာခဲ့ပါသည်။[219]

ရိုဟင်ဂျာများသည် IDP စခန်းများတွင် ကြပ်သိပ်စွာနေရပြီး ဝင်ငွေရရန် အရင်းအမြစ်များ၊ အစားအစာ၊ ပညာရေး နှင့် အသက်ကယ်ဆေးဝါးနှင့် စောင့်ရှောက်မှုများအပါအဝင် လွတ်လပ်စွာ သွားလာခွင့်နှင့် အခြေခံအရင်းအမြစ်များရရှိရန် အကြီးအကျယ် ကန့်သတ်မှုများဖြင့် ရင်ဆိုင်သည်။[220] နောက်ထပ်ပိုမို ဆိုးဝါးစေသော ပြဿနာမှာ IDP စခန်း တော်တော်များများသည် မြေနိမ့်ဒေသများတွင် တည်ရှိသောကြောင့် မိုးရာသီတွင် ရေကြီးနိုင်သည့် အားနည်းချက် အခြေအနေတွင်ရှိသည်။ စခန်းတော်တော်များများသည် လုံလောက်သော အိမ်သာ၊ သောက်ရေ၊ စွန့်ပစ် ပစ္စည်းထိမ်းသိန်းရေး အဆောက်အဦများနှင့် ရေဆိုးစနစ်တို့မရှိဘဲ မိလ္လာရေများက ချောင်းများသဖွယ်ဝိုင်းရံ နေသည်။[221]

IDP စခန်းများတွင် နေထိုင်ကြသည့် ရိုဟင်ဂျာများသည် ကြာမြင့်ပြီဖြစ်သော အစားအစာပြတ်လတ်မှုများ နှင့်ကြုံတွေ့ရသည်။ အိုးအိမ်စွန့်ခွာရသော ရိုဟင်ဂျာများအတွက် အစားအစာဖြန့်ဝေပေးရန် တောင်းဆိုမှုများကို အစိုးရမှအလှဲ့ကျပြင်းဆိုခဲ့သည်။ IDPစခန်းတွင် နေထိုင်သည့် ရိုဟင်ဂျာတစ်ဦးက ၂၀၁၂ခုနှစ် အကြမ်းဖက်မှု များအပေါ် လက်တုံ့ပြန်သည့်အနေဖြင့်၊ သူတို့၏ တောင်းဆိုချက်များကို အစိုးရက ငြင်းပယ်ခြင်း ဖြစ်ကြောင်း သူ့အထင်အမြင်ကိုပြောခဲ့သည်။[222] အစားအစာများဖြန့်ဝေသည့် စာရင်းတွင် တရားဝင်အမည်ရှိသူများ အစားအစား မရကြကြောင်း အစီရင်ခံခဲ့ကြသည်။[223] ဒိန်းမတ်ဒုက္ခသည်ကောင်စီ၏ Danish Refugee Council ၂၀၁၄ ခုနှစ် အစားအစာမှတ်တမ်းအရ အစားအစာပြတ်တောက်ရသည့် အကြောင်းရင်းမှာ တစ်ပါတ်အတွင်း အစားအစာ ဈေးနှုန်း ငါးဆယ်ရာခိုင်နှုန်းအထိ မြင့်တက်သွားခြင်း၊ ရေအလုံအလောက်မရှိခြင်း၊ ငွေကြေးချမ်းသာ သူများမှ ရေကိုအဆမတန် ဈေးပေးဝယ်ယူပြီး၊ ဆင်းရဲသားများမှ ပင်လယ်ရေသောက်ရခြင်း၊ ရေသန့်လုံလောက်မှု မရှိခြင်း၊ အိမ်သာများ သုံးမရခြင်း၊ ဆေးဝါးကုသပေးမှု မလုံလောက်ခြင်း၊ စသောပြဿနာများ ဖြေရှင်းမှုမရှိဘဲ တစ်ပါတ်ထက်တစ်ပါတ်ပိုမို တိုးပွားလာရသည်ဟု အစီရင်ခံထားသည်။[224] ထို့နည်းတူ Save the Children၏နေ့စဉ် IDPစခန်းမှတ်တမ်းတွင် အဆိုပါအချိန်အတွင်း အစားအစာ၊ ရေနှင့် ဆေးဝါးကုသမှုများ မလုံလောက်မှုမရှိဟု မှတ်တမ်းတင်ထားသည်။ Save the Children၏ ၄င်းမှတ်တမ်းတွင် အစိုးရမှ စားနပ်ရိက္ခာများဝေငှရန် ပျက်ကွက်ခဲ့သည်၊ နေ့စဉ် ဆန်အိတ် ၃၉၀၀

Rohingya People: A Story of Segregation and Desperation," *The Guardian* (June 3, 2013), http://www.theguardian.com/global-development/poverty-matters/2013/jun/03/burma-rohingya-segregation;
အမေရိကန်နိုင်ငံလူအစုလိုက်အပြုံလိုက်အသတ်ခံရသူများအတွက် အောက်မေ့ဖွယ်ရာပြတိုက်၏ "ရိုဟင်ဂျာတို့၏ ဆင်းရဲဒုက္ခ" "The Plight of the Rohingya," United States Holocaust Memorial Museum, http://www.ushmm.org/confront-genocide/cases/burma
(အဆိုပါလုပ်ဆောင်ချက်များသည် ရိုဟင်ဂျာများ မှတ်ပုံတင်ရာတွင် မိမိကိုယ်ကို ဘင်္ဂါလီဟု သတ်မှတ်ရန်လိုအပ်ချက်သည် သူတို့အား တရားမဝင်အခြေအနေသို့ရောက်အောင် တွန်းပို့သည်ဟု မြင်နိုင်ပါသည်)"These efforts, however, included a registration drive that required Rohingya to identify themselves as 'Bengali,' which many viewed as forcing them to accede to illegal status.").

[219] *Associated Press* ၏ U.N. လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ဦးစီးချုပ်မှ မြန်မာတိုင်းရင်းသားဒုက္ခသည်များ၏ အခြေအနေ အလွန်ဆိုးဝါးနေ"\"U.N. Humanitarian Chief Says Conditions Dire for Some Refugees from Myanmar Ethnic Strife," *Associated Press* (Sept. 12, 2012) http://www.unhcr.org/cgi-bin/texis/vtx/refdaily?pass=52fc6fbd5&id=50c58b225.

[220] 220 For example, *see*, Thomas H. Andrews & Daniel Sullivan, *Marching to Genocide in Burma*, *see above* note 187, p. 2.
ဥပမာ အားဖြင့် Thomas H. Andrews & Daniel Sullivan ၏ မြန်မာနိုင်ငံတွင် လူမျိုးတုန်းသတ်ဖြတ်မှုဆီသို့ချီတက်နေသည်။ အထက်ပါမှတ်စု 187, p. 2 အားကြည့်ပါ

[221] ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ၊ အထက်ပါမှတ်စု 5, pp. 41, 54 အားကြည့်ပါ; *BBC News* သတင်းမှ
မြန်မာရိုဟင်ဂျာများအတွက် လူပ်ရှားမှုသည် ဆိုးဝါးနေပြီ "Burma Camp for Rohingyas 'Dire' – Valerie Amos," *BBC News* (Dec. 5, 2012), http://www.bbc.com/news/world-asia-20615778.

[222] Unpublished Internal U.N. Myanmar Report, *see above* note 136, p. 17.

[223] 223 Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Nurul Hakim; Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်, အင်တာဗျူး Red Bearded Man, p. 1.

[224] 224 Danish Refugee Council ၏ ရခိုင်ရှိနေရာများမှ နေ့စဉ်အချက်အလက်မှတ်တမ်း DRC မှရယူထားပါသည် Daily Record of Information from DRC Program Locations in Rakhine (Apr. 2014) (Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှရယူသည်).

လိုသည့်နေရာတွင် ၉၀၀အိတ်သာ ဝေပေးခဲ့ပြီး ၁၂ အိတ်သည် ဘာမှမပါဘဲ ရောက်သွားသည် ဟုမှတ်တမ်းတင်ထားသည်။[225] ၄င်းအဖွဲ့အစည်းမှ ရိုဟင်ဂျာအချို့သည် ကော်ရေသာ သောက်ရသည်ဟု အစီရင်ခံခဲ့သည်။[226]

မြန်မာတပ်မတော်နှင့် ရခိုင်လူမျိုးတို့သည် လူသားခြင်းစာနာထောက်ထားသည့် အကူအညီများ စခန်းများဆီသို့ မရောက်နိုင်ရန် တားဆီးခဲ့ကြသည်။ ထို့အပြင် လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် ဝန်ထမ်းများ မသွားနိုင်အောင် သတ်မှတ်ချက်များဖြင့် တင်းကျပ်ထားသဖြင့် ရိုဟင်ဂျာများအတွက် အသက်ကယ် ဆေးဝါးကုသမှု အရင်းအမြစ်များကို ကန့်သတ်ရာရောက်သည်။[227] ကိုယ်ဝန်ဆောင် ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရနိုင်ခြင်းသည် ကလေးမမွေးရန် တားဆီးရာရောက်ကြောင်း ရိုဟင်ဂျာများက ဖေါ်ပြကြပြီး တော်တော်များများသည် ရှောင်ရှားနိုင်သည့် မီးတွင်းသေဆုံးမှုများရှိခဲ့သည်ဟုဖေါ်ပြထားသည်။[228] စခန်းအပြင်ဖက်ရှိ ကျန်းမာရေးဌာနများသို့ သွားရောက်ဆေးဝါးကုသရန် သယ်ယူပို့ဆောင်ရေးကို ကန့်သတ်ထားပြီး ဈေးအလွန် ကြီးသည်။ ဤအရာနှင့်ဆန့်ကျင်ဘက်မှမူ ရခိုင်ဗုဒ္ဓဘာသာများနေထိုင်သော စခန်းများတွင် ရေဆိုးစနစ်များ ကောင်းပြီး အစားအစာနှင့်ဆေးဝါးများ ပုံမှန်ပေးပို့မှုကိုရနေသည်။[229]

မြန်မာအစိုးရ၏ မူဝါဒများနှင့် ဌာနေရခိုင်တို့၏ အလေ့အကျင့်များကြောင့် ရိုဟင်ဂျာအများစုမှာ အလုပ်လက်မဲ့ ဖြစ်နေသည်။ လွတ်လပ်စွာသွားလာမှုကို ကန့်သတ်ထားခြင်းသည် ရိုဟင်ဂျာများ အလုပ်မရအောင်၊ မိမိစွမ်းရည်ကို အသုံးပြုပြီး အသက်မွေးမှု မပြုလုပ်နိုင်အောင် ဖန်တီးနေသည်။ နိုင်ငံသား မဟုတ်သည့် ရိုဟင်ဂျာတို့၏ မြေယာကို အစိုးရမှ သိမ်းယူပြီး စိုက်ပျိုးရေးမလုပ်နိုင်ရန် အခွင့်အရေးအား ငြင်းဆိုခဲ့သည်။[230] ရခိုင်မြေယာပိုင်ရှင်များသည် ရိုဟင်ဂျာများအား မြေယာငှားရမ်းခွင့်ပြုခြင်းများနှင့် ရခိုင်ပိုင်မြေယာများတွင် အလုပ်လုပ်ကိုင် စေခြင်းများဖြင့် နောက်ဆုံးတွင် သဘောတူကြရသည်။ ရိုဟင်ဂျာများသည် နိုင်ငံသားလက်မှတ်များ မရှိသဖြင့် ရခိုင်ပြည်နယ်ပြင်ပတွင် ရောင်းဝယ်ဖောက်ကားခြင်းနှင့် အလုပ်အကိုင်များ မပြုလုပ်နိုင်ကြပါ။[231]

၂၀၁၄ ခုနှစ် ဇန္နဝါရီလအတွင်း အကြမ်းဖက်မှု တစ်ခုတွင် တိုက်ခိုက်ခံခဲ့ရသော ရိုဟင်ဂျာများအား ကုသပေးခဲ့သည်ကို အဖွဲ့မှ လူသိရှင်ကြား ပြောဆိုခဲ့သည့်အတွက် ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင် မြန်မာအစိုးရမှ Médecins Sans Frontières (MSF) သို့မဟုတ် နယ်ခြားမဲ့ ဆရာဝန်များအသင်း Doctors Without Borders အား ရခိုင်ပြည်နယ်ရှိ ၄င်းတို့၏လုပ်ငန်းအားလုံး ရပ်ဆိုင်းရန် တွန်းအားပေးခဲ့သည်။[232] ၄င်းအဖွဲ့သည် ရိုဟင်ဂျာအများစုပါဝင်သော လူဦးရေ ၅၀၀၀၀၀ ဦးအား အရေးကြီးသော ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့်အပြင် IDP စခန်းများနှင့် ပါတ်ဝန်းကျင်ရှိ ရိုဟင်ဂျာ ၂၀၀၀၀၀ အား ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် "ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကျန်းမားရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အကြီးဆုံးအဖွဲ့" ဖြစ်သည်။[233] ၂၀၀၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သော လူပေါင်း ၁.၂ သန်းအား ကုသမှုပေးနေသည့် ၄င်းဖျားရောဂါ ကုသရေးအစီအစဉ် အစရှိသည့် ရခိုင်ပြည်နယ်ရှိ (MSF)၏

---

[225] Save the Children ၏ နေ့စဉ်အချက်အလက်မှတ်တမ်း Daily Status Update (ရခိုင်၏အဓိကစစ်ဆင်ရေးဇရိယာများ) (Apr. 8, 2014) (စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှရယူသည်).

[226] 226 Save the Children ၏ နေ့စဉ်အချက်အလက်မှတ်တမ်း Daily Status Update (ရခိုင်၏အဓိကစစ်ဆင်ရေးဇရိယာများ) (Apr. 1, 2014) (စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှရယူသည်).

[227] 227 Human Rights Watch၏ မြန်မာ၊ ရိုဟင်ဂျာမွတ်စလင်များ လူသားခြင်းစာနာထောက်ထားသည့်အကူအညီ အကြပ်အတည်းများကြုံနေရသည် (Mar. 26, 2013), http://www.hrw.org/news/2013/03/26/burma-rohingya-muslims-face-humanitarian-crisis.

[228] 228 Unpublished Internal U.N. Myanmar Report, *see above* note 136, p. 20. U.N မှမထုတ်ပြန်ခဲ့သော မြန်မာအတွင်းရေး အစီရင်ခံစာ

[229] "Burma Camp for Rohingyas 'Dire' – Valerie Amos," *BBC News*, *see above* note 221. *BBC News* သတင်းမှ မြန်မာရိုဟင်ဂျာများစခန်း ဆိုးဝါးနေပြီ

[230] *Rohingya Eye* ၏ "ရခိုင်ရှိများအတွက် ရိုဟင်ဂျာ လယ်မြေများကို မြန်မာအစိုးရမှ သိမ်းယူပေး" "Myanmar Government Confiscates Rohingyas' Agricultural Lands for Rakhines," (July 2, 2014), http://www.rvisiontv.com/myanmar-govt-confiscate-rohingyas-agricultural-lands-rakhines/.

[231] အထက်ပါဆွေးနွေးချက် အပိုင်း III.A. ကိုကြည့်ပါ။ Rakhine Commission Report ကိုလည်းကြည့်ပါ။ အထက်ပါ မှတ်ချက် 5, pp. 29-31 ကိုကြည့်ပါ။

[232] ," *L.A. Times* (Feb. 28, 2014) တွင် Alexandra Zavis မှ ရေးသားသည့် "Myanmar Orders Doctors Without Borders to Cease Operationshttp://www.latimes.com/world/worldnow/la-fg-wn-myanmar-orders-doctors-without-borders-to-cease-operations-20140228,0,2115340.story.

[233] *N.Y. Times* (Mar. 13, 2014) တွင် Jane Perlez မှ ရေးသားသည့် "Ban on Doctors' Group Imperils Muslim Minority in Myanmar," http://www.nytimes.com/2014/03/14/world/asia/myanmar-bans-doctors-without-borders.html; *ibid*.

အကြာမြင့်ဆုံး ဆောင်ရွက်နေသည့် အစီအစဉ်များ ရပ်နားခဲ့ရသည်။[234] ထို့ပြင် (MSF) ၏ ဝန်ထမ်း ၅၀၀ ကျော် ဆုတ်ခွာရခြင်းမှာ ရခိုင်ပြည်တွင်းရှိ အကြမ်းဖက်မှုများတွင် အလားအလာရှိ ပြင်ပမျက်မြင်သက်သေ အရေအတွက် လျော့နည်းသွားစေခြင်းဖြစ်သည်။[235] အခြား NGO များလည်း ခြိမ်းခြောက်မှုများ ထပ်ခါတလဲလဲ ကြုံတွေ့ခဲ့ရသည်။[236] နိုင်ငံတကာဖိအားများကြောင့် မြန်မာအစိုးရသည် (MSF)ကို ၂၀၁၅ ခုနှစ်တွင် ပြန်လည် လုပ်ကိုင်ခွင့်ပေးခဲ့သည်။[237]

အဆိုပါအခြေအနေများမှ လွတ်မြောက်ရန်အတွက် ရိုဟင်ဂျာ ၁၅၀၀၀၀ ဦးသည် ၂၀၁၂ခုနှစ်မှ စ၍ ထိုင်း၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့ ထွက်ပြေးခဲ့ကြောင်း UNHCR ကခန့်မှန်းခဲ့သည်။ ၄င်းနိုင်များတွင် လူကုန်ကူးသူများ၏ လက်အောက်သို့ ရောက်ခဲ့ရသည်။[238] မြန်မာနိုင်ငံမှ ထွက်ခွာရသော ဒုက္ခသည်များသည် ၂၀၁၅ ခုနှစ်နွေရာသီတွင် အကျပ်တည်းဆုံး အခြေအနေသို့ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ထောင်ပေါင်းများစွာသော ရိုဟင်ဂျာများ မြန်မာနိုင်ငံမှ ထွက်ခွာရာတွင် အများစုမှာ အန္တရာယ်များသော ပင်လယ်ပြင်ခရီးကို အသုံးပြုခဲ့ကြသည်။[239] စစ်တွေမှ လာပြီး ရန်ကုန်တွင်နေထိုင်သည့် ရိုဟင်ဂျာ တစ်ဦးကပြောရာတွင် -

> အစိုးရ၏ စီမံကိန်းမှာ ကျွန်ုပ်တို့ လူမျိုးအားလုံး ပြီးပြတ်သွားအောင် သေသွားအောင် လုပ်နေတာပါ။ ဒါပေမဲ့ သူတို့ကျည်ဆံများဖြင့် အားလုံးကို မသတ်နိုင်ပါ။ သူတို့လုပ်နိုင်တာက အစားအစာနဲ့ဆေးဝါးများ မပေးဘဲထားမယ်။ လူတွေမသေရင် နိုင်ငံထဲက ထွက်သွားမယ်။ အစိုးရက မတူတဲ့နည်းလမ်းတွေကို အသုံးပြုပြီး လူတွေကိုသတ်နေတယ်။[240]

တစ်ချိန်တည်းတွင် ရလဒ်အဖြစ် ရာပေါင်းများစွာသော ရိုဟင်ဂျာများအား သတ်ဖြတ်ရန် မူဝါဒများနှင့် အလေ့အကျင့်များ၏ သက်သေအထောက်အထားများ များပြားလာနေသော်လည်း ရခိုင်ပြည်နယ် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းမြိုင်မှ ၂၀၁၃ ခုနှစ်တွင် "တိုင်းရင်းသား ရှင်းလင်းသုတ်သင်တယ်လို့ ဘယ်လိုပြောလို့ရသလဲ၊ သူတို့ (ရိုဟင်ဂျာ)က တိုင်းရင်းသားတစ်စု မဟုတ်ဘူး" ပြောဆိုပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသား ရှင်းလင်း သုတ်သင်သည့် စွပ်စွဲချက်ကို ငြင်းပယ်ခဲ့သည်။[241]

(၂) ခွဲခြားဆက်ဆံမှု ဥပဒေများနှင့် ရိုဟင်ဂျာဆန့်ကျင်ရေး အစိုးရ၏ အလေ့အကျင့်များ

ဗုဒ္ဓဘာသာသံဃာတော်များနှင့် ဒေသခံရခိုင်များ၏ အသုံးအနှုန်းကို ရောင်ပြတ်ဟတ်သည့် ရိုဟင်ဂျာနှင့် ပါတ်သက်သော ခွဲခြားဆက်ဆံသည့် စကားအသုံးအနှုန်းဖြစ်သည့် "ခြိမ်းခြောက်မှု"ကို နိုင်ငံအစိုးရ၏ အကြီးတန်းအရာရှိကြီးများမှ အသုံးပြုကြသည်။ ၂၀၁၃ခုနှစ်တွင် ယခင်လွတ်တော် ပြောရေးဆိုခွင့်ရှိသူ သူရဌေမန်းမှ သမ္မတဦးသိန်းစိန်ထံ "ရခိုင်ပြည်နယ်ဖွဲ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားရန်" စာတမ်းတစ်စောင် ပေးပို့ခဲ့သည်။

၄င်းစာတမ်းကို ဖော်တီဖိုင်းရိုက်မှ ရရှိခဲ့သည်။ ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ် မှ ရခိုင်သို့ "ခိုးဝင်" လာသူ များဖြစ်ပြီး လက်နက်များ ကိုင်ဆောင်ထားကာ နိုင်ငံတကာ အကြမ်းဖက် အသင်းအဖွဲ့များနှင့် ချိတ်ဆက်ထားသည့် ရခိုင်ပြည်နယ်

---

[234] Médecins Sans Frontières (MSF) ၏ *Myanmar: MSF Restarts Basic Medical Activities in Parts of Myanmar's Rakhine State After Nine-month Absence* (Jan. 20, 2015), http://www.msf.org/article/myanmar-msf-restarts-basic-medical-activities-parts-myanmar%E2%80%99s-rakhine-state-after-nine-month.

[235] Perlez ၏ "Ban on Doctors' Group," အထက်ပါ မှတ်ချက် 233 ကိုကြည့်ပါ။

[236] Myanmar: Minutes of the Area Security Management Team Meeting (June 6, 2014) (Al Jazeera စုံစမ်းစစ်ဆေးရေး ယူနစ်တွင် ရှိဖိုင်မှ) (အပြည်ပြည်ဆိုင်ရာ အဖွဲ့ဝန်ထမ်းများနှင့် NGOs များအား အိမ်ငှားရမ်းထားသူများ အား ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်စေမည့် ချိန်းခြောက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်ကို ဖေါ်ပြထားသည်).

[237] *Al Jazeera America* (Jan. 21, 2015) တွင် Wilson Dizard မှ ရေးသားသည့် "Doctors Without Borders Resume Work in Myanmar After Government Shutdown," http://america.aljazeera.com/articles/2015/1/21/rohingya-muslims.html.

[238] United to End Genocide, *Burma Backgrounder* (July 10, 2015), http://endgenocide.org/conflict-areas/burma-backgrounder.

[239] Eleanor Albert ၏ *The Rohingya Migrant Crisis*, Council on Foreign Relations (June 17, 2015), http://www.cfr.org/burmamyanmar/rohingya-migrant-crisis/p36651.

[240] အင်တာဗျူး #02, ကွာလာလမ်ပူ၊ မလေးရှား (Aug. 10, 2014) .

[241] *Reuters* Jason Szep ၏ အထူးအစီရင်ခံစာ - မြန်မာနိုင်ငံရှိ လူနည်းစု မွတ်စလင်များ အပေါ်အသားရောင်ခွဲခြားသည့် နည်းပရိယာယ် "Special Report - In Myanmar, Apartheid Tactics Against Minority Muslims," *Reuters* (May 15, 2013), http://www.reuters.com/article/2013/05/15/us-myanmar-rohingya-specialreport-idUSBRE94E00020130515.

အား သိမ်းပိုက်ရန် ကြံစည်နေသည်ဟု ဒေသခံအစိုးရအရာရှိများမှ ထွက်ဆိုထားသည်။[242] ၄င်းစာတမ်းတွင်လည်း "ဘင်္ဂလီများသည် အိမ်ထောင်ပြုခြင်းနှင့်ကလေးယူခြင်းတို့ကို စနစ်တကျ နည်းများဖြင့် မကိုင်တွယ်သဖြင့် သူတို့၏ လူဦးရေ အဆမတန် တိုးပွားလာပြီး လူသားတို့၏ ယဉ်ကျေးမှု စံချိန်စံညွှန်း တွေနဲ့မသင့်တော်"ဟု ကြေညာထားသည်။[243] ၄င်းတင်ပြချက်စာတမ်းသည် ရှိဟင်ဂျာများအား ကျူးကျော်သူများနှင့် ရခိုင်များအား "တိုင်းပြည်၏ အချုပ်အာဏာကို အချိန်တိုင်း အသက်ပေး ကာကွယ်ပေးမည့် သူများ" အဖြင်တစ်ခုအား ခိုင်မာစေပါသည်။[244]

အစိုးရ၏ ရခိုင်စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ အကြံပြုချက်ထုတ်ပြန်ပြီး တစ်နှစ်ခွဲအကြာ ၂၀၁၄ ခုနှစ်တွင် အစိုးရ၏ တုံ့ပြန်သော မူကြမ်းတစ်ခု သတင်းဌာနသို့ ပေါက်ကြားခဲ့သည်။[245] ၄င်းမူကြမ်းတွင် ရှိဟင်ဂျာများအား မိမိတို့ မူလနေရာသို့ ပြန်ပို့ရန် မဆွေးနွေးထားပါ။ ပြန်ပို့မည့်အစား ရှိဟင်ဂျာများအား IDPစခန်းများမှ ပြည်နယ်တွင်းရှိ မသတ်မှတ်ရသေးသည့် အမြဲတမ်းပြန်လည်ချထားရေးဇုန်သို့ ပြောင်းရွှေ့ရန် အစီအစဉ် တစ်ခုအားဖေါ်ပြထားသည်။ ၄င်းမူကြမ်းတွင် ရှိဟင်ဂျာတို့၏ နိုင်ငံသားဖြစ်မှုကို ခွာချသော ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို အခြေခံသည့် နိုင်ငံသားစိစစ်နည်းကို အသုံးပြုမည့် အစီအစဉ်များကိုလည်းဖေါ်ပြထားသည်။ "နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်အသစ်" သည် "ဘင်္ဂလီများ" အဖြစ်မှတ်ပုံတင်မည်ဖြစ်ပြီး၊ ၄င်းအသုံးအနှုန်းအား လက်ခံသူများကို လုပ်ငန်းစဉ်တွင် ခွင့်ပြုသွားမည်ဖြစ်သည်။ "ဘင်္ဂလီ"ဟု မိမိကိုယ်ကို လက်မခံသော ရှိဟင်ဂျာများကို နိုင်ငံသားဖြစ်ခြင်းမှ ငြင်းပယ်၍ "ယာယီစခန်းများ" တွင်အချိန်အတိုင်းအတာမရှိထားမည်ဖြစ်သည်။ ၄င်းအစီအစဉ်ကို "သူတို့အား (ရှိဟင်ဂျာများ) တိုင်ပြည်မှ ထွက်ခွာသွားအောင် ဖိအားပေးသော အမြဲတမ်းခွဲခြားမှုနှင့် နိုင်ငံမဲ့ဖြစ်ရန် အသေးစိတ် အစီအစဉ်ဆွဲထားသောပုံတစ်ခု" ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watchမှ ခေါ်ဆိုခဲ့ပါသည်။[246]

အဆိုပါ ပေါက်ကြားခဲ့သော မူကြမ်းကြောင့် ရှိဟင်ဂျာများအား နိုင်ငံသား မပေးရန် ဆန့်ကျင်သည့် ရခိုင်အုပ်စုများနှင့် "ဘင်္ဂလီ"ဟု မှတ်ပုံရန် မလိုလားသည့် ရှိဟင်ဂျာများမှ ဆန္ဒပြမှုများ ဖြစ်ပွားစေခဲ့သည်။[247] ၂၀၁၅ ခုနှစ် ဇန္နဝါရီလတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းမှ မူကြမ်းအရ ပြန်လည်နေရာချထားရေး အစီအစဉ်များ နောက်နေးရသည့် အကြောင်းကို ရှိဟင်ဂျာထံအပြစ်ပုံချခဲ့သည်။ သူက"နိုင်ငံကလက်မခံနိုင်သည့် အမည်တစ်ခုအား တောင်းဆိုသည့် အတွက် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ် ရပ်ဆိုင်းခဲ့ရသည်။ ထိုရလဒ်ကြောင့် တိုးတက်မှုမရှိကြောင်း မြင်တွေ့ရသည်။ ယခင်က စိစစ်ရေးကို ပြီးဆုံးအောင်လုပ်ဆောင်ပြီး သူတို့ကို ပြန်လည်နေရာချထားရန် စီစဉ်ထားခဲ့သည်။"ဟု ပြောဆိုခဲ့သည်။[248]

ဒေသဆိုင်ရာ၏ သင့်လျော်မှုမရှိသည့် ခွဲခြားဆက်ဆံမှု မူဝါဒများကို မြန်မာနိုင်ငံတော်အစိုးရမှ နိုင်ငံတော် ဥပဒေအဖြစ် စတင်အတည်ပြုခဲ့သည်။ ရှိဟင်ဂျာများ အိမ်ထောင်ပြုခြင်းနှင့် ကလေးမွေးဖွားခြင်းကိုတားမြစ်သည့် စည်းမျဉ်းများသည် အစောပိုင်းက ဒေသဆိုင်ရာ အဆင့်တွင်သာရှိသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်တစ်လျောက် ရှိဟင်ဂျာ လူဦးရေထူထပ်သောနေရာများတွင် ကလေးနှစ်ဦးကန့်သတ်ချက်ကို မကြာသေးမီ နှစ်များအတွင်း ရှိဟင်ဂျာ မိသားစုများ အပေါ်သီးသန့် ချမှတ်ထားခဲ့သည်။[249] ၂၀၁၅ ခုနှစ်တွင် မြန်မာအမျိုးသား လွတ်တော်မှ ၄င်းဥပဒေများအား နိုင်ငံတစ်ခုလုံးသို့ အကျုံးဝင်စေခဲ့သည်။ အမျိုးသားလွတ်တော်မှ အတည်ပြုပြီး ဦးသိန်းစိန်မှ လတ်မှတ်ရေထိုးကာ "လူမျိုးနှင့်ဘာသာကာကွယ်စောင့်ရှောက်ရေး ဥပဒေများကို" အတွဲလိုက် ထုတ်ပြန်ခဲ့သည်။ ၄င်းတို့ထဲမှ

---

[242] ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ရခိုင်ပြည်နယ် တိုးတက်မှု အစီရင်ခံစာ Director General Kyaw Soe, Submission on the Development of Rakhine State (Oct. 15, 2013) (Al Jazeera ၏ စုံစမ်းစစ်ဆေးရေး ယူနစ် ဖိုင်မှ).

[243] *Ibid.*, p. 7.

[244] *Ibid.*, p. 21.

[245] Human Rights Watch လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ *မြန်မာအစိုးရ အစီအစဉ်သည် ရှိဟင်ဂျာများကို ခွဲခြားစေမည်Burma: Government Plan Would Segregate Rohingya* (Oct. 3, 2014), http://www.hrw.org/news/2014/10/03/burma-government-plan-would-segregate-rohingya.

[246] *Ibid.*

[247] မြန်မာတိုင်း(Jan. 9, 2015) မှ လီစာမင်းအောင်၏ "မြန်မာအစိုးရမှ လုပ်ငန်းအစီအစဉ်ကို ပြန်လည်သုံးသပ်နေ" http://www.mmtimes.com/index.php/national-news/12754-rakhine-action-plan-in-line-for-amendments.html.

[248] *Ibid.*

[249] ဥပမာအားဖြင့် ၂၀၁၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် မြန်မာအာဏာပိုင်များသည် မောင်တောခရိုင် တွင် ရှိဟင်ဂျာများအတွက်သာ ချမှတ်သည့် ကလေး ၂ ဦးပေါ်လစီ ကိုချမှတ်ခဲ့သည်။ သို့သော်လည်း ရခိုင်ပြည်နယ်ရှိ ရှိဟင်ဂျာ လူဦးရေထူထပ်သည့် နေရာများတွင် ချမှတ်ထားခဲ့ပြီးဖြစ်သည်။ ဦးဝင်းမြိုင်မှ ဒေသခံအာဏာပိုင်များသည် ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်သည့် စည်းမျဉ်းသည် ရခိုင်ပြည်နယ်မြောက် ပိုင်းရှိ ဘူးသီးတောင်နှင့် မောင်တော မြို့နယ်များတွင် နေထိုင်သည့် ရှိဟင်ဂျာမွတ်စလင်များ၏ ကလေးအရည်အတွက်ကို သတ်မှတ်ခဲ့ကြောင်း အတည်ပြုခဲ့ပါသည်။ Jason Szep & Andrew Marshall ၏ "Myanmar Minister Backs Two-Child Policy for Rohingya Minority," အထက်ပါ မှတ်ချက် 5 ကိုကြည့်ပါ။

ဥပဒေတစ်ခုသည် ဒေသဆိုင်ရာ အာဏာပိုင်များအား အမျိုးသမီးများ ကလေးမွေးဖွားမှုကို ၃၆ လခြား ရှိရမည့် အင်အားသုံး ပိတ်ပင်မှု အခွင့်အာဏာကို ပေးထားသည်။ ဥပဒေမှ ရိုဟင်ဂျာများအတွက်ဟု မဖေါ်ပြ ထားသော်လည်း အဓိုးရမှ ဥပဒေကို ဒေသခံအာဏာပိုင်များအား "ရွှေ့ပြောင်းနေထိုင်သူ အများအပြား နေထိုင်သည့် ဇရိယာများ၊ လူဦးရေကြီးထွားမှုမြင့်မားပြီး ကလေးမွေးဖွားနှုန်း မြင့်မားသည့် နေရာများတွင်" ရွေးချယ်အသုံးပြု ခွင့်ပေးထားသည့် အတွက် အဆိုပါသတ်မှတ်ချက်များကို နိုင်ငံရေးသမားများနှင့် လူပုဂ္ဂိုလ်များမှ ရိုဟင်ဂျာများအပေါ် အသုံးပြု ခဲ့သည်။[250] ဗုဒ္ဓဘာသာ သံဃာတော် အရှင်ဝိသူရမှ ရှင်းပြရာတွင် ၄င်းဥပဒေသည် "နိုင်ငံကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြသော ရိုဟင်ဂျာများဟု မိမိကိုယ်ခေါ်ဆိုနေသော ဘင်္ဂလီများကို ရပ်တန့်နိုင်လိမ့်မည်"ဟုပြောဆို ခဲ့သည်။[251]

အဆိုပါဥပဒေများသည်လည်း တိုင်ပြည်၏ ဘာသာရေး အလေ့အကျင့်များနှင့် မွတ်စလင်များ ဘာသာ ကူးပြောင်းမှုကို ထိမ်းချုပ်ထားသည်။[252] ထိုဥပဒေမှ လူများဘာသာ ကူးပြောင်းရန် စီစဉ်နေသူများအပေါ် ကန့်သတ်ချက်များ ထားရှိသည်။ ဘာသာကူးပြောင်းခြင်းကို ဒေသခံဘုတ်အဖွဲ့ဝင်များမှ ကြီးကြပ်ပြီး၊ ၄င်းတို့သည် တင်သွင်းလာသော လျောက်လွှာကို ငြင်းပယ်ခွင့် အာဏာရှိသည်။ ထိုဥပဒေသည် ဘာသာကွဲဖြင့် အိမ်ထောင်ပြုမည့် အသက် တစ်ဆယ့်ရှစ်နှစ်နှင့် တစ်ဆယ့်ရှစ်နှစ်အထက်ရှိ မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများအပေါ်သာ အကျုံးဝင် ကန့်သတ်ထားသည်။ ဥပဒေမှ မြို့နယ်အရာရှိများအား ဘာသာကွဲ အိမ်ထောင်ပြုမည့် အတွဲများ၏ လျောက်လွှာအား ရက်သတ်တပါတ် နှစ်ပါတ်အတွင်း လူသိရှင်ကြား ကြေညာနိုင်ပြီး၊ ခွင့်ပြုခြင်းနှင့်ကန့်ကွက်ခြင်းကို တရားရုံးသို့ တင်ပြရန်ခွင့်ပြု ထားသည်။[253] ဥပဒေတွဲတွင် တစ်ဦးထက်ပို၍ သို့မဟုတ် မယားများစွာ ယူထားသူအား ဒဏ်ခတ်ရန်ပြဋ္ဌာန်းထားသည့် တစ်လင် တစ်မယားစနစ် ဥပဒေလည်းပါဝင်သည်။ အဘယ်ကြောင့်ဆိုသော် မယားများစွာ ယူထားခြင်းသည် မြန်မာနိုင်ငံတွင် တရားမဝင်ဘဲ ဤဥပဒေသည် အခြားဥပဒေများနှင့် ပေါင်းစပ်ထားသည့် "လူမျိုးနှင့်ဘာသာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေများ"သည် မယားများစွာ ယူထားသည့် စနစ်ကို ကျင့်သုံးနေသည့် မွတ်စလင်များ အပေါ် တိုက်ရိုက် သက်ရောက်သည်မှာ ထင်ရှားပါသည်။[254]

စစ်တပ်မှပါဝင်ပါတ်သက်သော ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေချိန်တွင် အစိုးရ၏ စုံစမ်းစစ်ဆေးမှုများမှာ ရိုဟင်ဂျာများအား ကာကွယ်မှုမပေးဘဲ ငြင်းဆိုမှုများသာဖေါ်ပြထားသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ် ဇန္နဝါရီလတွင် ဒူချားရာတန် ကျေးရွာတွင် ဒေသခံရဲဝိုင်များမှ ရိုဟင်ဂျာရွစ်ဦးအား သတ်ဖြတ်ခဲ့သည်။ ၄င်းဖြစ်ရပ်နောက်တွင် ဒေသခံရဲတပ်ကြပ်ကြီးအား ရိုဟင်ဂျာများမှ သတ်ဖြစ်ခဲ့ကြောင်း ဒေသခံသတင်းများမှ အစီရင်ခံခဲ့သည်။ လေးရက်အကြာတွင် ဗုဒ္ဓဘာသာများသည် ဓါး၊ သားလှီးဓါးနှင့် တုတ်များအသုံးပြုကာ ဌာနေ ရိုဟင်ဂျာများအား တိုက်ခိုက်ခဲ့သော အချိန်တွင် ဒေသခံရဲများက ဝင်ရောက်တားဆီးခြင်း မပြုသောကြောင့် လူပေါင်း များစွာ သေဆုံးခဲ့ရသည်။[255] ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ဒေသခံအာဏာပိုင်များမှ ၄င်းနေရာတဝိုက်ရှိ ၁၀ နှစ် အထက် ယောကျ်ားလေးများ အပါအဝင် ရိုဟင်ဂျအမျိုးသားများအား ဖမ်းဆီးရန် လုံထိန်းများအား အမိန့်ပေးခဲ့သည်။[256] စစ်သားများသည် ရိုဟင်ဂျာများကို သတ်ဖြတ်ပြီး၊ ၄င်းတို့၏ ပိုင်ဆိုင်မှုများကို သိမ်းဆီးခြင်းနှင့် နေအိမ်များကို

---

[250] *The Guardian* (May 24, 2015) တွင် Sara Perria မှရေးသားသည့် "Burma's Birth Control Law Exposes Buddhist Fear of Muslim Minority," http://www.theguardian.com/world/2015/may/25/burmas-birth-control-law-exposes-buddhist-fear-of-muslim-minority.

[251] *Ibid.*

[252] Amnesty International and International Commission of Jurists ၏ *Myanmar: Parliament Must Reject Discriminatory 'Race and Religion' Laws* (March 3, 2015), https://www.amnesty.org/en/documents/asa16/1107/2015/en; Human Rights Watch, *Burma: Discriminatory Laws Could Stoke Communal Tensions* (Aug. 23, 2015), https://www.hrw.org/news/2015/08/23/burma-discriminatory-laws-could-stoke-communal-tensions.

[253] Human Rights Watch ၏ *Burma: Reject Discriminatory Marriage Bill* (July 9, 2015), https://www.hrw.org/news/2015/07/09/burma-reject-discriminatory-marriage-bill.

[254] *Ibid.*

[255] *N.Y. Times* (Jan. 24, 2014) တွင် Gerry Mullany မှ ရေးသားသည့် "Report on Unrest is at Odds with Account of Myanmar," http://www.nytimes.com/2014/01/25/world/asia/un-says-muslims-were-massacred-in-tense-myanmar- region.html။ *N.Y. Times* (Mar. 1, 2014) တွင် Jane Perlez မှ ရေးသားသည့် "Rise in Bigotry Fuels Massacre Inside Myanmar," ကိုလည်းကြည့်ပါ။ http://www.nytimes.com/2014/03/02/world/asia/rise-in-bigotry-fuels-massacre-inside-myanmar.html.

[256] Fortify Rights ၏ သတင်းထုတ်ပြန်ချက်*: Myanmar: End Mass Arrests of Muslim Men and Boys in Rakhine State, Protect At-Risk Communities* (Jan. 23, 2014), http://www.fortifyrights.org/publication-20140123.html.

မီးရှို့ခဲ့ကြောင်းကို မျက်မြင်တွေ့ရှိခဲ့သူ ဒူချားရာတန် ရွာသားတစ်ဦးကပြောသည်။[257] အဆိုပါအကြမ်းဖက်မှု ဖြစ်ပြီးနောက် ဓါးနှင့်အထိုးခံရသောလူနာနှင့်သေနပ်ဒါဏ်ခံရသော လူနာ ၂၂ ဦးအား ဆေးကုသပေးခဲ့ရကြောင်းကို MSF အဖွဲ့မှ အစီရင်ခံထားသည်။ အဆိုပါလူနာအားလုံးမှာ ဗုဒ္ဓဘာသာဝင်များ၏ တိုက်ခံမှုကို ခံခဲ့ရသူများဟု MSF မှယုံကြည်ပါသည်။[258] အနဲဆုံး လူ ၄၀ ဦးသေဆုံးခဲ့ရကြောင်း ဖေါ်ပြထားသော U.N လူ့အခွင့်အရေး ကော်မရှင်၏ အစီရင်ခံစာ တစ်ခုတွင် ဖေါ်ပြထားသည်ကို တွေ့ရသည်။[259] ဖော်တီဖိုင်းရိုက်၏ အဆိုအရ အဓိကရုဏ်းရဲများသည် သတ်ဖြတ်မှု ဖြစ်ပွားပြီးနောက် ၄၄းနေရာများတဝိုက်ရှိ ကလေးများအပါအဝင် အမျိုးသား အားလုံးကို စတင် စုရုံးခဲ့သည်။[260] ဒူချားရာတန်ရွာမှ ရိုဟင်ဂျာရွာသားများစွာ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် မလေးရှား နိုင်ငံများသို့ ထွက်ပြေးခဲ့ကြသည်။[261] ထိုအတောအတွင်း မြန်မာအစိုးရ၏ လူ့အခွင့်အရေးကော်မရှင်မှ "ခိုင်လုံသော သက်သေ အထောက်အထားမရှိ"ဟု ဒူချားရာတန်ရွာ တိုက်ခိုင်မှုများအား ဆက်လက်ငြင်းဆိုခဲ့သည်။ [262]

"နိုင်ငံခြားသတင်းဌာနများသည် သတင်းအမှားများကိုဖေါ်ပြသည်"ဟု အစိုးရသတင်းဌာနများအား အသုံးပြု၍[263] အကြမ်းဖက်မှုများ၏ သက်သေအထောက်အထားများ အပေါ်ငြင်းဆိုနေသော်လည်း၊ မြန်မာအစိုးရသည် သတင်းထောက်များကို IDPစခန်းများသို့ ဝင်ခွင့်မပြုပါ။[264] ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာတိုင်းမ်သတင်းစာ အယ်ဒီတာချုပ်မှ အတွင်းရေးမှတ်စုစာထုတ်ပြန်၍ ရိုဟင်ဂျာနှင့်ပါတ်သက်ပြီး မည်သည့်သတင်းမှ မတင်ရန် ညွှန်ကြားခဲ့ပြီး၊ ဒါမှမဟုတ်လျင် ရခိုင်ပြည်နယ်ရှိ "လက်ရှိ အခြေအနေများ"ကို သူ၏တိုက်ရိုက်ခွင့်ပြုချက် မပါဘဲ တင်ပြပါက "မိမိတို့၏ခေါင်းများကို ပိတ်ပင်မှုအပေါ်တွင် တင်ထားသည်နှင့်တူလိမ့်မည်"ဟုဖေါ်ပြထားသည်။ "ကျွန်တော်ကို သမ္မတရုံးမှတဆင့် အောက်ခြေအဆင့်ရှိ အင်အားများက ဝိုင်းရံထားသည်"ဟုပြောကြားခဲ့သော သူ၏ဆုံးဖြတ်ချက်ကို ချေရာကောက်ရာတွင် ထိရှလွယ်သော ဤပြဿနာအပေါ် ကွဲပြားခြားနားသည့် နေရာများထံမှ ဖိအားများ ပေးခြင်းခံရကြောင်းကို တွေ့ရှိရသည်။[265]

ရိုဟင်ဂျာဒုက္ခသည် အကြပ်အတည်းသည် ရိုဟင်ဂျာများအပေါ် ၄င်းတို့၏လုပ်ရပ်များကြောင့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာမှ မြန်မာကို ပိုမိုဖိအားပေးလာသည်။ သမ္မတဦးသိန်းစိန်ရုံး၏ ညွှန်ကြားရေးမှူးဖြစ်သူ ဗိုလ်မှူးဇော်ဌေးမှ "အချို့တို့က စွပ်စွဲသော ပြဿနာအစသည် မြန်မာဖြစ်သည်ကို လက်မခံနိုင်ပါ"ဟု ပြန်လည်ပြောကြားခဲ့သည်။ ဖိတ်စာတွင် ရိုဟင်ဂျာဟု ဖေါ်ပြထားပါက ထိုင်းနိုင်မှ လက်ခံကျင်းပသည့် ဒေသဆိုင်ရာ အစည်းအဝေးကို မြန်မာ ကိုယ်စားလှယ်များမှ တက်ရောက်မည်မဟုတ် ဦးဇော်ဌေးမှ ခြိမ်းခြောက်ခဲ့သည်။[266]

---

[257] Fortify Rights ၏ အင်တာဗြူး အမှတ် #81, ပီနန်၊ မလေးရှား (Sept. 15, 2014).

[258] *The Guardian* (Jan. 24, 2014) တွင် ရေးသားသည့် "UN Urges Burma to Investigate Rohingya Deaths After Latest Violence,", http://www.theguardian.com/world/2014/jan/24/un-burma-investgate-rohingya-deaths-violence.

[259] Human Rights Watch ၏ *World Report 2015: Burma* (Jan. 2015) https://www.hrw.org/world-report/2015/ country-chapters/burma.

[260] *Ibid.*

[261] Fortify Rights ၏ ရိုဟင်ဂျာများနှင့် ထိုင်းနှင့်မလေးရှားတွင် အင်တာဗြူးများ (2014-2015).

[262] *The Diplomat* (Mar. 19, 2014) တွင် Gemima Harvey မှရေးသားထားသော "Myanmar: The Worsening Plight of the Rohingya,", http://thediplomat.com/2014/03/myanmar-the-worsening-plight-of-the-rohingya.

[263] Human Rights Watch ၏ *World Report: Burma*, အထက်ပါ မှတ်ချက် 259 ကိုကြည့်ပါ။ Fortify Rights သတင်းထုတ်ပြန်ချက် *Myanmar: End Mass Arrests of Muslim Men and Boys in Rakhine State, Protect At-Risk Communities,* အထက်ပါ မှတ်ချက် 256 ကိုကြည့်ပါ။

[264] *New Light of Myanmar* (Jan. 25, 2014) ၏ "Deaths of Women, Children in Rakhine State are False Reports of Foreign News Agencies,", http://www.networkmyanmar.org/images/stories/PDF16/NLM-Extract-250114.pdf.

[265] Myanmar Times အယ်ဒီတာချုပ်၏ စာချွန်လွှာ Memorandum (Mar. 27, 2014) (Al Jazeera ၏စုံစမ်းစစ်ဆေးရေးဌာနတွင် ရှိသည့်ဖိုင်).

[266] *Al Jazeera* (May 17, 2015) ၏ "Myanmar Deflects Blame for Rohingya Migrant Crisis," http://www.aljazeera.com/news/2015/05/myanmar-deflects-blame-rohingya-migrant-crisis-150516223643074.html.

(၄) ရိုဟင်ဂျာ လူမျိုးများ၏အမှုတွင်၊ လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ပတ်သက် သည့် ဥပဒေကို အသုံးပြုခြင်း။

(က) လူမျိုးတုန်းသတ်ဖြတ်မှု ဆိုင်ရာ ဥပဒေနိဒါန်း

ဒုတိယကမ္ဘာစစ်အတွင်း၊ ပိုလန်နိုင်ငံပညာရှင်နှင့်တရားသူကြီးတစ်ဦးဖြစ်သူ ရပ်(ဖ)လဲလမ်ကင်ဆိုသူက ပထမဆုံး အနေဖြင့် "လူမျိုးပြုန်းတီးအောင်ပြုလုပ်ခြင်း" ဟူသောဝေါဟာရကို ပေါင်းစပ်သုံးစွဲခဲ့သည်။[267] ဂရိဘာသာ စကားတွင် လူမျိုး၊ နိုင်ငံ(သို့)လူမျိုးအုပ်စုဟု အဓိပ္ပါယ်ရသော၊ ဂျီနို (Genos)နှင့် သတ်ဖြတ်ခြင်းဟု အဓိပ္ပါယ်ရသော လက်တင်ဘာသာစကား ကေဒီရီ(caedere)တို့ ပေါင်းစပ်ထားသော အသုံးအနှုန်းတစ်ခု ဖြစ်သည်။ လမ်ကင်အနေဖြင့် အဆိုပါအသုံးအနှုန်းကို လူမျိုးအုပ်စုတစ်စုကို ဖျက်ဆီးရန်ကျူးလွန်သော ရာဇဝတ်မှုကို ရည်ညွှန်းသုံးစွဲခြင်း ဖြစ်သည်။[268] ၁၉၄၈ခုနှစ် ဒီဇင်ဘာလ (၉)ရက်နေ့တွင် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုကို ကာကွယ်ရန်နှင့် အပြစ်ဒဏ်ချမှတ်ရန်၊ အပြည်ပြည်ဆိုင်ရာ ညီလာခံကြီး တစ်ခုကို ပြုလုပ်ခဲ့ပါသည်။

ဤညီလာခံကြီးမှ လူမျိုးတုန်းသတ်ဖြတ်မှုကို တာဝန်အရပြုလုပ်သူ၊ အပြစ်ကျူးလွန်ရာတွင် ပူးပေါင်းဆောင်ရွက်သူ၊ အပြစ်ကျူးလွန်ရန် တိုက်ရိုက်သော်လည်းကောင်း၊ လူထုအားလှုပ်ဆော်၍သော်လည်းကောင်း ပြုလုပ်သူ၊ အပြစ်ကျူးလွန်ရန် ကြိုးစားအားထုတ်သူနှင့် ပါဝင်ကျူးလွန်သူတို့အား တားမြစ်ရန် ဥပဒေပြဋ္ဌာန်းပါသည်။[269] ငြိမ်းချမ်းရေးကာလ (သို့) စစ်ဖြစ်ပွားနေသည့်ကာလ၊ မည့်သည့်ကာလတွင်မဆို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ဤကဲ့သို့သော ရာဇဝတ်မှုကျူးလွန်ခြင်းသည်၊ လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်သည်။ ထိုသို့ ပြုလုပ်ရာတွင်၊ လူမျိုးပြုန်းတီး အောင်ပြုလုပ်သည့် ရာဇဝတ်ကျူးလွန်ခြင်းကို ကာကွယ်ခြင်းနှင့် အပြစ်ဒဏ် ပေးခြင်းတို့ပါဝင်သည်။[270] ညီလာခံကြီးမှ လူမျိုးတုန်းသတ်ဖြတ်မှုကို အဓိပ္ပါယ် ဖွင့်ဆိုရာတွင် ၊နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး (သို့) ဘာသာတူအုပ်စုတစ်စုအား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်လုပ်ဆောင်မှု တစ်ခုတိုင်းစီကို၊ စာရင်းပြုစု၍၊ လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်ခြင်း၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း အမျိုးအစား (၅)မျိုးဖြင့် ဖော်ပြပါသည်။[271]

(က) အုပ်စုတစ်စု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း၊

(ခ) အုပ်စုတစ်စု၏ အဖွဲ့ဝင်များ၏ ကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ဆိုးဝါးစွာ ဥပဒ်ဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) အုပ်စုတစ်စု၏ ဘဝအခြေအနေ တစ်ခုလုံး ကိုသော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ခုကို သော်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများရှိရန် ရည်ရွယ်ချက်ဖြင့် အဓမ္မ ခိုင်းစေမှုများပြုလုပ်ခြင်း၊

(ဃ) အုပ်စုတစ်စု၏ ကလေးမွေးခြင်းကိုဟန့် တားရန် ရည်ရွယ်ပြီး ကန့်သတ်ချက်များထားရှိခြင်း၊

(င) အုပ်စုတစ်စု၏ ကလေးများကို အဓမ္မအခြားအုပ်စုသို့ ပြောင်းရွှေ့ခြင်း၊

ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အစိတ်အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ယင်းတို့မှာ အုပ်စုအပိုင်း၊ ဆောင်ရွက်မှု (လုပ်ရပ်)အပိုင်းနှင့် စိတ်ဆုံးဖြတ်ချက်ထားရှိခြင်း အပိုင်းတို့ ဖြစ်ပါသည်။ အဆိုပါ အစိတ်အပိုင်း (၃)ပိုင်း လုံးပါဝင်မှသာ လူမျိုးတုန်းသတ်ဖြတ်မှုဟု ဆိုနိုင်ပါသည်။

လူမျိုးတုန်းသတ်ဖြတ်ခြင်းနှင့် ပတ်သတ်သောညီလာခံကြီး၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက်ကို၊ နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေများလက်စွဲများတွင် မကြာခဏဆိုသလို ထပ်မံထည့်သွင်းဖော်ပြပြီး အတည်ပြုခြင်းကို ရယူနိုင်ခဲ့ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများ၏ အကြံပေးချက်များကိုပါ ရယူခဲ့ပါသည်။ ဥပမာအားဖြင့်၊ ယခင် ယူဂိုဆလားဗီးယားနိုင်ငံအတွက်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTY)၏ နိုင်ငံများ အကြား သဘောတူညီချက်တွင် လည်းကောင်း၊ ရိုဝန်ဒါနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICTR) ၏ နိုင်ငံများအကြား သဘောတူညီချက်တွင် လည်းကောင်း၊ ရောမမြို့တွင် စတင်တည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ

---

[267] phael Lemkin, *Axis Rule in Occupied Europe: Laws of Occupation, Analysis of Government, Proposals for Redress* (1944).

[268] *Ibid.* အထက်ရည်ညွှန်းပါအတိုင်း

[269] Genocide Convention, art. III ကိုကြည့်ပါ။

[270] အထက်ရည်ညွှန်းပါအတိုင်း art. I.

[271] အထက်ရည်ညွှန်းပါအတိုင်း art. II.

တရားရုံး၏ နိုင်ငံများအကြား သဘောတူညီချက်တွင်လည်းကောင်း အဆိုပါအနက်အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါသည်။[272] အဆိုပါအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဂျပ်(စ)ကိုဂင်းလုပ်ဆောင်ချက်[273] များတွင်၊ ထုံးတမ်းစဉ်လာ တစ်ရပ်အနေဖြင့် ပါဝင်ပါသည်။ (ဂျပ်(စ)ကိုဂင်း၏ လုပ်ဆောင်ချက်မှာ ပြုလုပ်နေကြအတိုင်း ကတိကဝတ်များမထားရှိသော်လည်း နိုင်ငံများစုစည်းပါဝင်သည့် တိုးတက်သော နိုင်ငံများကအသိအမှတ်ပြုသော စည်းမျဉ်းစည်းကမ်းများဖြစ်သည်။)[274] လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ပတ်သက်သည့်ညီလာခံကြီးက နိုင်ငံများမှ လူမျိုးပြုန်းတီးအောင် ပြုလုပ်သည့်ရာဇဝတ် ကျူးလွန်သူများ၊ ပြည်သူဝန်ထမ်း (သို့) ပုဂ္ဂလိကတစ်ဦးချင်းအား အပြစ်ဒဏ်ပေးခြင်းကို မလုပ်မနေ ဆောင်ရွက်ရန် တွန်းအားပေးပါသည်။[275]

(ခ) လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော " အုပ်စုတစ်စု" (အုပ်စု)

လူမျိုးတုန်းသတ်ဖြတ်ခြင်းနှင့် ပတ်သက်သည့်ညီလာခံမှ အုပ်စုတစ်စု၏ကွဲပြားခြားနားမှုရှိသော အခြေခံအချက်အလက်များကို စာရင်းပြုစုရာတွင် နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာရေးတို့ ပါဝင်သည်။ မည်သူကမှ ညီလာခံ၏ဆုံးဖြတ်ချက်ကို ကာကွယ်စောင့်ရှောက်မှုကို ပေးရမည်ဆိုသည့် အချက်အလက်ကို ယခင်ကရော၊ ယခုလက်ရှိ အခြေအနေတွင်ပါ ရှင်းလင်းစွာမသိရပါ။[276] ရပ်(ဖ)ဖဲကမ်လင်အနေဖြင့် လူမျိုးတုန်းသတ်ဖြတ်ခြင်း၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုစဉ်က၊ နိုင်ငံတစ်နိုင်ငံ (သို့) တိုင်းရင်းသားအုပ်စု တစ်စုကို ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်း အပေါ်သာ အဓိကပါဝင်ပတ်သက်ခဲ့ပါသည်။ သူ၏ရေးသားချက်တွင် လူနည်းစု ဖြစ်သော နိုင်ငံသားများနှင့် တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာတူ၊ ဥပမာအားဖြင့်၊ လူနည်းစုဖြစ်သော နိုင်ငံသားများ အုပ်စုအတွင်း ကျရောက်သော အုပ်စုကို ရည်ညွှန်းပြောဆိုပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံတွင်၊ ဥပဒေရေးဆွဲကြသူများ အနေဖြင့် လူနည်းစုဖြစ်သည့် နိုင်ငံသားများဟူသော အသုံးနှုန်းကိုရွေးချယ်ရန် ကြောက်ရွံ့သဖြင့် အုပ်စုများဟူသော အခေါ်အဝေါ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။[277] လူနည်းစု ဖြစ်သော်ငြားလည်း သြဇာအာဏာရှိသော လူအုပ်စုတစ်စုက၊ လူများစုကို နိုင်ငံရေးနှင့်ဘာသာရေး ကွဲလွဲမှုကြောင့်၊ မတရားနှိပ်စက်အနိုင်ယူခြင်းစသော ဖြစ်ရပ်များအတွက် အကြုံးမဝင်ပါ။ ဤအခြေခံအချက် လေးချက်၏ နယ်နိမိတ်ကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုခဲ့ခြင်းမရှိပါ။ သည့်အပြင် အချက်တစ်ချက်နှင့်တစ်ချက် အကြောင်းအရာအချို့သည် တူနေပြီး၊ အချက်တစ်ချက်က၊ အခြားတစ်ချက်၏ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အထောက်အကူပြုလျက်ရှိပါသည်။ ညီလာခံကြီး၏ စောင့်ရှောက်မှု အောက်တွင်ရှိသော များပြားလှစွာသော အုပ်စုများနှင့် အကြုံးဝင်သည့်နယ်နိမိတ် သတ်မှတ်ရာတွင် အဆိုပါအချက်လေးချက်သည် ထောင့်လေးထောင့်တွင် ရှိသော တိုင်ကြီးများကဲ့သို့ သီးခြားစွာ ရပ်တည်လုပ်ဆောင်မှုရှိကြပါသည်။[278]

၁။ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာတူ အုပ်စု

အပြည်ပြည်ဆိုင်ရာခုံရုံးမှ နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးနှင့် ဘာသာ အုပ်စုများ၏ အဓိပ္ပါယ်ကို နည်းအမျိုးမျိုးဖြင့် ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ ဤအခန်းငယ်တွင် ခုံရုံးများက တစ်ခုချင်းစာရင်းပြုစုထားသော ကွဲပြားခြားနားမှုရှိသည့် အမျိုးအစား ၄ မျိုးကို ခွဲခြားသိရှိနိုင်ရန်နှင့် ကာကွယ်မှုပေးသင့်သော အုပ်စုများဟု ဆုံးဖြတ်ချက်ချရန်ခက်ခဲကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။[279] ညီလာခံကြီးမှအစဉ်အလိုက် စာရင်းပြုစုခဲ့သည့်အတိုင်း၊ အုပ်စုတစ်စုတိုင်းအတွက်၊ ဤအခန်းငယ်တွင်ဆွေးနွေးတင်ပြမည်ဖြစ်သည်။

---

[272] Statute of the International Criminal Tribunal for the Former Yugoslavia, U.N. Doc. S/RES/827 (May 25, 1993), annex, art. 4(2); Statute of the International Criminal Tribunal for Rwanda, U.N. Doc. S/RES/955 (1994), annex, art. 2(2); Rome Statute of the International Criminal Court, U.N. Doc. A/CONF.183/9, art. 6. ကိုကြည့်ပါ။

[273] For a definition of jus cogens, see above note 3. ကိုကြည့်ပါ။

[274] Reservations to the Convention on the Prevention and Punishment of the Crime of Genocide (Advisory Opinion), I.C.J. Reports 16, p. 21 (May 28, 1951). ကိုကြည့်ပါ။

[275] Genocide Convention, note 1, arts. IV, V. ကိုကြည့်ပါ။

[276] Lemkin, Axis Rule, note 267, p. 79. ကိုကြည့်ပါ။

[277] William A. Schabas, *Genocide in International Law: The Crime of Crimes*, pp. 119-21 (2d ed. 2009).

[278] *အထက်ရည်ညွှန်းပါအတိုင်း* p. 129.

[279] အုပ်စု၏အနက်အဓိပ္ပါယ်ကို ခုံရုံးများက ချဉ်းကပ်ခြင်းနည်းနည်းဖြင့် လက်ခံအသုံးပြုပါသည်။ လူအများ လက်ခံနိုင်သော အကြောင်းအရာများအပေါ် အခြေခံနည်း၊ ဤနည်းတွင် အုပ်စုအဖွဲ့ဝင် များသည် တည်ငြိမ်မှုရှိသည်။ မွေးဖွားလာရသည့် ကြောင်းအရင်းကြောင့် ပြောင်းလဲရန် မဖြစ်နိုင်ပါ။ အခြား တစ်နည်းမှာ တကယ့်အကြောင်းအရင်းများ အပေါ်တွင် အခြေခံခြင်းမရှိသည့် ချဉ်းကပ်နည်း ဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် အာရုံခံစားမှုအပေါ် အခိုသဟဲပြုသည်။ အုပ်စုအဖွဲ့ဝင်များ အနေဖြင့် ကိုယ်တိုင်ခံယူမှုနှင့် အပြစ်ကျူးလွန်သူများက သူတို့အပေါ်ထားသည့် သဘောထားတို့အပေါ်တွင် အခြေခံသည်။ အခြားသော ခုံရုံးများက အဆိုပါ နည်းဥနည်းစလုံးကို အသုံးပြုသည်။
အကြောင်းအရာများအပေါ် အခြေခံနည်း၊ ဤနည်းတွင် အုပ်စုအဖွဲ့ဝင် များသည် တည်ငြိမ်မှုရှိသည်။ မွေးဖွားလာရသည့် ကြောင်းအရင်းကြောင့် ပြောင်းလဲရန် မဖြစ်နိုင်ပါ။ အခြား တစ်နည်းမှာ တကယ့်အကြောင်းအရင်းများ အပေါ်တွင် အခြေခံခြင်းမရှိသည့် ချဉ်းကပ်နည်း ဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် အာရုံခံစားမှုအပေါ် အခိုသဟဲပြုသည်။ အုပ်စုအဖွဲ့ဝင်များ အနေဖြင့် ကိုယ်တိုင်ခံယူမှုနှင့် အပြစ်ကျူးလွန်သူများက သူတို့အပေါ်ထားသည့် သဘောထားတို့အပေါ်တွင် အခြေခံသည်။ အခြားသော ခုံရုံးများက အဆိုပါ နည်းဥနည်းစလုံးကို အသုံးပြုသည်။

၁၉၄၈ခုနှစ် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံဆုံးဖြတ်ချက်၏ ထည့်သွင်းဖော်ပြချက်များနှင့် ရပ်(ဖ)ဖဲလမ်ကင်၏ ရေးသားချက်များတွင် နိုင်ငံသားအုပ်စုအခေါ်အဝေါ်ကို တည်ဆောက်ပြီးဖြစ်သော နိုင်ငံတစ်နိုင်ငံတွင်၊ အသိအမှတ်ပြုခြင်းခံရသောအုပ်စုဟု ရည်ညွှန်းဖော်ပြပါသည်။[280] ထိုနည်းတူစွာ အတူ နေထိုင်ကြပြီး ထင်ရှားသောသမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတို့နှင့် ဆက်သွယ်မှုလမ်းကြောင်းရှိသော နိုင်ငံသားလူနည်းစုအုပ်စုများဟုလည်း ဖော်ပြထားပါသည်။[281] ဤဆက်သွယ်မှုလမ်းကြောင်းများတွင် လူမျိုး၊ တိုင်းရင်းသားနှင့် ကိုးကွယ်သည့်ဘာသာတို့ပါဝင်သည်။[282] ICTR က နိုင်ငံသားအုပ်စုဟု သတ်မှတ်ရာတွင် ၊ အခွင့်အရေးနှင့် တာဝန်ဝတ္တရားတို့ အပြန်အလှန်ပေါင်းစည်းမှုရှိသော နိုင်ငံသားအဖြစ်ခံယူထားသောသူများ အပေါ်အခြေခံ၍၊ တူညီသောတည်ဆဲဥပဒေတွင် အကြုံးဝင်သည့်သူများအား စုစည်းထားသောအုပ်စုဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။[283] အခြားတဘက်တွင်၊ ပညာရှင်များကနိုင်ငံသားကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်၊ နိုင်ငံသားတစ်ခုတည်းကိုသာ စွဲမြဲကိုင်ဆောင်ပြီး၊ အဓိပ္ပါယ်ဖွင့်ဆိုခြင်းထက် လူမှုဗေဒ (သို့) မူလဇီဇတိုဂ္ဂိုလည်း ထည့်သွင်းဖော်ပြသင့်ကြောင်း စောဒကတက်ခဲ့ဘူးသည်။ လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်ခြင်းဆိုင်ရာ ညီလာခံကြီးတွင် ထည့်သွင်းဖော်ပြခဲ့သော အချက်များနှင့် တင်းကြပ်စွာသတ်မှတ်ထားသော နယ်မြေပိုင်ဆိုင်မှု အပေါ်သာအခြေခံပြီး နိုင်ငံသားပေးမှု ဆုံးဖြတ်ချက်တို့ ရောထွေးမှုမရှိသင့်ကြောင်း၊ ပိုပြီးရှင်းလင်းနိုင်ရန်အတွက်၊ လူမျိုးတုန်းသတ်ဖြတ်မှုဟုသတ်မှတ်ရန်၊ နိုင်ငံသားသတ်မှတ်ချက်သည်၊ နိုင်ငံတစ်နိုင်ငံ၏ လူမျိုးဟူ၍ သိရှိနိုင်သော အဖွဲ့ဝင်များဖြစ်ရပါမည်။[284] လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ဥပဒေတွင် ထင်ရှားသောပညာရှင် တစ်ဦးဖြစ်သည့် ဝေလီယမ်စကားဘ(စ)က၊ နိုင်ငံသားနှင့်ပတ်သတ်၍ များပြားလှစွာသော အတတ်ပညာပိုင်းဆိုင်ရာ အနက်အဓိပ္ပါယ်ဆိုချက်များက၊ ရပ်(ဖ)ဖဲလမ်ကင်၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော၊ လူနည်းစုကို ပစ်ပယ်ထားနိုင်သည့် အန္တရာယ်ရှိကြောင်း ထုတ်ဖော် ပြောဆိုခဲ့ပါသည်။[285]

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေတွင် ဘာသာစကားနှင့် ယဉ်ကျေးမှုအတူတူဖြစ်သော တိုင်းရင်းသားအုပ်စု တစ်စုထဲသာ ပါဝင်သည်ဟူသော တွေ့ရှိချက်မှာ ကျဉ်းမြောင်းသော အဓိပ္ပါယ်ကို ဆောင်ပါသည်။[286] သို့ရာတွင် ICTR ၏ အမှုကို စစ်ဆေးကြားနာသော ရုံးအဖွဲ့က၊ မိမိတို့ကိုယ်တိုင်ကွဲပြားခြားနားမှုရှိခြင်း (ကိုယ်တိုင် အသိအမှတ်ပြုခြင်း) (သို့) ပြစ်မှုကျူးလွန်သူများ (အခြားသူများကိုအသိအမှတ်ပြုခြင်း) အပါအဝင် အခြားသူများ၏ သတ်မှတ်ခြင်းကို ခံရသော အုပ်စုတစ်စုဟုဖော်ပြပါသည်။[287] ဥပမာအားဖြင့် ICTR၏ တုဆီ (Tusi) လူမျိုးများနှင့်ပတ်သတ်၍ ဆုံးဖြတ်ချက်ချရာတွင်၊ အစိုးရက တရားဝင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသောကြောင့်၊ ယင်းတို့သည် တိုင်းရင်းသားအုပ်စုဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။[288] အကရီဆု (Akayesu) အမှုတွဲတွင် ICTR က တိုင်းရင်းသား အုပ်စုသည် ကိုယ်ပိုင်အသိအမှတ်ပြုထားသော အုပ်စုတစ်စုဖြစ်သည်ဟု ဆုံးဖြတ်ချက်ခဲ့ပါသည်။ ခုံရုံးတစ်ခုက ကျွမ်းကျင်သူတစ်ဦး၏ အကြံပြုချက်ကို ရေးသားဖော်ပြရာတွင်၊ အခြေခံအားဖြင့်သိရှိရမည့်အချက်မှာ အုပ်စုတစ်စုသည် မိမိတို့သည် ဤအုပ်စုတွင် ပါဝင်သည်ဟုခံယူချက်ရှိရမည်ဖြစ်သည်ဟု ဖော်ပြပါသည်။ ဤသို့သောခံယူချက်သည် အချိန်အလိုက် ပြောင်းလွဲနိုင်သည်။[289] ခုံရုံးများက တိုင်းရင်းသားအုပ်စုတစ်စု၏ အဓိပ္ပါယ်ကို ဖော်ဆောင်ရာတွင်၊ လောလောဆယ်တွင် လူသိများသော ဘာသာစကားနှင့် လူမှုရေးသိပ္ပံဆိုင်ရာတို့ကို လက်ခံသုံးစွဲမှုရှိခြင်း အပေါ်တွင် ဆုံးဖြတ်ရန် အများသဘောတူ ဖော်ပြပါသည်။[290]

အမည်တပ်ခေါ်ဝေါ်သောအုပ်စုများကို သိပ္ပံနည်းကျသော ပထမနည်းဖြင့် ချဉ်းကပ်မှုအပေါ် အခြေခံ၍ ခွဲခြားရန် ကြိုးစားရာတွင် ရည်ရွယ်ချက်နှင့် ကိုက်ညီခြင်းမရှိသည့်အပြင် ညီလာခံကြီး၏ ရည်ရွယ်ချက် နှင့်လည်း ကွဲလွဲနိုင်သည်။

[280] Matthew Lippman, "The Convention on the Prevention and Punishment of the Crime of Genocide: Fifty Years Later," *Arizona Journal o International & Comparative Law* v. 15, pp. 415, 456. ကိုကြည့်ပါ။

[281] Schabas, Genocide in International Law, above note 277, p. 120. ကိုကြည့်ပါ။

[282] Prosecutor v. Akayesu, Case No. ICTR-96-4-T, Judgement, para. 512 (Sept. 2, 1998). ကိုကြည့်ပါ။

[283] Schabas, Genocide in International Law, see above note 277, pp. 116-17; U.N. Economic & Social Council, Study of the Question of the Prevention and Punishment of the Crime of Genocide, Progress Report by Mr. Nicodeme Ruhashyankiko, Special Rapporteur, U.N. Doc. E/CN.4/Sub.2/L.583 (June 25, 1973), paras. 56-61; U.N. Economic & Social Council, Study of the Question of the Prevention and Punishment of the Crime of Genocide, Study Prepared by Mr. Nicodeme Ruhashyankiko, Special Rapporteur, U.N. Doc. E/CN.4/Sub.2/416 (July 4, 1978), paras. 59-64. *See also* International Convention on the Elimination of All Forms of Racial Discrimination, adopted Dec. 21, 1965, 660 U.N.T.S. 195. ကိုကြည့်ပါ။

[284] Robert Jennings & Arthur Watts, *Oppenheim's International Law*, v. II, p. 857 (9th ed. 1996). ကိုကြည့်ပါ။

[285] Schabas, *Genocide in International Law*, *above* note 277, p. 118. ကိုကြည့်ပါ။

[286] Prosecutor v. Kayishema and Ruzindana, Case No. ICTR-95-1-T, Judgment, para. 98 (May 21, 1999). ကိုကြည့်ပါ။ Akayesu, *above* note 282, para. 513. ကိုကြည့်ပါ။

[287] Prosecutor v. Kayishema and Ruzindana, Case No. ICTR-95-1-T, Judgment, para. 98 (May 21, 1999).

[288] *အထက်ရည်ညွှန်းပါအတိုင်း* paras. 522-30. ကိုကြည့်ပါ။

[289] Akayesu, *above* note 282, para. 172. ကိုကြည့်ပါ။

[290] Schabas, *Genocide in International Law*, *above* note 277, p. 146. ကိုကြည့်ပါ။

၁၉၄၈ခုနှစ် အင်္ဂလိပ်အဘိဓါန်များက၊ လူမျိုးစုကို အများနားလည်သိရှိသည့်၊ အဓိပ္ပါယ်တူဝေါဟာရများ ဖြစ်သည့် နိုင်ငံသား၊ တိုင်းရင်းသားနှင့် ဘာသာကိုးကွယ်မှုအုပ်စုဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။[291] အပြည်ပြည်ဆိုင်ရာ တရားသူကြီးများ (ဂျူရီလူကြီးများ) အနေဖြင့် ၁၉၄၈ခုနှစ်၏ လူမျိုးဟူသော ယူဆချက်ကို လောလောဆယ် ယူဆချက်နှင့် မျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသည်ဟူသော အချက်တို့ကို မည်သို့ ပြောင်းလဲရမည်ကို ခက်ခဲစွာကြိုးပမ်းခဲ့ကြပါသည်။ လူမျိုးစုအပေါ်ထားရှိသည့် အယူအဆ (သဘောထား)ကို ပြုသူ (ကရိယာပုဒ်)နှင့်ဖြစ်သူ (ကံပုဒ်) နှစ်ခုစလုံးအတွက် အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ကရိယာပုဒ်နှင့် ပတ်သတ်၍ လူမျိုးစုတစ်စုကို ရှာဖွေဖော်ထုတ်ရာတွင် အုပ်စုတစ်စုသည် အခြားအုပ်စုနှင့် မိရိုးဖလာဆင်းသက်လာသော ခန္ဓာကိုယ် တည်ဆောက်ပုံ (အသွင်အပြင်လက္ခဏာ)ကို ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့် ဘာသာစသော အချက်တို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ၊ ပထဝီအနေအထားအရ အသိအမှတ်ပြုနိုင်သည်။[292] လူမျိုး ပြုန်းတီးအောင် ပြုလုပ်ရာတွင်၊ ပြစ်မှု ကျူးလွန်သူများအနေဖြင့်၊ ကျူးလွန်ခြင်း ခံရသူများအပေါ် ထားရှိသည့် သဘာထားကို ကြည့်ခြင်းဖြင့် အသိအမှတ်ပြုနိုင်သည်။[293] ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် လူမျိုးစုများအပေါ် နိမ့်ချဆက်ဆံသော ပုံစံအားလုံး အဆုံးသတ်ရန် အတွက်ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ညီလာခံကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု ရှိပါသည်။ ညီလာခံကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် လူမျိုးပြန်းတီးခြင်း အမျိုးမျိုး၊ သီးခြားရပ်တည်မှုအပေါ် ကန့်သတ်ချက်များ ထားရှိခြင်း (သို့) လူမျိုးစု၊ အသွေးအရောင်၊ မျိုးရိုးဆင်းသက်မှု၊ နိုင်ငံသား (သို့) တိုင်းရင်းသား စသော အချက်များကို ထည့်သွင်းစဉ်းစားပါသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မိရိုးဖလာ (မျိုးရိုး) ဆင်းသက် ပေါက်ဖွားလာရာတွင် ကွဲပြားမှုရှိနိုင်ခြင်းကိုပါ ထည့်သွင်းစဉ်းစားပါသည်။[294] စကားဘ(စ)၏အဆိုအရ၊ အချို့သော ပညာရှင်များနှင့် တရားရေးဝန်ထမ်းတို့ကလည်း လူမျိုးနှင့်တိုင်းရင်းသား အုပ်စုတို့ကို အတူတကွ စစ်ဆေးရန် လမ်းညွှန်ပြောကြားခဲ့ပါသည်။ ဤကဲ့သို့ ပြုလုပ်ရာတွင် အုပ်စု(၂)စုကို ခွဲခြားသိနိုင်ရန်အတွက် အခက်အခဲ ရှိနိုင်ကြောင်း ပြောကြားခဲ့ပါသည်။[295] တိုင်းရင်းသားအုပ်စုနှင့် ပတ်သတ်၍ အပြည်ပြည်ဆိုင်ရာ တရားသူကြီးများက၊ လူမျိုးဟု အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ပြောဆိုသောထင်ရှားသည့် အသုံးအနှုန်းများနှင့် လူမှုရေးသိပ္ပံပညာနှင့် ခေတ်မှီ ဥပဒေများကို လေ့လာရမည်ဟု ပြောကြားခဲ့ပါသည်။

လူမျိုးတုန်းသတ်ဖြတ်ခြင်း ဆိုင်ရာညီလာခံတွင် စာရင်းပြုတင်ပြခဲ့သော နောက်ဆုံးအုပ်စုမှာ ဘာသာရေး ဆိုင်ရာ အုပ်စုများဖြစ်သည်။ ICTR က ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ (သို့) ဝတ်ပြုကိုးကွယ်မှု လုပ်ပုံလုပ်နည်း တို့ပါဝင်သည်။[296] အမေရိကန်ပြည်ထောင်စု၏ ဥပဒေတွင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ပတ်သတ်၍ ဘာသာရေးအုပ်စုကို လူအများ ပါဝင်သောအဖွဲ့၏ အယူဝါဒ၊ ယုံကြည်ချက်၊ သင်ကြား ပို့ချချက်များ၊ လုပ်ပုံလုပ်နည်းနှင့် အခမ်းအနား ကျင်းပုံစသော ထူးခြားသည့် သွင်ပြင်လက္ခဏာများတို့ကို လေ့လာ သုံးသပ်ပါသည်။[297]

ICTR အနေဖြင့် အကရီဆု(Akayesu)အမှုတွဲကိုစစ်ဆေးရာတွင် အချက်အလက်များကို ပြုစုထားသည့် အဖွဲ့(၄)ဖွဲ့အား၊ ထူးခြားမှုနှင့် သီးခြားမှုရှိသောအပိုင်းများ၊[298] နောက်ခံသမိုင်း၊ ဘာသာစကားနှင့် လူမျိုးတုန်း သတ်ဖြတ်ခြင်းဆိုင်ရာ ညီလာခံကြီးမှ လေးနက်စွာအကြံပြုချက် တစ်ခုလုံးကိုသော်လည်းကောင်း၊ အစိတ်အပိုင်း အချင်းချင်း ဆက်သွယ်မှုရှိပုံကိုသော်လည်းကောင်း ခွဲခြားစိပ်ဖြာလေ့လာခြင်း (ဘက်စုံ လေ့လာခြင်း)သည် အကောင်းဆုံးဖြစ်သည်။ ဤအတန်းအစား(၄)မျိုးသည်၊ တစ်ခုနှင့်တစ်ခု အကြောင်းအရာ အချို့တွင် တူညီနေပြီး၊ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် တူညီမှုရှိသည်။ ဤအတန်းအစားများတွင် သတ်မှတ်ထားသော မူဘောင်အတွင်း၌ရှိသော များစွာသောအုပ်စုများတို့သည် ညီလာခံကြီးနှင့် အကြုံးဝင်မှုရှိပါသည်။[299] လူမျိုးတုန်းသတ်ဖြတ်မှုပြုလုပ်သည်ဟု ထုတ်ဖော်ပြောဆိုရာတွင်၊ အုပ်စုတစ်စုသည် ညီလာခံကြီးမှ ချမှတ်ထားသော အချက်များအနက်၊ အချက်တစ်ချက် အထူးသဖြင့် အမျိုးအစား(၄)မျိုးမှ တစ်မျိုးမျိုးနှင့် ကိုက်ညီသည်ဟု ပြောရန်မလိုပါ။ အဖွဲ့တစ်ဖွဲ့သည် ထောင့်လေးထောင့် အကြောင်းရှင်းလင်းဖော်ပြထားသော သတ်မှတ်ချက်များတွင် ပါဝင်နေကြောင်းကို သက်သေပြနိုင်ပါက ပိုပြီးသင့်တော်မှုရှိပါသည်။[300] ဤချဉ်းကပ်နည်းသည် အမျိုးအစား (၄)မျိုး ဖြစ်သော နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုးနှင့်ဘာသာ အမျိုးအစားတစ်ခုခု၏ အစိတ်အပိုင်းတစ်ခု ဟုတ်၊ မဟုတ်ကို ဆုံးဖြတ်ချက် ပေးခြင်းမရှိသည့် လူမျိုးတစ်စု၏အဖွဲ့ဝင်

[291] *အထက်ရည်ညွှန်းပါအတိုင်း* p. 140. ကိုကြည့်ပါ။
[292] Akayesu, *above* note 282, at para. 514. ကိုကြည့်ပါ။
[293] Kayishema and Ruzindana, *above* note 287, para. 98. ကိုကြည့်ပါ။
[294] International Convention on the Elimination of All Forms of Racial Discrimination, adopted Dec. 21, 1965, 660 U.N.T.S. 195, art. 1(1). ကိုကြည့်ပါ။
[295] Schabas, *Genocide in International Law*, *above* note 277, p. 146. ကိုကြည့်ပါ။
[296] Kayishema and Ruzindana, above note 287, para. 98. ကိုကြည့်ပါ။
[297] Genocide Implementation Act, 18 U.S.C. § 1093(7). ကိုကြည့်ပါ။
[298] Akayesu, above note 282. ကိုကြည့်ပါ။
[299] Schabas, Genocide in International Law, above note 277, pp. 111, 129. ကိုကြည့်ပါ။
[300] အထက်ရည်ညွှန်းပါအတိုင်း pp. 112, 130. ကိုကြည့်ပါ။

(tribe)များ အတွက်ပါ အသုံးပြုနိုင်သည်။[301] ICTY အနေဖြင့် အုပ်စုတစ်စုအား ဘက်စုံလေ့လာခြင်းပြုလုပ်ရန် အားပေးပါသည်။

> နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး (သို့) ဘာသာအုပ်စုတူတို့၏ အနက်အဓိပ္ပါယ်ကို ညီလာခံကြီးနှင့် အခြားသော မည်သည့်နေရာတွင်မှ ရှင်းလင်းဖော်ပြထားခြင်းမရှိပါ။ အခြားတဘက်တွင်၊ ညီလာခံ အကြိုပြင်ဆင် လုပ်ဆောင်ရာတွင်နှင့် လူနည်းစုများအား ကာကွယ်စောင့်ရှောက်ပေးမှုနှင့် ပတ်သတ်ပြီး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များတွင် ကာကွယ်စောင့် ရှောက်မှုကို ပေးရမည့်အုပ်စုနှင့် နိုင်ငံသား လူနည်းစုများအပေါ် အယူအဆ ထားရှိမှု၏ အချို့သော အစိတ်အပိုင်းများသည် တစ်စုနှင့်တစ်စု တူညီမှုများ ရှိကြသည့်အပြင်၊ ရံဖန်ရံခါအဓိပ္ပါယ်ဖွင့် ဆိုခြင်းပါတူနေကြသည်။ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီး၏ အကြိုပြင်ဆင်လုပ်ဆောင် ချက်များတွင်၊ တစ်ခုချင်းအတွက် စာရင်းဇယား ရေးဆွဲရခြင်းမှာ၊ အဖြစ်အပျက်တစ်ခုတည်း အတွက်ဖော်ပြရန်မဟုတ်ဘဲ၊ အကြမ်းဖျင်းအားဖြင့် ဒုတိယကမ္ဘာစစ် မတိုင်မီက များပြားလှစွာသော ကွဲပြားခြားနားမှုရှိသည့် ပုံစံတူလူသားအုပ်စုများကို ရည်ညွှန်းခြင်း မပြုလုပ်ဘဲ၊ နိုင်ငံသား လူနည်းစုကို ရည်ညွှန်းပါသည်။[302]

အမှုတွဲဆိုင်ရာဥပဒေ (case law)၏ နောက်ခံသမိုင်းနှင့် လူမျိုးတုန်းသတ်ဖြတ်ခြင်းဆိုင်ရာ ညီလာခံကြီး၏ ပန်းတိုင်ကို ထည့်သွင်းစဉ်းစားပါက၊ ဤစာတမ်းသည် အမျိုးအစား(၄)မျိုး၏အချက်အလက်များကို အသေးစိတ် တိကျစွာနှင့် သီးခြားခွဲစိပ်သုံးသပ်ခြင်း ပြုလုပ်မည်မဟုတ်ပါ။ ဥပဒေဆိုင်ရာ ရှုထောင့်မှသာ၊ အမျိုးအစား တစ်မျိုးနှင့်တစ်မျိုး ဆက်စပ်မှုရှိသောသွင်ပြင်လက္ခဏာများကိုစစ်ဆေးပြီးလျှင်၊ ရိုဟင်ဂျာတို့သည် လူမျိုးတုန်းသတ်ဖြတ်ခြင်း ဆိုင်ရာညီလာခံကြီး၏ စောင့်ရှောက်မှုပေးရမည့် အုပ်စုတွင် ပါ၊ မပါကို စဉ်းစားဆုံးဖြတ်ပါမည်။

၂။ တစ်ခုချင်း စာရင်းပြုစုထားသော အုပ်စုဝင်ကဲ့သို့သော ရိုဟင်ဂျာများ

လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ မူချမှတ်ရေးဆွဲခဲ့သူများ၏ ရည်ရွယ်ခဲ့သည့်အတိုင်း လူမျိုးဖြစ်စဉ် တစ်ခုလုံး၏ အရေးပါမှုနှင့် ယင်းဖြစ်စဉ်တွင် ပါဝင်သောအချက်အလက်များ တစ်ခုနှင့် တစ်ခုအပြန်အလှန် အမှီသဟဲ ပြုနေသည်ဟူသောရှုထောင့်မှကြည့်လျှင် ရိုဟင်ဂျာတို့သည် ထောင့်လေးထောင့်တွင်ရှိသော တိုင်ကြီးများ၏ စာရင်း ပြုစုထားသော အုပ်စုလေးစု၏ သတ်မှတ်ချက်တွင် ကျရောက်နေသည့် ကာကွယ်စောင့်ရှောက်မှုကို ပေးရမည့် အုပ်စုဖြစ်သည်။ ရိုဟင်ဂျာတို့၏ သွင်ပြင်လက္ခဏာတို့နှင့် နောက်ခံသမိုင်းတို့က သူတို့သည် လူမျိုးတုန်းသတ်ဖြတ် မှုဆိုင်ရာ ညီလာခံကြီး၏ အောက်တွင်ရှိသော နိုင်ငံသား၊ တိုင်းရင်းသား၊ လူမျိုး (သို့) ဘာသာတူ အုပ်စုတွင် အကြုံးဝင်ကြောင်း ညွှန်ပြနေပါသည်။

ရိုဟင်ဂျာများ၏ နောက်ခံသမိုင်းက၊ သူတို့သည် ညီလာခံကြီး၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ ကွဲပြားမှုရှိသော အုပ်စုတစ်စုဖြစ်သည်ဟုဖော်ပြပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့်၊ ရိုဟင်ဂျာများ မြန်မာနိုင်ငံတွင် ရောက်ရှိ နေထိုင်သည့် သမိုင်းကြောင်းကို ငြင်းဆိုထားပါသည်။ သမိုင်းလေ့လာသူများက၊ အစောဆုံး ၉ ရာစုနှစ် လောက် ကတည်းက ရောက်ရှိခဲ့ကြောင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။[303] ရိုဟင်ဂျာအမည်ကို အင်္ဂလိပ်စာဖြင့် ရည်ညွှန်း ရေးခြင်းကို ပထမဆုံးအကြိမ်အဖြစ် ၁၇၉၉ခုနှစ် ဗြိတိသျှ ကိုလိုနီလူမျိုးစုဆိုင်ရာ ဗေဒစာရင်းတွင်ဖော်ပြခဲ့သည်။ ထိုသို့ ဖော်ပြရာတွင် မိဟာမေဒင်ဟုဆိုသူများသည် အာရဂန် (ယခုရခိုင်ပြည်နယ်)တွင် ကာလရှည်ကြာစွာ နေထိုင်ခဲ့သူများ ဟုဆိုပါသည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကို ရိုဟင်ဂ(သို့) အာရဂန်သားများဟုခေါ်သည်။[304] ဒုတိယကမ္ဘာစစ်အတွင်း ရိုဟင်ဂျာတို့သည် ဗြိတိသျှများဘက်မှရပ်တည်၍ ကျူးကျော်သူဂျပန်များကို ဆန့်ကျင်ခဲ့ကြသည်။ ထိုနည်းတူစွာ ရခိုင်ဗုဒ္ဓဘာသာများနှင့် မဟာမိတ်ဖွဲ့ခဲ့ကြသည်။[305] ရိုဟင်ဂျာများ၏ နောက်ခံသမိုင်းကို အစောဆုံး ၉ရာစုနှစ်များမှ ၂၀ရာစုအလယ်ပိုင်းအထိ နောက်ကြောင်း ပြန်ကြည့်မည်ဆိုပါက ဤအုပ်စုသည် ထင်ရှားသောနောက်ခံသမိုင်းနှင့်

---

[301] For example, the International Law Commission on the Draft Code of Crimes Against the Peace and Security of Mankind determined that tribal groups should be protected by the Convention. General Assembly, Report of the International Law Commission on the Work of Its Forty-Eighth Session (6 May - 26 June 1996), U.N. Doc. A/51/10 (1996), p. 45. ကိုကြည့်ပါ။

[302] Prosecutor v. Krstic, *above* note 279, paras. 555-56 (Aug. 2, 2001). ကိုကြည့်ပါ။

[303] Moshe Yegar, *The Muslims of Burma: A Study of a Minority Group*, p. 2 (1972). ကိုကြည့်ပါ။

[304] Francis Buchanan, "A Comparative Vocabulary of Some of the Languages Spoken in the Burma Empire," *Asiatic Researches* v. 5, p. 219 (1799), *reprinted in SOAS Bulletin of Burma* v. 1, p. 55 (Michael Charney, ed., 2003), http://eprints.soas.ac.uk/8050/. ကိုကြည့်ပါ။

[305] Human Rights Watch, *All You Can Do Is Pray*, *above* note 20, p. 15. ကိုကြည့်ပါ။

ဆက်နွယ်လျက်ရှိသည်ကို ညွှန်ပြနေခြင်းကြောင့် ထိုသူတို့သည် ညီလာခံကြီး၏ အမျိုးသား အုပ်စုအတွင်း ကျရောက်နေပါသည်။

ထို့အပြင် ရိုဟင်ဂျာတို့သည် ခြားနားမှုရှိသော ဘာသာသာစကားကို ပြောဆိုကြသဖြင့် သူတို့သည် တိုင်းရင်းသား အုပ်စုတစ်စုဟု သတ်မှတ်နိုင်ပါသည်။ ထိုသူတို့သည် ရိုဟင်ဂျာ (သို့) ရူအာအင်ဂါ ဘာသာစကားကို ပြောဆိုကြသည်။ ဤစကားသည် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတွင်ပြောကြသော အခြားဘာသာစကားများနှင့် သိသိသာသာ ကွဲပြားမှုရှိပါသည်။ ရိုဟင်ဂျာစကားကို ရိုဟင်ဂျာများသာ ပြောဆိုကြသည်။ သို့ပါ၍ ထိုသူတို့သည် ညီလာခံကြီး၏ ကာကွယ်စောင့်ရှောက်မှုကို ပေးခြင်းခံရသော တိုင်းရင်းသားများအဖြစ် ဖွဲ့စည်းထားကြောင်းကို အထောက်အကူ ပြုပါသည်။

ရိုဟင်ဂျာတို့ ကိုးကွယ်သောဘာသာရေးအပေါ် အခြေခံ၍လည်း၊ ကာကွယ်စောင့်ရှောက်မှုကို ပေးခြင်းခံရသော အုပ်စုတစ်စု၏ အနေအထားတွင်ရှိပါသည်။ ရိုဟင်ဂျာအများစုမှာ မွတ်စလင်ဘာသာဝင်များ ဖြစ်ကြသည်။ မြန်မာအစိုးရနှင့် ဒေသခံရခိုင်များသည် မွတ်စလင်ဆန့်ကျင်သော သဘောထားများကို ကိုင်ဆောင်ထားကြသည်။ ဤသို့သော သဘောထားရှိကြောင်းကို၊ အစိုးရအရာရှိကြီးများနှင့် ထင်ရှားသောပုဂ္ဂိုလ်ကြီးများ ဟောပြောချက်များနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အလွန်ရက်စက်သည့် လုပ်ရပ်များမှ လွတ်မြောက်လာသည့်သူများ၏ သက်သေထွက်ဆိုချက်များတွင် တွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် စစ်တပ်သင်တန်း ပို့ချမှုတစ်ခုတွင် အသုံးပြုခဲ့သော Power Point တစ်ခုကို အယ်ဂျာဇီယာ သတင်းဌာနမှ ရရှိခဲ့ရာတွင်၊ မွတ်စလင်ဦးရေ များပြားလှသည့်အတွက် အန္တရာယ်ကျရောက်နိုင်ကြောင်း သတိပေးချက်ပါဝင်ပါသည်။[306] ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတဝှမ်းလုံးရှိ သံဃာတော်များသည်၊ မွတ်စလင်များအား နိုင်ထက်စီးနင်း လုပ်ရပ်များ၊ အကြမ်းဖက်မှု များလုပ်ရန် မီးထိုးပေးသည့် နေရာတွင် အဓိကပါဝင်ခဲ့ကြသည်။ ထင်ရှားသော ဘုန်းတော်ကြီး ဝီရသူက၊ မွတ်စလင်များသည် မြန်မာနိုင်ငံအား မွတ်စလင်နိုင်ငံသို့ ပြောင်းလဲရန် အစီစဉ်တစ်ရပ်ကို၊ သေချာစွာ ကြံစည်လုပ်ဆောင်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။ ဝီရသူက မွတ်စလင်များအား ခွေးအများနှင့်တူကြောင်း၊ ဗုဒ္ဓဘာသာကိုဖျက်လိုဖျက်စီး ကြံစည်နေကြောင်း ပြောကြားထားပါသည်။[307] အချို့သောသံဃာတော်များက၊ အစိုးရအနေဖြင့် ဝီရသူကိုမြှောက်ပေးနေကြောင်းနှင့် သံဃာတော်များနှင့် သူတို့၏ ဒကာများအား မွတ်စလင်မုန်းတီးရေး သဘောထားများထား ရှိရန်အားပေးအားမြှောက် ပြုကြောင်းပြောကြားခဲ့သည်။[308] မွတ်စလင်မုန်းတီးရေးပြောဆိုချက်များသည်၊ လူမှုအသိုင်းအဝိုင်း၏ အလွှာတိုင်း လိုလိုတွင်ပျံနှံ့နေပါသည်။ ရိုဟင်ဂျာများ၏ ဘာသာရေးကို နိုင်ထက်စီးနင်းပြုလုပ်ခံရခြင်းမှာ အဓိကဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ အခြားသောမွတ်စလင်များသည်လည်း နှိမ့်ချဆက်ဆံမှုကို ခံကြရသော်လည်း စော်ကားခြင်းနှင့်ရက်စက်စွာ ပြုလုပ်ခြင်းခံရသည့်အထိ မရောက်သေးပါ။ ကိုးကွယ်သည့် ဘာသာတစ်ခုတည်းကို အခြေခံ၍၊ ရိုဟင်ဂျာ လူမျိုးများသည် နိုင်ထက်စီးနင်း လုပ်ခံရသည်ဟုမဆိုနိုင်ပါ။ မည်သို့ပင်ဆိုစေကာမူ၊ ယခုဖော်ပြသည့် အကြောင်းအရာသည် ရိုဟင်ဂျာတို့သည် ဘာသာရေးကြောင့်၊ ကွဲပြားမှုရှိသော အုပ်စုတစ်စုအဖြစ် သီးခြားရပ်တည်မှုရှိသော အုပ်စုတစ်စုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာခုံရုံးများကို နိုင်ထက်စီးနင်းပြုလုပ်တဲ့သူများ၏ကျူးလွန်မှုကို ခံရခြင်းကြောင့်၊ ကာကွယ်စောင့်ရှောက်မှုပေးရန် သင့်၊ မသင့်ကို ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ကျင်းပခဲ့ပါသည်။ အကရီဆု (Akayesu) အမှုတွဲတွင်၊ တွတ်ဆီ(Tutsi)လူမျိုးများ၏၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့သည် အခြားသော ရဝမ်ဒါ လူမျိုးများနှင့် သီးခြားစွာ ရပ်တည်မှုရှိသည်ကို တိကျစွာမသိရှိခဲ့သော်လည်း၊ ထိုသူများသည် အခြေတကျရှိပြီး၊ အမြဲတမ်းရပ်တည်နိုင်ခဲ့သော အုပ်စုတစ်စုဖြစ်ကြောင်းကို အားလုံးကအသိအမှတ် ပြုသည့်အတွက်၊ ညီလာခံကြီး၏ ကာကွယ်စောင့်ရှောက်မှုကို ပေးရမည့်အုပ်စုဖြစ်သည်ဟု ICTRတရားရေးစီရင်မှုအဖွဲ့ကတွေ့ရှိခဲ့ပါသည်။[309] ပြုသူ(ကရိယာပုဒ်)အဖြစ်၊ထိုသူတို့သည် ညီလာခံကြီး၏ဆုံးဖြတ်ချက် ပန်းတိုင်များနှင့် ကွဲပြားခြားနားမှု မရှိသော အုပ်စုတစ်စုအဖြစ် သတ်မှတ်ခြင်းကို ခံရသော အုပ်စုဖြစ်သည်။ လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်သည့် ရာဇဝတ်မှုကို ပြစ်မှုကျူးလွန်သူများက အခြားအုပ်စုတစ်စုကို ဖျက်လိုဖျက်ဆီးပြုလုပ်လိုသော ဆန္ဒအပေါ်အခြေခံ၍ ထုတ်ဖော် ပြောကြားပါသည်။ သို့ပါ၍ အပြစ် ကျူးလွန်သူတို့၏ အခြားအုပ်စုတစ်စုအပေါ် ခံယူချက်များသည် ခုံရုံးများ၏ ခွဲခြားစိပ်ဖြာ သုံးသပ်မှုတွင် အဓိကကျသော အချက်ဖြစ်သည်။ ခုံရုံးများအနေဖြင့် အပြစ်ကျူးလွန်သူတို့သည်၊ ကျူးလွန်ခြင်းခံရသော အုပ်စုအပေါ်၊ သီးခြားရပ်တည်မှုရှိသော အုပ်စုတစ်စုအဖြစ် ထင်မြင်ချက်ကို၊ လိုအပ်သော အချက်တစ်ချက် အနေဖြင့် စစ်ဆေးပါသည်။

---

[306] Military Headquarters Presentation, *above* note 198. ကိုကြည့်ပါ။

[307] Jonah Fisher, "Anti-Muslim Monk Stokes Burmese Religious Tensions," *BBC News* (Aug. 29, 2013), http://www.bbc.com/news/world-asia-23846632. ကိုကြည့်ပါ။

[308] Al Jazeera Investigative Unit, Interview with Monk B, Tha Kha Na, Ven Pannasiha. ကိုကြည့်ပါ။

[309] Akayesu, *above* note 282, paras. 122-24. ကိုကြည့်ပါ။

မြန်မာအစိုးရနှင့် ရခိုင်လူမျိုးတို့သည်၊ ရိုဟင်ဂျာများကို ခြားနားမှုရှိသော အုပ်စုတစ်စုကဲ့သို့ ဆက်ဆံလျက်ရှိသည်။ အစိုးရအနေဖြင့် ရိုဟင်ဂျာဟု အမည်တပ်ခေါ်ဝေါ်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားအနေဖြင့် အသိအမှတ်ပြုရာ ရောက်မည်ကို မလိုလားသောကြောင့်ဖြစ်သည်။ ရိုဟင်ဂျာများသည် မကြာသေးမီက တရားမဝင် ပြောင်းရွှေ့နေထိုင်သူများဖြစ်ကြောင်း၊ ထင်ရှားစေရန်အတွက် ရိုဟင်ဂျာအစား ဘင်္ဂလီဟုခေါ်ကြသည်။[310] ကုလသမဂ္ဂအဖွဲ့၏ အထောက်အကူဖြင့် ပြုလုပ်ခဲ့သော ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာဟူသော သတ်မှတ်ချက်မပါခဲ့ပါ။[311] ထိုသို့မပါနိုင်ရန်အတွက် ချွင်းချက်မရှိဘဲ ဟန့်တားမှုများကို ပြုလုပ်ခဲ့ပါသည်။[312] ကုလသမဂ္ဂအဖွဲ့ကြီး၏ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သော နမ်ဘီယာက အစိုးရကမဟုတ်ဘဲ၊ ဒေသခံပြည်သူများက တောင်းဆိုမှုကြောင့် မိမိတို့ဘာသာ အမည်တပ်ခေါ်ဝေါ်သော ရိုဟင်ဂျာများကို ချန်လှပ်ခဲ့ကြောင်းပြောပါသည်။[313] မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများကို ဘင်္ဂလီလူမျိုးဟု သုံးစွဲခေါ်ဝေါ်ကြသည်။ အစိုးရက သူတို့အား သီးခြားအုပ်စုတစ်စုအဖြစ် ဆက်ဆံသည်။ ဒေသခံပြည်နယ်အရာရှိများနှင့် သံဃာတော်များက၊ ရိုဟင်ဂျာတို့သည် တိုင်းရင်းသားများ မဟုတ်ဟု ငြင်းဆိုကြသည်။ အဆိုပါပုဂ္ဂိုလ်များနှင့် သံဃာတော်များက ရိုဟင်ဂျာများအား ပစ်မှတ်ထား၍ မူဝါဒများ ရေးဆွဲခဲ့ ကြပြီးဖြစ်သည်။ ဥပမာအားဖြင့် ရခိုင်အမျိုးသားတိုးတက်ရေးပါတီနှင့် ရဒေ့တောင်ရှိ သံဃာတော်များက ရိုဟင်ဂျာများသည် တရားမဝင် ခိုးဝင်လာသူများနှင့် ကုလားများဖြစ်ကြောင်းကို ယုံကြည်လက်ခံရန် အချက် ၁၂ချက် ပါသည့် ကြေငြာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ရိုဟင်ဂျာများကို လူပုဂ္ဂိုလ်၊ စီးပွားရေးနှင့် လူမှုအသိုင်းအဝိုင်းမှ အထီးကျန်စေရန် ပြုလုပ်ခြင်းဖြစ်သည်။ သို့ပါ၍ အစိုးရနှင့်ဒေသခံများအနေဖြင့် ရိုဟင်ဂျာဆိုသော အသုံးအနှုန်းကို လက်မခံဘဲ၊ သူတို့၏အသုံးအနှုန်းအတိုင်း ဘင်္ဂလီဟုခေါ်ဝေါ်သည့်အတွက် ရိုဟင်ဂျာများသည် သီးခြားရပ်တည်မှုရှိသော အုပ်စုတစ်စုဟု ကောက်ချက်ချနိုင်ပါသည်။

၃။ အုပ်စု အချက်အလက်များနှင့် ပတ်သတ်၍ နိဂုံးချုပ်

ဘက်စုံကြည့်ရှု လေ့လာသုံးသပ်ခြင်းအရ၊ ရိုဟင်ဂျာတို့သည် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီး၏ စောင့်ရှောက်မှုကို ခံယူထိုက်သော အုပ်စုဖြစ်သည်။ သူတို့၏ နောက်ခံသမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ဘာသာ စကားများသည် အတူတူဖြစ်နေကြသည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူများအနေဖြင့် သူတို့အား သီးခြားမှုရှိသော အုပ်စုတစ်စု ဟုမြင်ပြီး သူတို့၏ အနေအထားပေါ်တွင် ပစ်မှတ်ထားရှိကြသည်။

(ဂ) လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုနှင့် ပတ်သတ်သော အချက်အလက်တစ်ခုဖြစ်သည့် ပြုလုပ်မှု "လုပ်ရပ်" အပိုင်း

၁။ အုပ်စုအဖွဲ့ဝင်များ အားသတ်ဖြတ်ခြင်း

လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ အုပ်စုအဖွဲ့ဝင်များအား သတ်ဖြတ်ခြင်းကို တားဆီးရန်အတွက် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ဥပဒေတစ်ခု အဖြစ်သတ်မှတ်ခဲ့ပါသည်။ ICTR မှ သတ်ဖြတ်ခြင်းတွင် အချက်အလက် ၂ခုရှိကြောင်းအဓိပ္ပါယ်ပြန်ယူပါသည်။ (၁)ထိခိုက်ဒဏ်ရာရရှိသူသည် သေဆုံးပြီးဖြစ်သည်။ (၂)ဤသို့သေဆုံးရခြင်းသည် စွပ်စွဲပြောဆိုသူက မတရား(တရားမဝင်)အပြစ်ကျူးလွန်မှုကြောင့်ဖြစ်သည်။[314] ICTRသည် တမင်သက်သက်ဖြစ်စေ မတော်တဆဖြစ်စေ လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်အောင် ရာဇဝတ်မှု ကျူးလွန်မှုအတွက် တာဝန်ရှိသူ (တရားခံ)ကို သတ်မှတ်ဖော်ထုတ်ရာတွင် အုပ်စုအဖွဲ့ဝင်များအား သတ်ဖြတ်ရန် ကျူးလွန်မှုတွင် အချက် (၂) တို့ ပါဝင်ပါသည်။ (၁) ကြိုတင်ကြံစည်မှု မရှိဘဲနှင့်ဖြစ်စေ အုပ်စုအဖွဲ့ဝင်များအား၊ အပြစ်ကျူးလွန်သူက တမင်တကာ သတ်ဖြတ်ခြင်း။ (၂) သတ်ဖြတ်ခြင်း ခံရသူများသည် ပစ်မှတ်ထားရှိသော တိုင်းရင်းသား အနွယ်ဝင် လူမျိုးစု၊

---

[310] Submission on the Development of Rakhine State, *above* note 242, p. 4 ("Using the illegal migrants, some Bengali educated people who reached different countries created a new name 'Rohingya' for themselves and they encroach upon our history of Arakan, Rakhine land and the sovereignty of Rakhine and Myanmar."); Human Rights Watch, *All You Can Do Is Pray*, *see above* note 20, p. 110; Human Rights Watch, *The Government Could Have Stopped This*, a*bove* note 23, p. 45. ကိုကြည့်ပါ။

[311] Human Rights Watch, *All You Can Do Is Pray*, *see above* note 20, p. 115. ကိုကြည့်ပါ။

[312] Timothy McLaughlin, "Myanmar Releases Census Data, but Excluded Rohingya Minority," *Reuters* (May 29, 2015), http://in.reuters.com/article/2015/05/29/asia-migrants-myanmar-idINL3N0YK2ZW20150529; Human Rights, *All You Can Do Is Pray*, *above* note 20, p. 115. ကိုကြည့်ပါ။

[313] McLaughlin, "Myanmar Releases Census Data," *above* note 312 ကိုကြည့်ပါ။

[314] Akayesu, *above* note 282, para. 589. ကိုကြည့်ပါ။

အမျိုးသား (နိုင်ငံသား) (သို့)ဘာသာအုပ်စုတစ်စုတွင် ပါဝင်ရမည်။[315] ICTY က ကြိုတင်ကြံစည်မှု မရှိဘဲနှင့်ဖြစ်စေ တမင်တကာ ပြုလုပ်ပါက သတ်ဖြတ်ခြင်းဟု တခြားသော အကြောင်းပြချက်ပေးရန်မလိုဘဲ သတ်မှတ်နိုင်သည်။[316]

အစိုးရလုံခြုံရေးတပ်ဖွဲ့များ၊ ရိုဟင်ဂျာများကို ရက်စက်စွာသတ်ဖြတ်မှုတွင်ပါဝင်ခြင်းသည် စုံစမ်းရေး ကော်မရှင်၏ ကာကွယ်စောင့်ရှောက်မှုကို ပေးသောအုပ်စုအဖွဲ့ဝင်များကို သတ်ဖြတ်ခြင်းဖြစ်၍ တားမြစ်ထားသော လုပ်ဆောင်ချက် (အပြုအမူ)၏ လိုအပ်သောအချက်နှင့်ကိုက်ညီမှုရှိသည်။ ရိုဟင်ဂျာများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ပဂ္ဂလိက ကျွမ်းကျင်သူများ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများက၊ မြန်မာစစ်တပ်၊ နစက နှင့်မြန်မာရဲတပ်ဖွဲ့တို့သည်၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများကို သေစေလောက်သည်အထိ အကြမ်းဖက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ကြောင်း သတင်းများ ပေးပို့ထားပါသည်။ မျက်မြင်သက်သေများ၏အဆိုအရ၊ အစိုးရတပ်ဖွဲ့များသည် ဒေသတွင်ဖြစ်ပေါ်သော သတ်ဖြတ်မှုများနှင့် ရိုဟင်ဂျာများကို ရက်စက်စွာ သတ်ဖြတ်ရာတွင် ပါဝင်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များ အနေဖြင့် ထိုသူတို့အား အကာအကွယ်ပေးရမည့်အစား ပစ်ခတ်သတ်ဖြတ် ခဲ့ကြသည်ဟုလည်း ထွက်ဆို ခဲ့ကြသည်။

အစိုးရလုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်ခြင်းများကိုရပ်ရန် စုံစမ်းမှုပြုလုပ်ရန် (သို့) အပြစ်ပေးရန် ပျက်ကွက်ခဲ့ခြင်းသည် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ ချမှတ်ခဲ့သော အချက်များကို ချိုးဖောက်ရာရောက်ပါသည်။ အမျိုးသားအစိုးရအနေဖြင့် ဒေသခံရခိုင်များသည်လူမျိုးရေး အကြမ်းဖက် လုပ်ဆောင်ခြင်း အတွက် တာဝန်ရှိသူဟု ခံယူထားသည်။ ဒေသခံရခိုင်များအနေဖြင့် ၂၀၁၂ခုနှစ် မှစ၍၊ ရိုဟင်ဂျာများ သတ်ဖြတ်မှု အများအပြားတွင် တာဝန်ရှိကြောင်း ငြင်းဆို၍မရပါ။[317] သို့ရာတွင် ဥပဒေအပြင်မှ တမင်တကာ သော်လည်းကောင်း၊ မတော်တဆ သော်လည်းကောင်း အကြမ်းဖက်တိုက်ခိုက်မှုများကို တားဆီးရန် ပျက်ကွက် ခဲ့သည်။ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ ချမှတ်ခဲ့သော အချက်များကို ချိုးဖောက်ရာရောက်သည်။[318] ဤသို့ပြုလုပ်ခြင်း၂ခုလုံးနှင့် တမင်တကာ သော်လည်းကောင်း မတော်တဆ သော်လည်းကောင်း အကြမ်းဖက် တိုက်ခိုက်မှုများသည် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ ချမှတ်ခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း ICTY နှင့် ICTR အဖွဲများက တွေ့ရှိခဲ့ပါသည်။[319] မျက်မြင်သက်သေများက၊ မြန်မာစစ်တပ်၊ ရဲတပ်ဖွဲနှင့် နစကတို့သည် ဒေသခံရခိုင်များဘက်မှရပ်တည်ပြီး ရိုဟင်ဂျာများကို သတ်ဖြတ်ခဲ့ကြောင်း သတင်း ပေးပို့ထားပါသည်။ လူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲက၊ ရခိုင်ပြည်နယ်ဒေသ အတော်များများတွင် ဖြစ်ပေါ်ခဲ့သော ရိုဟင်ဂျာများကို ရက်စက်စွာသတ်ဖြတ်မှုသည်၊ သေချာစွာ စည်းရုံးလုပ်ဆောင်မှုဖြစ်ကြောင်း၊ ဒါကို အစိုးရအနေဖြင့် ဖြစ်လာမည့် အကြမ်းဖက်မှုများကို ကြိုတင်သိရှိထားပြီး၊ အပြစ်ကျူးလွန်မှုတွင် တာဝန်ရှိသူများအား တားဆီးရန် ပျက်ကွက်ခဲ့သည်။ ကျေးရွာအများအပြားတွင် တိုက်ခိုက်မှုများသည်၊ တချိန်တည်းမှာလိုလိုဖြစ်ပေါ်ခဲ့သည်။ တိုက်ခိုက်သူများသည် လက်နက်အပြည့်အစုံ တပ်ဆင်ထားကြသည်။ အစိုးရလုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာများကို သတ်ဖြတ်နေသည်ကို ရပ်ကြည့်နေခြင်း (သို့) ကိုယ်တိုင်ပါဝင်ခြင်း ပြုလုပ်ခဲ့ကြသည်။ သတ်ဖြတ်ပြီး သောအခါ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ရာတွင် နှောင့်နှေးမှုများရှိအောင်၊ ရိုဟင်ဂျာ အလောင်းများကို အစိုးရလုံခြုံရေး တပ်ဖွဲများက ဖျောက်ဖျက်ကြသည်။[320] ၂၀၁၂ခုနှစ်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အရေးအခင်းတွင် ရိုဟင်ဂျာများသာ အများအားဖြင့် သတ်ဖြတ်ခဲ့ခြင်းခံခဲ့ရသော်လည်း အစိုးရအာဏာပိုင်များက အကြမ်းဖက်မှု အတွက် ရခိုင်လူမျိုးများကို အပြစ်မပေးဘဲ၊ ရိုဟင်ဂျာများကိုသာအပြစ်ပေးခဲ့သည်။

အစိုးရ၏ အကြမ်းဖက်လုပ်ဆောင်ချက်၊ ထိုနည်းတူစွာ ဒေါ်သအလိုက် ပြစ်မှုကျူးလွန်မှုကို ထိန်းချုပ်နိုင်ရန် မလုပ်ဆောင်ခဲ့ခြင်း တို့သည်၊ အုပ်စုအဖွဲ့ဝင်များအားသတ်ဖြတ်ခြင်း အဆင့်အတန်း သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိပါသည်။

၂။ အုပ်စုအဖွဲ့ဝင်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် ပြင်းထန်စွာထိခိုက်မှု ကိုဖြစ်စေခြင်း

လူမျိုးတုန်းသတ်ဖြတ်မှု ပြုလုပ်ခြင်းဆိုင်ရာ ညီလာခံကြီး၏ ဒုတိယမြောက်တားမြစ်ထားသော အက်ဥပဒေ အမှတ် ၂ သည် အုပ်စုအဖွဲ့ဝင်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့တွင် ပြင်းထန်စွာ ထိခိုက်မှုကို ဖြစ်စေခြင်း ဖြစ်၏။

---

[315] Prosecutor v. Semanza, Case No. ICTR-97-20-T, Judgment and Sentence, para. 319 (May 15, 2003). ကိုကြည့်ပါ။

[316] Prosecutor v. Staki←, Case No. ICTY-IT-97-24-T, Judgment, para. 515 (July 31, 2003). ကိုကြည့်ပါ။

[317] *above* Part III.C, III.D. ကိုကြည့်ပါ။

[318] Prosecutor v. Kambanda, Case No. ICTR-97-23-S, Judgement and Sentence, para. 40(1) (Sept. 4, 1998); Prosecutor v. Kovacevic and Drljaca, Case No. ICTY-IT-96-24, Indictment, para. 9 (Mar. 13, 1997); Schabas, *Genocide in International Law*, *above* note 277, p. 156 (discussing the omission). ကိုကြည့်ပါ။

[319] Human Rights Watch, *All You Can Do Is Pray*, *above* note 20, p. 125. ကိုကြည့်ပါ။

[320] *အထက်ရည်ညွှန်းပါအတိုင်း*

ဤအချက်ကို ICTRက ကိုယ်ချင်းစာနာမှုမရှိဘဲ (သို့) သိကွာကျဆင်းစေရန်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ညှင်းပန်း နှိပ်စက်သောအပြုအမူဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။[321] ICTR ၏ အခြားတရားစီရင်ရေး အဖွဲ့တစ်ဖွဲ့မှ ကျန်းမာရေးကို ဆိုးဝါးစွာဥပဒ်ရောက်စေခြင်း၊ ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်း (သို့)ကိုယ်ခန္ဓာ၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းရှိ အင်္ဂါများ (တိုက်ရိုက်ကူးယူဖော်ပြပါသည်) သို့မဟုတ် အသိဉာဏ်များကို ဆိုးဝါးစွာ ဥပဒ်ရောက်စေခြင်းဟု အဓိပ္ပါယ်ပြန်ဆိုပါသည်။[322] လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ ဥပဒ်ရောက်စေသည့် အချက်များကို တားမြစ်ထားသော လုပ်ဆောင်ချက်များ၏ တစ်ချက်ချင်းတိကျစွာ စာရင်းပြုစုဖော်ပြခြင်း မရှိသော်လည်း ICTY နှင့် ICTRတို့က အသက်သေလောက်သည်အထိ မဖြစ်ပျက်သော လုပ်ဆောင်မှုများတွင် နှိပ်စက်ငြင်းပန်းခြင်း၊ မုဒိမ်းကျင့်ခြင်း၊ နှိုင်ငံမှ နှင်ထုတ်ခြင်းနှင့် ရက်စက်စွာ ပြုမူခြင်းတို့သည် ဤသတ်မှတ်ချက်တွင် ပါဝင်ကြောင်း တွေ့ရှိခဲ့ပါသည်။[323]

ရိုဟင်ဂျာများအားပြင်းထန်စွာ နှိပ်စက်ညှင်းပန်းခြင်း၊ အဖြစ်အပျက်များသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ဥပဒ်ရောက်စေသည်ဟူသော အချက်များနှင့်အကြုံးဝင်ပါသည်။ မြန်မာစစ်တပ်က ရိုဟင်ဂျာယောကျ်ားနှင့် မိန်းမများအား ရိုက်နှက်ခြင်းနှင့် နှိပ်စက်ညှင်းပန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။[324] ၁၉၇၀ခုနှစ် နောက်ပိုင်းနှစ်များ၊ ၁၉၉၀ခုနှစ် ရေပွိုင်းနှစ်များနှင့် ၂၀၁၃ခုနှစ်များတွင် ရိုဟင်ဂျာတို့သည် ကျယ်ပြန့်သော အကြမ်းဖက်မှုများကို တစ်ခုပြီး၊ တစ်ခုကြုံတွေ့ခဲ့ကြရသည်။ အကြမ်းဖက်မှုတိုင်းတွင် နစက၊ မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့၏ ညှင်းပန်းနှိပ်စက်များကို ပြုလုပ်ခဲ့ကြသည်။[325] အစိုးရအာဏာပိုင်များ အနေနှင့်လည်း ရိုဟင်ဂျာတို့၏ ရပ်တည်ရှိမှုကို ဖျောက်ဖျက်ပစ်ရန်အတွက်၊ ညှင်းပန်းနှိပ်စက်မှုများကို ပြုလုပ်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည့် လူမျိုးပြုန်းတီးအောင် သတ်ဖြတ်ခြင်းကာကွယ်ရန်ဖွဲ့ထားသည့် စင်တီနယ်ပရောဂျက်အဆိုအရ ရိုဟင်ဂျာများကို နစကအဖွဲ့မှ ဘင်္ဂလီအမည်ကို အသုံးပြု၍ စာရင်းသွင်းရန် သဘောတူသည်အထိ ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့ကြောင်း[326] အဆိုပါပရောဂျက်၏အစီရင်ခံစာတွင် နစကနှင့် မြန်မာစစ်တပ်တို့သည် မုဒိမ်းကျင့်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းစသော စစ်ရာဇဝတ်နောက်ခံသမိုင်းများ ကာလအတော်ကြာကပင် ရှိခဲ့ကြောင်း၊ ရိုဟင်ဂျာများကို နှိပ်စက်ညှင်းပန်းမှုများသည် ရုပ်ပိုင်းနှင့်စိတ်ပိုင်းတို့ကို ဆိုးဝါးစွာဥပဒ်ရောက်စေသည်ဟူသော တားမြစ်ထားသည့် သတ်မှတ်ထားသော အက်ဥပဒေနှင့် ကိုက်ညီမှုရှိပါသည်။

---

[321] Akayesu, *above* note 282, para. 504. ကိုကြည့်ပါ။

[322] Kayishema and Ruzindana, *above* note 287, para. 109. ကိုကြည့်ပါ။

[323] Prosecutor v. Muhimana, Case No. ICTR-95-1B-T, Judgment and Sentence, para. 502 (Apr. 28, 2005) ("ဥပမာပေးချက်ကိုကြည့်ပါ။ နှိပ်စက်ခြင်းနှင့် လိင်အကြမ်းဖက်ခြင်းစသည်ဖြင့် အပြစ်ကျူးလွန်ခြင်း ခံရသူ၏ ကိုယ်ခန္ဓာကို ဆိုးဝါးစွာ အနာတရဖြစ်စေခြင်းသည် ကိုယ်ခန္ဓာကို ဥပဒ်ရောက်စေခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းသည် ပြန်လည်ကုသမှု မခံယူနိုင်ခြင်းမဟုတ်ပါ။ ထိုနည်းတူစွာ စိတ်ပိုင်းဆိုင်ရာ ဥပဒ်ရောက်မှုကိုလည်း Prosecutor v. Muhimana, Case No. ICTR-95-1B-T, Judgment and Sentence, para. 502 (Apr. 28, 2005) ("ဥပမာပေးချက်ကိုကြည့်ပါ။ နှိပ်စက်ခြင်းနှင့် လိင်အကြမ်းဖက်ခြင်းစသည်ဖြင့် အပြစ်ကျူးလွန်ခြင်း ခံရသူ၏ Prosecutor v. Muhimana, Case No. ICTR-95-1B-T, Judgment and Sentence, para. 502 (Apr. 28, 2005) ("ဥပမာပေးချက်ကိုကြည့်ပါ။ နှိပ်စက်ခြင်းနှင့် လိင်အကြမ်းဖက်ခြင်းစသည်ဖြင့် အပြစ်ကျူးလွန်ခြင်း ခံရသူ၏ ကိုယ်ခန္ဓာကို ဆိုးဝါးစွာ အနာတရဖြစ်စေခြင်းသည် ကိုယ်ခန္ဓာကို ဥပဒ်ရောက်စေခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းသည် ပြန်လည်ကုသမှု မခံယူနိုင်ခြင်းမဟုတ်ပါ။ ထိုနည်းတူစွာ စိတ်ပိုင်းဆိုင်ရာ ဥပဒ်ရောက်မှုကိုလည်း ပြန်လည်ကုစားနိုင်သည်။ ထိုနည်းတူစွာ စိတ်ပိုင်းဆိုင်ရာ ဖွဲ့စည်းပုံတွင် ပါဝင်မှုများ (သို့) လူနာ၏စိတ်ပိုင်းအခြေအနေကို ဆိုးဝါးစွာ အနာတရဖြစ်စေသော အမျိုးအစားကွဲသို့ပင် ပြန်လည်ကုစားနိုင်သည်။ အုပ်စုတစ်စု (သို့) အုပ်စုအဖွဲ့ဝင်များကို ကိုယ်ခန္ဓာဆိုးဝါးစွာ အနာတရဖြစ်စေခြင်း၊ လူမဆန်စွာ ဆက်ဆံခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် နှင်ထုတ်ခြင်းတို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုဖြစ်ရသည်။ ကိုယ်ခန္ဓာကို ဆိုးဝါးစွာ (သို့) စိတ်ကိုဥပဒ်ရောက်စေခြင်းတွင် နှိပ်စက်ညှင်းပန်းခြင်း၊ မုဒိမ်းကျင့်ခြင်း၊ လူသားမဆန်စွာဆက်ဆံခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (သို့) သိကွာကျအောင် ပြုလုပ်ခြင်းတို့ပဲပါဝင်သည်။ သို့ရာတွင် ဤအချက်များကို တင်းကြပ်စွာထားခြင်းမဟုတ်ပါ။ အုပ်စုတစ်စုကိုပျက်စီးခြင်းသို့ရောက်အောင် ပြုလုပ်သည်ဟု တွက်ချက်ယူနိုင်လောက်အောင် ဘဝတစ်ခုစီ၏ အခြေအနေပျက်စီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် အဓမ္မစေခိုင်းခြင်းမှ ကာကွယ်ရန် အက်ဥပဒေတွင် တကယ့်ဖြစ်ပျက်မှုမှ သက်သေသာဓကမလိုပါ။ အပြစ်ကျူးလွန်သူအနေဖြင့် အုပ်စုတစ်စုလုံး (သို့) အစိတ်အပိုင်းတစ်ခုခုကို အောင်မြင်စွာ ဖျက်ဆီးပစ်ခဲ့ကြောင်း ပြသနိုင်ရန် အရေးတကြီးမလိုအပ်ပါ။") International Criminal Court, Elements of Crimes, entered into force Sept. 9, 2002, ICCASP/1/3, fn. 3 ("[An act causing serious bodily or mental harm] may include, but is not necessarily restricted to, acts of torture, rape, sexual violence or inhuman or degrading treatment."). ကိုကြည့်ပါ။

[324] *above* Parts II.C & II.G; *see also* U.N. Commission on Human Rights, *Report of the Special Rapporteur on Violence against Women, Its Causes and Consequences, Yakin Ertürk*, U.N. Doc. E/CN.4/2006/61/Add.1 (Mar. 27, 2006), paras. 118-26. ကိုကြည့်ပါ။

[325] Human Rights Watch, *Burma: Rohingya Muslims: Ending a Cycle of Exodus?*, p. 12 (Sept. 1996), http://www.hrw.org/reports/pdfs/b/burma/burma969.pdf; The Equal Rights Trust, *Burning Homes, Sinking Lives: A Situation Report On the Violence Against Stateless Rohingya in Myanmar and Their Refoulement From Bangladesh* (June 2012), http://www.equalrightstrust.org/ertdocumentbank/The%20Equal%20Rights%20Trust%20-%20Burning%20Homes%20Sinking%20Lives.pdf; Human Rights Watch, *All You Can Do Is Pray*, *see above* note 20, p. 53.

[326] *for example*, The Sentinel Project, *Burma Risk Assessment*, pp. 13, 28-29 (Sept. 2013), https://thesentinelproject.org/wp-content/uploads/2013/09/Risk-Assessment-Burma-September-2013.pdf. ကိုကြည့်ပါ။

ရိုဟင်ဂျာအမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများနှင့် မုဒိမ်းကျင့်မှုများကို နစက၊ မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့မှ ကျူးလွန်ခြင်းသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ဥပဒေရောက်စေသည်ဟူသော အက်ဥပဒေနှင့် အကြုံးဝင်ပါသည်။ ICTRက ညှင်းပန်းနှိပ်စက်ခြင်းနှင့် မုဒိမ်းကျင့်ခြင်းတို့ကို နှိုင်းယှဉ်ဖော်ပြရာတွင်၊ ညှင်းပန်းနှိပ်စက်ခြင်းကဲ့သို့ပင် မုဒိမ်းကျင့်ခြင်းကို ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ စော်ကားခြင်း၊ နှိမ့်ချဆက်ဆံခြင်း၊ အပြစ်ဒဏ်ပေးခြင်း၊ ချုပ်ခြယ်ခြင်း (သို့) လူတစ်ဦးတစ်ယောက်ကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ ညှင်းပန်နှိပ်စက်ခြင်းကဲ့သို့ပင် မုဒိမ်းကျင့်ခြင်းသည် လူတစ်ဦး၏ဂုဏ်သိက္ခာကို ချိုးဖောက်ရာရောက်ပါသည်။[327] ရိုဟင်ဂျာအမျိုးသမီးများကို နစက၊ မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က စစ်စခန်းများတွင် ထိန်းသိမ်းထားစဉ်အတွင်း မိသားစု တစ်ဦးဦးက အတင်းအကြပ် အလုပ်လုပ်ခိုင်းခြင်းကို ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် အလုပ်အတင်းအကြပ်လုပ်ခိုင်းနေစဉ်အတွင်းနှင့် သူတို့၏နေအိမ်များတွင် မုဒိမ်းကျင့်ကြောင်း ရိုဟင်ဂျာများက သတင်းပေးပို့ပါသည်။ ဤသို့ရိုဟင်ဂျာမိန်းမများကို တိုက်ခိုက်မှုပြုလုပ်ခြင်းသည် ICTYနှင့် ICTRတို့၏ မုဒိမ်းကျင့်ခြင်းသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို ဆိုးဝါးစွာ ဥပဒေရောက်စေသည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီပါသည်။

၃။ ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ခု ပျက်စီးစေရန် အုပ်စုတစ်စု၏ ဘဝအခြေအနေကို ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်ရှိရှိ နည်းမျိုးစုံဖြင့် အတင်းအကြပ်လုပ်ခြင်း

လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီး၏ တတိယမြောက် တားမြစ်ထားသော အက်ဥပဒေ အမှတ် ၃ သည် ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ခုပျက်စီးစေရန်၊ အုပ်စုတစ်စု၏ ဘဝအခြေအနေကို ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်ရှိရှိ နည်းမျိုးစုံဖြင့် အတင်းအကြပ်လုပ်ခြင်းဖြစ်သည်။[328] အကရီစု (Akayesu) အမှုတွဲတွင် ICTRက ဤပြဋ္ဌာန်းချက်တွင် အပြစ်ကျူးလွန်သူတို့အနေဖြင့် အုပ်စုအဖွဲဝင်များအား ချက်ချင်းမသတ်ဘဲ၊ နောက်ဆုံးတွင် ထိုသူများ၏ ရုပ်ပိုင်းဆိုင်ရာတို့ ပျက်စီးရန်ကြိုးစားသည့်အချက် ပါဝင်ကြောင်း ရှင်းလင်းဖော်ပြသင့်သည်ဟု လက်ခံပါသည်။[329] ဤသို့ပြုလုပ်ခြင်းအားဖြင့် နှိပ်စက်ခြင်းခံရသူ (သို့) အုပ်စုတစ်စုလုံးသည် တဖြေးဖြေးသေဆုံးသည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ ဤသို့ပြုလုပ်နည်းတွင် အုပ်စုအဖွဲဝင်များကို မသေရုံတမယ် အစာကြေးခြင်း၊ စနစ်တကျနေအိမ်များကို စွန့်ခွာစေခြင်းနှင့် ဆေးကုသမှုပေးရာတွင် အနိမ့်ဆုံးလိုအပ်ချက်ထက် လျော့နည်းပြီး ပေးခြင်းတို့ပါဝင်သည်။[330] ဤတားမြစ်ချက်တွင် အတင်းအကြပ် အလုပ်လုပ်ခိုင်းခြင်းနှင့် အသက်ရှင်နေထိုင်နိုင်ရန် အတွက် မရှိမဖြစ်သောအရင်းအမြစ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ပျက်စီးယိုယွင်းစေခြင်း၊[331] ဥပမာအားဖြင့် အစားအစာ (သို့) ဆေးကုသပြုပေးခြင်း (သို့) နေအိမ်များမှ စနစ်တကျ စွန့်ခွာစေခြင်းတို့ပါဝင်သည်။[332]

ရိုဟင်ဂျာများကို မိမိတို့၏နေအိမ်မှထွက်ခွာစေပြီး စစ်ဘေးရှောင် ခစန်းများသို့ပို့ခြင်း (သို့) နိုင်ငံမှထွက်ခွာစေခြင်းတို့အပြင် ဆေးဝါးကုသမှု၊ မိလ္လာသိမ်းစနစ်၊ အစားအစာနှင့် လက်ခံရရှိသော အလုပ်အကိုင် အခွင့်အလမ်းတို့ကို ငြင်းပယ်ခြင်း တို့သည် ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ခုပျက်စီးစေရန် အုပ်စုတစ်စု၏ ဘဝအခြေအနေကို ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်ရှိရှိနည်းမျိုးစုံဖြင့် အတင်းအကြပ်လုပ်ခြင်းနှင့် အကြုံးဝင်ပါသည်။ အကြမ်းဖက်မှုများနှင့် မီးရှို့မှုများကြောင့် ရိုဟင်ဂျာများ၏ နေအိမ်နှင့် ပတ်ဝန်းကျင်ကိုပျက်စီးစေပါသည်။ ဒေသခံရခိုင်လူမျိုးများသည် အချို့သောဖျက်ဆီးမှုများပြုလုပ်၍ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ဤကိစ္စနှင့် ပတ်သတ်၍ စစ်တပ်နှင့် ရဲတပ်ဖွဲ့ကိုတိုင်ကြားသော်လည်း ထိုလုံခြုံရေးတပ်ဖွဲဝင်တို့သည် ရပ်ကြည့်ခြင်း (သို့) ပြစ်မှုကျူး လွန်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ သို့တည်းမဟုတ် မီးသတ်ရန် ကြိုးစားသော ရိုဟင်ဂျာများကို ကိုယ်ထိလက်ရောက် ပိတ်ပင်တားဆီးကြသည်။

ရိုဟင်ဂျာ အတော်များများသည် ရခိုင်အုပ်စုများနှင့် အစိုးရတပ်ဖွဲ့များ၏ အတင်းအဓမ္မ လိုက်လံ တိုက်ခိုက်ခြင်း ခံရမည်ကိုစိုးရိမ်၍ မိမိတို့နေထိုင်ရာဝန်းကျင်သို့ မပြန်ရဲကြပါ။ နေအိမ်များကို ဖျက်ဆီးခံရပြီးနောက်၊ မြန်မာစစ်တပ်၊ ရဲတပ်ဖွဲနှင့် နစကတို့သည်၊ လမ်းတလျှောက်တန်းစီပြီး ရိုဟင်ဂျာများအား၊ စစ်ဘေးရှောင် စခန်းများသို့သွားရန်

---

[327] Akayesu, *above* note 282, para. 597. ကိုကြည့်ပါ။

[328] The prohibited act of deliberately inflicting conditions of life calculated to bring about the destruction of a group does not require evidence of actual destruction. Whether the perpetrators succeed in destroying the group, even in part, is immaterial. *See* Attorney-General of the Government of Israel v. Eichmann, 36 ILR 5 (District Court, Jerusalem), p. 340 (1968).

[329] Akayesu, *above* note 282, para. 505. ကိုကြည့်ပါ။

[330] *အထက်ရည်ညွှန်းပါအတိုင်း* para. 506. ကိုကြည့်ပါ။

[331] Prosecutor v. Stakic, Case No. ICTY IT-97-24-T, Judgment, para. 517 (July 31, 2003) (including "excessive work or physical exertion" under the act). ကိုကြည့်ပါ။

[332] International Criminal Court, *Elements of Crimes*, entered into force Sept. 9, 2002, ICC-ASP/1/3, p. 114. ကိုကြည့်ပါ။

လမ်းပြခဲ့ကြောင်းပြောပါသည်။ အစိုးရအနေဖြင့်လည်း ရိုဟင်ဂျာများကို ကုလသမဂ္ဂနှင့် လူလူချင်းစာနာ ထောက်ထားရေး အေဂျင်စီများမှ ရိက္ခာထောက်ပံ့မှုများရယူရန် စခန်းများသို့ မပြောင်းမရွှေ့မချင်း၊ စာရင်းပေးရန် ငြင်းဆိုခဲ့သည်။

စာနယ်ဇင်း သတင်းထောက်များနှင့် လူမှုအခွင့်အရေးအဖွဲ့အစည်းများက၊ နေရပ်စွန့်ခွါသူများ နေထိုင်သည့် IDP စခန်းများတွင် ရိုဟင်ဂျာ၁၄၀,၀၀၀ခန့် နေထိုင်ချင်စရာ မရှိသောရပ်ကွက်များတွင် နေထိုင်ကြကြောင်း ရေးသားဖော်ပြခဲ့ပါသည်။[333] အစိုးရတပ်ဖွဲ့များသည် စစ်တွေမြို့ အနီးတဝိုက်တွင်ရှိသော နေရပ်စွန့်ခွါသူများ နေထိုင်သည့် စခန်းများကို တင်းကြပ်စွာအုပ်ချုပ်သည်။[334] ဒိန်းမတ်ဒုက္ခသည်ကောင်စီနှင့် Save the Children တို့၏ နေရပ်စွန့်ခွါသူများ နေထိုင်သည့် စခန်းများ၏ နေ့စဉ်အစီရင်ခံစာတွင်၊ အစိုးရအနေဖြင့် လုံလောက်သော အစားအသောက်ရရှင်ပေးရန် ပျက်ကွက်ခြင်း၊ ရေပြတ်လပ်ခြင်းနှင့် မိလ္လာသိမ်းစနစ်နှင့် ဆေးကုသမှုမရှိခြင်းတို့ကို နေ့စဉ်မှတ်တမ်းတွင်ဖော်ပြထားပါသည်။[335] အချို့သောလူသူမနီးသောစခန်းများတွင် ရခိုင်လူမျိုးများက စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝံ့မှ တရားဝင်အမိန့်မရရှိဘဲ ရိုဟင်ဂျာများကို စခန်းမှ ထွက်ခွာခွင့်မပြုပါ။ စခန်းအတွင်း နေထိုင်သော ရိုဟင်ဂျာများသည် ယခင်က မိမိတို့ အစဉ်အဆက်က နေထိုင်လုပ်ကိုင် စားသောက်ခဲ့သော မြေများကို ပိုင်ဆိုင်ခွင့်မရှိပါ။ ၂၀၁၂ ခုနှစ်မှ စ၍ ရခိုင်အလုပ်ရှင်များက ရိုဟင်ဂျာကို မိမိတို့ပိုင် မြေများတွင် ငှားရမ်း လုပ်ပိုင်ခွင့်ကို အဆုံးသတ်ခဲ့ပါသည်။ အစဉ်အဆက်က မိမိတို့နေထိုင်ခဲ့သောမြေများကို ပိုင်ဆိုင်ခွင့်မရှိခြင်း၊ ပြင်ပတွင် လုပ်ခရရှိသော အလုပ် အကိုင်လုပ်ကိုင်ရန် အခွင့်အရေးမရှိခြင်းတို့ကြောင့် ရိုဟင်ဂျာများသည် မိမိတို့ရရှိသောရာရှင်များအပြင်၊ လိုအပ်သော အစားအစာနှင့် ရေတို့ကို မဝယ်ယူနိုင်ကြပါ။

၂၀၁၂ ခုနှစ် အကြမ်းဖက်မှုတွင် ပါဝင်ခြင်းမရှိခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သည့် ရိုဟင်ဂျာတို့သည်လည်း ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ခုပျက်စီးစေရန် အုပ်စုတစ်စု၏ ဘဝအခြေ အနေကို ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်ရှိရှိ နည်းမျိုးစုံဖြင့် အတင်းအကြပ်လုပ်ခြင်းကို ကြုံတွေ့ ခံစားနေကြရသည်။ ထိုသူတို့သည် လွတ်လပ်စွာသွားလာခွင့်မရှိပါ။ သို့ပါ၍ ရိုဟင်ဂျာတို့သည် မိမိတို့၏ ကျေးရွာများတွင်သာ နေထိုင်လုပ်ကိုင် စားသောက်ကြရပါသည်။ အဆိုပါကျေးရွာများတွင် လုံလောက်သော အစားအသောက်၊ သန့်ရှင်းသော သောက်သုံးရေ၊ မိလ္လာသိမ်းစနစ်နှင့် ဆေးကုသမှုများမရှိပါ။ ထိုသူတို့၏ အခြေအနေသည်လည်း၊ စစ်ဘေးရှောင် စခန်းများတွင် နေထိုင်သူများကဲ့သို့ပင်ရှိပြီး၊ အချို့ကျေးရွာများတွင် အခြေအနေပိုမိုဆိုးဝါးပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နစကအပါအဝင် မြန်မာလုံခြုံရေးတပ်ဖွဲ့များသည် ရည်ရွယ်ချက်ရှိရှိဖြင့် ရုပ်ပိုင်းဆိုင်ရာတစ်ခုလုံး(သို့)အစိတ်အပိုင်းတစ်ခု ပျက်စီးစေရန်၊ ရိုဟင်ဂျာများကို လုပ်ခပေးခြင်းမရှိသော အလုပ်များကို အတင်းအကြပ်ခိုင်းပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်၏ အတင်းအကြပ် အလုပ်လုပ်ခိုင်းခြင်း (သို့) မလုပ်မနေရ အလုပ်လုပ်ခိုင်းခြင်းဆိုင်ရာ ညီလာခံကြီး (IOL ညီလာခံ ၂၉)မှ အတင်းအကြပ် အလုပ်လုပ်ခြင်း၏ အနက်အဓိပ္ပါယ်ကို "အလုပ် (သို့) ဝန်ဆောင်မှုပေးခြင်း အားလုံးသည် လူတစ်ဦး တစ်ယောက်အား ခြိမ်းခြောက်မှုရှိသော ပတ်ဝန်းကျင်တွင် အပြစ်ဒဏ်ပေးသည့်အနေဖြင့်၊ လုပ်ကိုင်စေခြင်းနှင့် ထိုသူအနေဖြင့် စေတနာ့ဝန်ထမ်းအလျောက် လုပ်ကိုင်သည်မဟုတ်သောအလုပ်ဖြစ်သည်"ဟုဖွင့်ဆိုခဲ့ပါသည်။[336] အတင်းအကြပ်အလုပ်လုပ်ကိုင်ခြင်းတွင် ခြိမ်းခြောက်မှုရှိသော ပတ်ဝန်းကျင်၌၊ အပြစ်ဒဏ်ပေးသည့် အနေအထားနှင့် စေတနာ့ဝန်ထမ်းမဟုတ်ဘဲ လုပ်ကိုင်ခြင်းတို့ပါရပါမည်။ တနည်းအားဖြင့်၊ အလုပ်သမားတစ်ဦးသည်၊ အဓမ္မခိုင်းၒသာလုပ်ကိုင်ရပြီး၊ သို့တည်းမဟုတ် ထိုအလုပ်ကို လုပ်ကိုင်မည်မဟုတ်ပါဟု ဆိုနိုင်ပါမည်။[337]

---

[333] Francis Wade ၏ "Burma's Rohingya Are Now Being Forced to Live in Sqaulid Ghettos Watched by Guards," *Time* (Feb. 4, 2014), http://time.com/3982/rohingya-ghettos-of-burma; Emanuel Stoakes, "Burma's Rohingya Ghettoes Broke My Heart," *Vice* (Apr. 23, 2013), http://www.vice.com/read/visiting-burmas-muslim-ghettos. ကိုကြည့်ပါ။

[334] European Commission on Humanitarian Aid and Civil Protection ၏ *The Rohingya Crisis*, p. 2 (Apr. 2015), http://ec.europa.eu/echo/files/aid/countries/factsheets/rohingya_en.pdf. ကိုကြည့်ပါ။

[335] Danish Refugee Council ၏ Daily Record of Information from DRC Program Locations in Rakhine (Apr. 2014) (on file with Al Jazeera Investigative Unit); Save the Children ၏ Daily Status Update (Key Rakhine Operational Areas) (Apr. 8, 2014) (on file with Al Jazeera Investigative Unit); Save the Children ၏ Daily Status Update (Key Rakhine Operational Areas) (Apr. 1, 2014) (on file with Al Jazeera Investigative Unit). ကိုကြည့်ပါ။

[336] Convention Concerning Forced or Compulsory Labor, adopted June 28, 1930, 39 U.N.T.S. 55, art. 2(1). ကိုကြည့်ပါ။ ၃၃၇ Joanna G. Sylwester, "Comment: Fishers of Men: The Neglected Effects of Environmental Depletion on Labor Trafficking in the Thai Fishing Industry," *Pacific Rim Law and Policy Journal* v. 23, p. 423 (2014). ကိုကြည့်ပါ။

[337] Joanna G. Sylwester, "Comment: Fishers of Men: The Neglected Effects of Environmental Depletion on Labor Trafficking in the Thai Fishing Industry," *Pacific Rim Law and Policy Journal* v. 23, p. 423 (2014). ကိုကြည့်ပါ။

၂၀၁၂ခုနှစ် ဇွန်လမှစပြီး၊ ကုလသမဂ္ဂနှင့် လုပ်ဖော်ကိုင်ဘက် အဖွဲ့အစည်းများက နစကနှင့် မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများကို အစောင့်၊ ပေါ်တာ (ပစ္စည်းသယ်ခြင်း)၊ လမ်းပြင်ခြင်းနှင့် အခြားသော အလုပ်များနှင့် အခြေခံလိုအပ်မှုရှိသော အလုပ်များကို အဓမ္မခိုင်းကြောင်း စာရွက်စာတမ်းများပြုစုခဲ့ပါသည်။[338] အမရိကန်ပြည်ထောင်စုနိုင်ငံခြားရေး ဝန်ကြီးဌာန၏အဆိုအရ မြန်မာလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာ ယောကျ်ားများနှင့် လူငယ်များကို၊ ကိုယ်ထိလက်ရောက် ခြိမ်းခြောက်ခြင်း၊ ကြောက်လန့်အောင် ပြုလုပ်ခြင်းနှင့် အကြမ်းဖက်ခြင်းတို့ဖြင့် အဓမ္မအလုပ်လုပ်ခိုင်းကြောင်း၊[339] ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေထိုင်သော ရိုဟင်ဂျာများက မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များသည်၊ လောလောဆယ်နှင့် နေရာအနှံ့အပြားတွင် သူတို့လုပ်ကိုင်ရမည့် အလုပ်များတွင်၊ ရိုဟင်ဂျာများကို လုပ်ကိုင်စေသည်ဟု ပြောဆိုခဲ့သည်။[340] အဆိုပါတပ်ဖွဲ့ဝင်များသည် စစ်မှုမထမ်း မနေရဟု အတင်းအကြပ်လုပ်ခိုင်းပြီး၊ များပြားလှသော အလုပ်များကို ရိုဟင်ဂျာများအား လုပ်ခိုင်းခြင်း၊ ဤသို့ပြုလုပ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ တစ်ခုလုံးကို သော်လည်းကောင်း၊ အချို့သောအစိတ်အပိုင်းကို သော်လည်းကောင်း ပျက်စီးစေသည် ဟူသော အခြေအနေနှင့် ကိုက်ညီမှုရှိပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ IDPစခန်းများရှိ ရိုဟင်ဂျာများသည် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံ အရာရှိများနှင့် နိုင်ငံသားများ၏ အတင်းအကြပ် အလုပ်လုပ်ခိုင်းခြင်းကို ခံရသောကြောင့် သူတို့၏ဘဝအခြေအနေ ပျက်စီးယိုယွင်းအောင် ရည်ရွယ်ချက်ရှိရှိ နည်းမျိုးစုံဖြင့်အတင်းအကြပ်လုပ်ကိုင်နေခြင်းဖြစ်သည်။[341]

၄။ အုပ်စုအတွင်း ကလေးမွေးခြင်းကို တားဆီးပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ချက်များထားရှိခြင်း

သတ်မှတ်ချက်များ ထားရှိခြင်းသည် အုပ်စုအတွင်း ကလေးမွေးခြင်းတားဆီးပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်၍ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီးမှ ချမှတ်သော အက်ဥပဒေနှင့် အကြုံးဝင်နေပါသည်။ အကာရီစု (Akayesu)အမှုတွဲတွင်၊ ICTRက၊ ကလေးမွေးခြင်းကို တားဆီးပိတ်ပင်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းတွင် ပဋိသန္ဓေတားရန် တွန်းအားပေးခြင်း၊ ကျား၊ မ ခွဲခြားပြီးထားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းကို ပိတ်ပင်ခြင်းတို့ပါဝင်သည်။[342] ဤသို့ပိတ်ပင်မှုသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်ခုစလုံးအတွက် ထိခိုက်မှုရှိသောလုပ်ရပ်ဖြစ်သည်။ ICTRက မုဒိမ်းကျင့်ခြင်းသည်လည်း ကလေးမွေးခြင်းကို တားဆီးပိတ်ပင်ရန်ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ မုဒိမ်းကျင့်သူက၊ ကိုယ်ဝန်ဆောင်ထားသော ကလေးကိုမွေးရန် ငြင်းဆိုသော အခါတွင်ဖြစ်သည်။ ထိုနည်းတူစွာ အုပ်စုအဖွဲ့ဝင်များသည်လည်း၊ ကလေးကို ပေးမမွေးသောကြောင့်၊ စိုးရိမ်ကြောင့်ကျခြင်းနှင့် စိတ်ချောက်ခြားခြင်းတို့ကို ဖြစ်စေပါသည်။[343] လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ အစီအစဉ်တွင် ဤသို့ သတ်မှတ်ချက်ထားရှိခြင်းကို ဖြည့်စွက်ဖော်ပြထားပါက ညီလာခံကြီးအနေဖြင့် ကလေးမွေးရန် တားဆီး ပိတ်ပင်ခြင်းကို ရုပ်ပိုင်းဆိုင်ရာ တစ်ခုလုံး (သို့) အချို့သော အစိတ်အပိုင်းများကို ပျက်စီးစေသည့် တွက်ချက် သတ်မှတ်မှုတွင် ဆုံးဖြတ်ချက်ချရာတွင် ထည့်သွင်း စဉ်းစားရန် မလိုပါ။[344]

မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာများ ကလေးမွေးခြင်းကို တားဆီးပိတ်ပင်ရန်၊ သတ်မှတ်ချက် ၂ခု ကိုထားရှိခဲ့ပါသည်။ ယင်းတို့မှာ ရိုဟင်ဂျာများ လက်ထပ်ထိမ်းမြားခြင်း အပေါ်ကန့်သတ်မှုများထားခြင်း၊ (ရိုဟင်ဂျာများအတွက်သာ ထားရှိသည်)နှင့် ကလေးအရေအတွက်ကို သတ်မှတ်ခြင်းတို့ဖြစ်သည်။ လက်ထပ်ထိမ်းမြားလိုပါက ရိုဟင်ဂျာတို့သည် နိုင်ငံ၏ ခွင့်ပြုချက်ကိုရယူရမည်။ ဤသို့ခွင့်ပြုချက်ရရန်အတွက် ရိုဟင်ဂျာဇနီးမောင်နှံတို့က အခကြေးငွေ၊ ရံဖန်ရံခါ လာဘ်ထိုးရသည်။ ရိုဟင်ဂျာအများစုမှာ အဆိုပါအခကြေးငွေကို မပေးဆောင်နိုင်ကြပါ။ ဤကဲ့သို့လက်ထပ် ထိမ်းမြားရန် ခွင့်ပြုချက်ရယူခြင်းမှာ သူတို့၏ ယုံကြည်ချက်နှင့် ဘာသာရေးကို ဖောက်ဖျက်ရာရောက်ပါသည်။ ယောကျ်ားဖြစ်သူက မုတ်ဆိတ်မွေးမပါသောနှင့် မိန်းမဖြစ်သူကခေါင်းအုပ်ပဝါမပါသောဓါတ်ပုံကို ပူးတွဲတင်ပြ ရပါသည်။ လက်ထပ်ထိမ်းမြားခွင့်မရှိဘဲ အတူနေသောရိုဟင်ဂျာများသည် ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံကြရပြီး၊ ထောင်ဒဏ် ၁၀နှစ်အထိ ကျခံနိုင်သည်။

---

[338] အထက်ပါအပိုင်း III.A, III.B. ကိုကြည့်ပါ။

[339] United States Department of State ၏ *Trafficking in Persons Report: Burma* (2014), http://www.state.gov/j/tip/rls/tiprpt/countries/2014/226691.htm. ကိုကြည့်ပါ။

[340] Aubrey Belford & Soe Zeya Tun, "Forced Labor Shows Back-Breaking Lack of Reform in Myanmar Military," *Reuters* (July 2, 2015), http://www.reuters.com/article/2015/07/02/us-myanmar-rohingya-forcedlabour-idUSKCN0PC2L720150702. ကိုကြည့်ပါ။

[341] Stakic, *above* note 331, para. 517. ကိုကြည့်ပါ။

[342] Akayesu ၏ အထက်ပါ မှတ်ချက် 282, para. 507. ကိုကြည့်ပါ။

[343] အထက်ရည်ညွှန်းပါအတိုင်း

[344] Schabas ၏ *Genocide in International Law*, အထက်ပါ မှတ်ချက် 277, p. 201. ကိုကြည့်ပါ။

၂၀၀၅ ခုနှစ် မှစပြီး၊ လက်ထပ်ထိမ်းမြားခွင့်ကို ရိုဟင်ဂျာများအနေဖြင့် ကလေး၂ဦး ထက်ပို၍မယူပါ ဟူသော ကန့်သတ်ချက်ကို၊ သဘောတူမှသာ ရရှိနိုင်သည်။ ဒေသခံအာဏာပိုင်များအနေဖြင့် ရိုဟင်ဂျာ မိန်းမများကို ဆေးရုံတွင် ကိုယ်ဝန်ဆောင်တားဆေး(သို့)ထိုးဆေးကို အတင်းအဓမ္မ သုံးစွဲစေပါသည်။ ၂၀၁၂ခုနှစ် စက်တင်ဘာလ လူထုစည်းဝေးပွဲတွင် ဒေသခံရခိုင်ခေါင်းဆောင်များက၊ ရခိုင်ပြည်နယ်တွင် နေထိုင်သော ဘင်္ဂလီမွတ်စလင် အသိုင်းအဝိုင်းများအနေဖြင့်၊ မွေးဖွားနှုန်းကိုထိန်းချုပ်ရန် ဥပဒေတစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် မေလတွင် မြန်မာနိုင်ငံအစိုးရက အမျိုးဘာသာစောင့်ရှောက်ရေး ဥပဒေ၏ အစိတ်အပိုင်းတစ်ခုတွင် ရိုဟင်ဂျာများ လက်ထပ်ထိမ်းမြားခြင်းနှင့် ကလေးမွေးဖွားခြင်းကို ကန့်သတ်ထားသည့် ဥပဒေတစ်ခုကိုအတည်ပြုခဲ့သည်။ ဥပဒေပြဋ္ဌာန်းချက်တွင် ရိုဟင်ဂျာများဟု ရှင်းလင်းစွာ မဖော်ပြထားဘဲ၊ တစ်သားနှင့် တစ်သား ၃၆ လခြား ရန် လိုအပ်သည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင် ဤသို့ကန့်သတ်ချက်သည် ပြောင်းရွှေ့နေထိုင်သူများ ပြားသောဒေသ၊ လူဦးရေတိုးပွားမှု မြင့်မားပြီး၊ ကလေးမွေးနှုန်း မြင့်မားသောဒေသဟု ဖော်ပြထားသဖြင့်၊ မြန်မာနှင့် ရခိုင်ခေါင်းဆောင် များက ရိုဟင်ဂျာကို ရည်ညွှန်း ပြောဆိုကြောင်း သိနိုင်ပါသည်။

၅။ ပြုလုပ်ခြင်း (လုပ်ရပ်)အချက်အလက်များနှင့် ပတ်သတ်၍ နိဂုံးချုပ်

လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ညီလာခံကြီး၏ သဘောတူညီချက်အမှတ် (၂)တွင် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှု၏ပြုလုပ်ခြင်း(လုပ်ရပ်) အချက်အလက်များကိုခန့်ခွဲသည့် အမျိုးအစားများကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ စာရင်းပြုစုဖော်ပြထားသော အက်ဥပဒေ တစ်ခုတိုင်းကို တာဝန်ပေး၍လည်းကောင်း၊ တမင်တကာ (သို့) မတော်တဆသော်လည်းကောင်း ကျူးလွန်နိုင်သည်။ လိုဝင်စတိန်းကလင်နစ်၏ တွေ့ရှိချက်များကို စစ်ဆေးကြည့်ရှုရာတွင် မြန်မာအစိုးရ၊ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့တို့၏ လုပ်ရပ်အချက်အလက်များတွင် အကြုံးဝင်နေပါသည်။ အဆိုပါအဖွဲ့အစည်းများသည် ရိုဟင်ဂျာများကို သတ်ဖြတ်ခြင်း၊ ရူပပိုင်းနှင့်စိတ်ပိုင်း ဆိုင်ရာတို့ကို ဆိုးဝါးစွာ ဥပဒ်ရောက်စေခြင်း၊ ရည်ရွယ်ချက်ရှိရှိဖြင့် အဓမ္မစေခိုင်းခြင်းနှင့် ကလေးမွေးဖွားခြင်းကို တားဆီးပိတ်ပင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကန့်သတ်ချက်များထားရှိခြင်းတို့သည် ရိုဟင်ဂျာများ၏ ရူပပိုင်းဆိုင်ရာကို ပျက်စီးစေသည်ဟု တွက်ချက်ယူဆနိုင်ပါသည်။ ခိုင်မာသောနှင့် တသမတ်တည်းသော သက်သေသာဓကများက ရိုဟင်ဂျာများ အပေါ်စော်ကားမှုများ ပြုလုပ်နေခြင်းကို ဖော်ပြထားပါသဖြင့်၊ လူမျိုးတုန်းသတ်ဖြတ်မှုကို ပြုလုပ်သည့် ရာဇဝတ်မှုကို ပြုလုပ်ခြင်း (လုပ်ရပ်)နှင့် ကိုက်ညီမှုရှိပါသည်။

(ဃ) လူမျိုးတုန်းသတ်ဖြတ်မှု အတွက် ရာဇဝတ်မှု၏ "ရည်ရွယ်ချက်"၏ အချက်အလက်များ

လူမျိုးတုန်းသတ်ဖြတ်မှု၏ ရာဇဝတ်မှုမြောက်ရန် ပြစ်မှုကျူးလွန်သူသည် ဥပဒေမှတားမြစ်ထားသည့် လုပ်ရပ်များကို ပြုလုပ်ခဲ့သည်သာမက ကာကွယ်မှုပေးထားသော အုပ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးပြစ်ရန် သူတို့၏ရည်ရွယ်ချက်ပါရှိရမည်။[345] လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ၏ သဘောတူညီချက် အောက်တွင် ရည်ရွယ်ချက်မှာ တိကျသတ်မှတ်မှုရှိမည်။ ထို့အတွက် သတ်ဖြစ်ရန် ယေဘူယျရည်ရွယ်ချက် တစ်ခုထဲမဟုတ်ရ။ လူမျိုးတုန်းသတ်ဖြတ်မှုအတွက် တာဝန်ယူမှုကို ဆောက်တည်မည်ဆိုပါက၊ အခြားစားသားအားဖြင့်၊ အပြစ်ကျူးလွန်သူသည် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု၏ အဓိပ္ပါယ်အသုံးအနှုန်းအောက်တွင် အကာအကွယ်ပေးထားသော လူတစ်စုအား ဖျက်ဆီးပြစ်ရန် ရည်ရွယ်သောတားမြစ်ထားသည့် အပြုအမူတစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အပြုအမူများကို ကျူးလွန်ရမည်။

လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်အတွက် ဥပဒေစံညွှန်းတည်ဆောက်ရာတွင် ခုံရုံးသည်နားလည်မှုရအောင် ကြိုးစားခဲ့ရသည်။ နာဇီစစ်အစိုးရနှင့်မတူဘဲ အလွန်နည်းပါးသော အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာမှုအား ကျူးလွန်သူများသာ ရေးသားထားသော အစီရင်ခံစာများကို ထားရစ်ခဲ့ကြသည်။ သို့မဟုတ် စာရင်းရှိအုပ်စုများအား ပပျောက်သွားအောင် စီစဉ်မှုများအားဖေါ်ပြထားသည်။[346] ကျူးလွန်သူ၏ ရည်ရွယ်ချက်ကို တားမြစ်ထားသော

---

[345] Akayesu ၏ အထက်ပါ မှတ်ချက် 282, para. 498 တွင် ("လူမျိုးတုန်းသတ်ဖြတ်မှုကို အထူး ရည်ရွယ်ချက် သို့မဟုတ် dolus specialis ထိုမျလောက်အထိ တကယ်ဖြစ်မှန် ပေါ်မူတည်ပြီး အခြားရာဇဝတ်မှုများ နှင့် ကွဲပြားခြားနားသည်။ ရာဇဝတ်မှုတစ်ခုအတွက် အထူး ရည်ရွယ်ချက်သည် သတ်သတ်မှတ်မှတ်ရှိသော ကြံစည်မှု၊ ပြစ်မှုတစ်ခု၏ အခြေခံဒြပ်စင် အဖြစ်လိုအပ်ပြီး ကျူးလွန်သူမှ ရှင်းလင်းသော တရားသော စွဲဆိုမှုကို ရှာဖွေတောင်းဆိုတတ်ပါသည်။ ထို့ကြောင့် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှုတွင် သီးသန့် ရည်ရွယ်ချက်ကို "နိုင်ငံသားတစ်ခု၊ လူမျိုးတစ်မျိုး၊ တိုင်းရင်းသားတစ်စု၊ ဘာသာရေး အုပ်စုတစ်စု စသည်တို့ကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးရန် ရည်ရွယ်ချက်" ပေါ်တွင် တည်ရှိပါသည်။

[346] *Ibid.*, para. 523.

အပြုအမူများအား ပြီးမြောက်အောင် လုပ်ဆောင်ခဲ့သည့် ပါတ်ဝန်းကျင် အခြေအနေအားလုံးအပေါ် စစ်ဆေးမှုတစ်ခု အပေါ်မူတည်နိုင်သည်ဟု နိုင်ငံတကာ ICTY ကောက်ချက်ချထားပါသည်။ လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ သဘောတူညီချက်နှင့် အမှုဥပဒေကို အချက်အလက် စုံစမ်းစစ်ဆေးမှု တစ်ခုဖြင့် သတ်မှတ်ထားသော ရည်ရွယ်ချက်ဖြင့် လူမျိုးတုန်းသတ်ဖြတ်မှုအား ကျူးလွန်ခဲ့သည့် ဖွဲ့စည်းပုံရှိမရှိ သတ်မှတ်ချက်ချရန် သင့်လျော်သည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သော နိုင်ငံတကာ ခုံရုံးဖြင့်သာ တည်ဆောက်ခဲ့သည်။ ICTY မှ ဖော်ပြရာတွင် -

> သတ်သတ်မှတ်မှတ်ရှိ ရည်ရွယ်ချက်ကို သက်သေပြရန်၊ တိုက်ရိုက် ရှင်းလင်းပြတ်သားသော သက်သေအထောက်အထား မရှိခြင်း၊ အချက်အလက်များနှင့် အခြေအနေများအပေါ် တဆင့် မူတည်ခြင်း၊ ယေဘူရအခြေအနေတွင် အခြားအပြစ် တင်သင့်သည့် ကျူးလွန်မှုများ တူညီသော အဖွဲ့ထံစနစ်တကျ တိုက်ရိုက်ကျူးလွန်နေခြင်း၊ ကျူးလွန်ခဲ့သည့် ရက်စက်ယုတ်မာမှု အတိုင်းအတာ၊ သီးသန့်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့်အတွက် စနစ်တကျ ပစ်မှတ်ထား တိုက်ခိုက်ခံရခြင်း၊ သို့မဟုတ် ပျက်ဆီးမှု ဖြစ်စေသည့် ခွဲခြားမှု လုပ်ရပ်များအား ထပ်ခါတလဲလဲ ကျူးလွန်ခြင်း များဖြစ်နိုင်သည်။[347]

နိုင်ငံတကာခုံရုံးမှ နိုင်ငံ၏ စီမံကိန်းတစ်ခု သို့မဟုတ် မူဝါဒတစ်ခု၊ ပြည်သူလူထု၏ လူမျိုးရေးခွဲခြားမှု အခြေအနေတစ်ခု၊ အများပြည်သူအား ပြောကြားသည့်မိန့်ခွန်များနှင့် တစ်သီးပုဂ္ဂလ အစည်းအဝေးများ၏ သက်သေအရ လူမျိုးတုန်း သတ်ဖြတ်မှုအား ကျူးလွန်ခဲ့သည့် ရည်ရွယ်ချက်ကိုတွေ့ရှိခဲ့ပါသည်။[348] ကာကွယ်မှုပေးထားသော လူအုပ်စုတစ်ခုအား အစုလိုက်အပြုံလိုက် တားမြစ်ထားသည့် လုပ်ရပ်များသည်လည်း လူအုပ်စုအာဖျက်ဆီးရန် ရည်ရွယ်ချက်တစ်ခုဟုလည်း ခုံရုံးမှတွေ့ရှိရပါသည်။

အကရီဆု (Akayesu)တွင် ICTRက ရည်ရွယ်ချက်ကို "ငှင်းပြစ်မှုကျူးလွန်သူမှသော်ငှင်း သို့မဟုတ် အခြားသူများမှ သော်ငှင်း ထိုအုပ်စုအပေါ် အပြစ်တင်ထိုက်သော စနစ်တကျတိုက်ရိုက် ဆန့်ကျင်သည့် ကျူးလွန်မှု ယေဘူယျ အခြေအနေ"၊ "ကျူးလွန်ခဲ့သည့် ရက်စက်မှုအတိုင်းအတာ"၊ "တခြားအုပ်စုများ၏ အဖွဲ့ဝင်များအား မတိုက်ခိုက်ဘဲ၊ သီးသန့်အဖွဲ့တစ်ခု၏ အဖွဲ့ဝင်အားသားကောင်အဖြစ် တမင်တကာနှင့် စနစ်တကျပစ်မှတ်ထားသည့် အချက်"၊ "ငှင်းလုပ်ရပ်များ ကျူးလွန်ရန် ယေဘူယျ နိုင်ငံရေးအဆုံးအမဝါဒ"၊ နှင့် "ငှင်းအုပ်စု၏ အခြေခံအုတ်မြစ်ကို ချိုးဖျက်ရန် ကျူးလွန်သည့်လုပ်ရပ်များ သို့မဟုတ် ကျူးလွန်သူများမှ ချိုးဖောက်ရန် စဉ်းစားမှု - စာရင်းများတွင် မပါသော်လည်း တူညီသော လုပ်ရပ်ပုံစံ တစ်စိတ်တစ်ပိုင်းအား ကျူးလွန်သော မိမိကိုယ်တိုင်လုပ်ရပ်များ"ဟု တိကျစွာ ရည်ညွှန်းထားပါသည်။[349]

အလားတူ *Kayishema and Ruzindana*၏ အမှုတွင် ICTR ၏ အမှုစစ်ဆေးသည့် အဖွဲ့မှ "ပစ်မှတ်ထားသည့် အုပ်စု၏ အဖွဲ့ဝင်များအပေါ် ဖျက်ဆီးမှုဖြစ်စေသော စကားသုံးခြင်း" ရည်ရွယ်ချက်အား ညွှန်ပြနေသည့်အရာ ဖြစ်သည်ကို တွေ့ရှိခဲ့ပါသည်။[350] ငှင်းအခြေအနေများသည် ရည်ရွယ်ချက်အတွက် လိုအပ်သော ပြည့်စုံသည့် သို့မဟုတ် သေချာသောသက်သေဟု နားလည်သဘောပေါက်ထားရန် မဟုတ်ပါ။ ICTR ၏ အခြေအနေများ စာရင်းသည် ရည်ရွယ်ချက်အား မည်ကဲ့သို့တိကျစွာ ရည်ညွှန်းမည်ကို အဆုံးအဖြတ်ပေးနိုင်သည့် လမ်းညွှန်မှုသာ ဖြစ်သည်။ လူမျိုးတုန်းသတ်ဖြတ်မှု တစ်ခုဖြစ်မဖြစ် ရှာဖွေရန် သတ်မှတ်ထားသည့် ရည်ရွယ်ချက် အခြေအနေ အားလုံးကို တင်ပြရန်မလိုပါ။ ထို့အပြင် ဖြစ်ရပ်မှန်များအား အကဲဖြတ်သည့် အပေါ်မူတည်သည်။ မည်သည့် အဆိုပါ အခြေအနေများ အပေါ်တွေ့ရှိမှု တစ်ခုတည်းသာ သို့မဟုတ် အမျိုးမျိုးသော အခြေအနေအား ပေါင်းစပ်မှုများဖြင့် ရည်ရွယ်ချက် ရှိကြောင်း သက်သေပြရန် လုံလောက်သည်။

---

[347] Prosecutor v. Jelisic၏ အမှု နံပါတ် ICTY IT-94-10-A, Judgment, para. 47 (July 5, 2001).

[348] Akayesu ၏ အထက်ပါ မှတ်ချက် 282, para. 555 ကိုကြည့်ပါ။ Prosecutor v. Niyitegeka ၏ အမှုနံပါတ် ICTR-96-14-T, para. 427 (May 16, 2003) ကိုကြည့်ပါ။ Kayishema and Ruzindana ၏ အထက်ပါ မှတ်ချက် 287, paras. 292-313, 531-40 ကိုကြည့်ပါ။

[349] Akayesu ၏ အထက်ပါ မှတ်ချက် 282, paras. 523-24 ကိုကြည့်ပါ။

[350] အခြား ပါတ်သက်နေသော သတ်မှတ်ချက်များမှာ "ထိခိုက်ခံရသည့် အုပ်စုဝင် အရည်အတွက်"; "အုပ်စု သို့မဟုတ် သူတို့၏ ပိုင်ဆိုင်မှုအား ပစ်မှတ် အဖြစ်သတ်မှတ်ခြင်း"; "အသုံးပြုသည့် လက်နက်များနှင့် ကိုယ်ခန္ဓာ ဒါဏ်ရာရရှိမှု အခြေအနေ"; "စီမံကိန်းရေးဆွဲသည့်နည်းစနစ်"; "စနစ်တကျသတ်ဖြတ်မှု" နှင့် "အုပ်စု၏ အမှန်တကယ် သို့မဟုတ် ကြိုးစားထားသည် ပျက်စီးမှုအချိုးအစားစကေး အတိုင်းအတာ ဆက်နွယ်မှု" အပါအဝင် တို့ဖြစ်သည်။ Kayishema and Ruzindana, ၏ အထက်ပါ မှတ်ချက် 287, paras. 93, 527 ကိုကြည့်ပါ။

လက်ရှိ လူမျိုးတုန်းသတ်ဖြတ်မှု ဥပဒေ အမြင်မှကြည့်မည်ဆိုပါက လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ ကိုယ်တိုင်ကသာ ပါဝင်မှုမဟုတ်ဘဲ သင့်လျော်သလို သီးသန့်ဖွဲ့ထားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး၏ ဘာသာပြန်နိုင်သည့် အခွင့်အာဏာ၊ ရခိုင်ပြည်နယ်တွင် မြန်မာအစိုးရနှင့် ဒေသခံပါဝင်သူများမှ ရှိဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်စေသည့် ရည်ရွယ်ချက် လုပ်ရပ်များအတွက် ရရှိနိုင်သည့်သက်သေအထောက်အထား အကျဉ်းချုပ်တစ်ခု တို့ လိုအပ်ပါလိမ့်မည်။ ပြည့်စုံသည့် စုံစမ်းစစ်ဆေးမှု မရှိသေးသော ဤယေဘုယျ တွေ့ရှိချက်သည် မွတ်စလင်များ အထူးသဖြင့် ရှိဟင်ဂျာများအပေါ် ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြောဆိုနေမှု အထောက်အထား၊ သူတို့အုပ်စု၏ ဝိသေသ လက္ခဏာကြောင့် ပစ်မှတ်ထားခံရသော အထောက်အထား၊ ရှိဟင်ဂျာများအပေါ် တိုက်ရိုက်ချမှတ်ထားသည့် အစိုးရ၏ ကလေးမွေးဖွားမှုနှင့် လက်ထပ်ထိမ်းမြားမှု ကန့်သတ်ရေးမူဝါဒများ၊ ရှိဟင်ဂျာအကူအညီများအပေါ် အစိုးရ၏ ငြင်းဆိုသော မူဝါဒများနှင့် ရှိဟင်ဂျာများအား လူစုလူဝေးဖြင့် ရက်စက်ယုတ်မာမှုကို ကျူးလွန်သော သက်သေ အထောက်အထားများ အပေါ်အခြေခံထားသည်။ အားလုံးကိုစုပေါင်းလိုက်ပါက ဤအထောက်အထားသည် မြန်မာအစိုးရမှ လူမျိုးတုန်းသတ်ဖြတ်မှုကို ရည်ရွယ်ချက်ရှိစွာဖြင့် ကျူးလွန်ခဲ့ကြောင်း အကြံပြုနေပါသည်။

၁။ ရှိဟင်ဂျာ ဆန့်ကျင်ရေးနှင့် မွတ်စလင်ဆန့်ကျင်ရေး အပြောအဆို

အစိုးရ၏ ရာထူးကြီးအရာရှိများ၊ စစ်တပ်အရာရှိများ၊ ဗုဒ္ဓဘာသာသံဃာတော်များ နှင့်ရခိုင်ဒေသခံများမှ ရှိဟင်ဂျာဆန့်ကျင်ရေး စိတ်ဓါတ်များ အဝွန့်ရှည်တည်တံ့ရန် အားပေးပန့်ပိုးခဲ့သည်။[351] ၎င်းတို့၏ အပြောအဆိုများသည် ရှိဟင်ဂျာတို့၏ လူသားသိက္ခာကျစေကာ လူမျိုးအခြင်းခြင်းမုန်းတီးမှု ခံစားချက်ကိုဖြစ်စေပြီး အုပ်စုအပေါ် ဆန့်ကျင်သည့် အကြမ်းဖက်များကို မီးမွေးရာရောက်သည်။ ဤရှိဟင်ဂျာဆန့်ကျင်ရေး ခံစားချက်နှင့် အစိုးရကအားပေး ပန့်ပိုးပေးနေသော နေရာတွင်ရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာအစိုးရနှင့် အခြားပါဝင်သူများသည် ရှိဟင်ဂျာအား လူမျိုးတုန်းသတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် တားမြစ်ထားသော လုပ်ရပ်ကိုကျူးလွန်ခဲ့သည်ကို ဆုံးဖြတ်ရန် အချက်အလက်များဖြစ်စေပါသည်။

မွတ်စလင်နှင့် ရှိဟင်ဂျာများ အကြောင်း ခွဲခြားဆက်ဆံမှုနှင့် ဆူပူမှုဖြစ်အောင်ပြုလုပ်စေသည့် အပြောအဆိုများ မြန်မာပြည်တွင် ပြန့်နှံ့နေသည်။ ၎င်းအပြောအဆိုများသည် ရှိဟင်ဂျာများသည် မြန်မာနိုင်ငံ၏ အချုပ်အချာကို ခြိမ်းခြောက်နေမှု တစ်ခုဖြစ်ပြီး ရခိုင်ပြည်မှ ဖျောက်ပြောင်းပစ်ရမည်ဟု ယုံကြည်စေပါသည်။ ရှိဟင်ဂျာအကြောင်း လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ် အတိုင်းအတာနှင့် အကြိမ်များကို ပြည်သူလူထု၏ ပြောဆိုရေးသားချက် အခြေအနေ အပေါ်တွင် ဆက်စပ်ဆန်းစစ်လေ့လာရာတွင် မြန်မာအစိုးရနှင့် ရခိုင်ပါဝင်သူများသည် ရှိဟင်ဂျာအား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခဲ့သည်ကို တွေ့ရသည်။

၂။ ရှိဟင်ဂျာတို့၏ ရုပ်ပိုင်းဆိုင်ရာကို ဖျက်ဆီးရန် တွက်ချက်ပြီး သူတို့ဘဝ၏ အခြေအနေများကို တစ်ခုခုဖြစ်စေရန် ရည်ရွယ်ချက်ရှိကြောင်း ဖေါ်ပြနေသည့် သက်သေသာဓက

အစိုးရနှင့် ဒေသခံသူတို့၏ စာရွက်စာတမ်းများနှင့် လုပ်ရပ်များသည် ရှိဟင်ဂျာ ဦးရေကြီးထွားမှု ကန့်သတ်သည့် အစီအစဉ်များနှင့် ရှိဟင်ဂျာတို့၏ ရုပ်ပိုင်းဆိုင်ရာကို ဖျက်ဆီးရန် တွက်ချက်ပြီး သူတို့ဘဝ၏ အခြေအနေများကို တစ်ခုခုဖြစ်စေရန် ဖန်တီးနေကြောင်း သက်သေအထောက်ဖြစ်သည်။

ရှိဟင်များ ရာစုနှစ်များစွာ ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံရသူများ အဖြစ်ရှိနေချိန်တွင် ၂၀၁၂ ခုနှစ်သည် ရှိဟင်ဂျာများအပေါ် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများ၏ အဆင့်အသစ်တစ်ခု ဖြစ်လာခဲ့သည်။ ဒေသခံသံဃာများမှ ရှိဟင်ဂျာများအပေါ် ဖျက်စီးမှုရလဒ်ဖြစ်စေမည့် မူဝါဒများကို အပြည့်အဝပြဋ္ဌာန်းနိုင်ရန် အားပေးအားမြောက်ပြုလာသည်။ ဥပမာအားဖြင့် ရသေ့တောင် သံဃာများများ၏ တောင်းဆိုချက် ၁၂ ချက်သည် ရှိဟင်ဂျာများ မိမိကိုယ်နှင့်မိသားစုကို ထောက်ပံ့ရန်၊ သာမာန်သယ်ယူပို့ဆောင်ရေးကိုအသုံးပြု၍ ဆေးဝါးနှင့် အစားအစာများ သယ်ယူရန်နှင့် အကူအညီပေးနေသည့် အဖွဲ့အစည်များ၏ အကူအညီများကို ဟန့်တားခဲ့သည်။[352]

---

[351] *အထက်ပါ* III.C, III.D အပိုင်းကို ကြည့်ပါ။

[352] Rathedaung Monks, 12 Point Statement ၏ အထက်ပါ မှတ်ချက် 152 ကို ကြည့်ပါ။

ငှင်းအစီအစဉ်များ၏ ရလဒ်မှာ ရိုဟင်ဂျာများအား ရပ်တည်ရန် အနည်းငယ်သောနည်းလမ်းဖြင့်သာ ထားရှိကြောင်း တွေ့ရသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရိုဟင်ဂျာများနှင့်ပါတ်သက်သော ပြဿနာဖြေရှင်းရန်အတွက် ဆုံးဖြတ်ချက် ရေးဆွဲရန် သံဃာတော်တစ်စု ရခေ့တောင်တွင် တွေ့ဆုံခဲ့သည်။ ငှင်းအုပ်စုမှ "ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီ မွတ်စလင် အသိုင်းအဝိုင်း၏ ကလေးမွေးဖွားနှုန်းအား ထိမ်းချုပ်ရန်" "ဘင်္ဂလီ ရွာသားတစ်ချို့အား ရွှေ့ပြောင်းရန်" နှင့် "U.N နှင့် INGO တို့၏ လုပ်ရှားမှုကို စောင့်ကြည့်ရန်" စည်းကမ်းချက်များချမှတ်ရန် ဆုံးဖြတ်ခဲ့သည်။[353]

ရိုဟင်ဂျာများမှ မြန်မာနိုင်ငံကို လွမ်းမိုးမည်ဟူသော သူတို့၏ကြောက်စိတ်ကို တုံ့ပြန်သည့်အနေဖြင့် "ညောင်ပင်က စေတီတော်အား တက်မျိုချ..." သကဲ့သို့ ရခိုင်ပြည်တွင်နေထိုင်ပြီး၊ ရခိုင်ရေသောက်ကာ၊ ရခိုင်အရိပ် ခိုနားပြီး ရခိုင်လူမျိုးကို ဖျက်ဆီးရန်ကြိုးစားနေသည်ဟုဆိုကာ အဆိုပါအစီအစဉ်များကို သံဃာတော်များက ရေးဆွဲခဲ့သည်။[354] ဘဝအခြေအနေများ ကြမ်းတမ်းလာစေရန် ပို၍တင်းကြပ်မှုများပြုလုပ်ရန် သံဃာတော်များက တောင်းဆိုကြသည်။ ရိုဟင်ဂျာများအား ကြောင့်ရွံ့ရန်လှုံ့ဆော်မှုခြင်းများနှင့် ပေါင်းစပ်လိုက်ပါက ရိုဟင်ဂျာအား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိကြောင်း ပိုပြီးခိုင်မာသော သက်သေအထောက်အထားတစ်ခု အဖြစ်ဖေါ်ပြနေပါသည်။

ဒေသခံဗုဒ္ဓဘာသာ ခေါင်းဆောင်များသည်လည်း လူသားခြင်းစာနာထောက်ထားသည့် အကူအညီ ရိုဟင်ဂျာများထံ ရောက်အောင် အားမပေးခဲ့ကြပါ။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ရခိုင်သံဃာတော်များ ညီညွတ်ရေး ညီလာခံမှ All-Arakanese Monks Solidarity Conference "U.N အောက်တွင်မရှိသော၊ ဒေသခံပြည်သူများအား စိတ်ဝင်စားမှုမရှိသော" NGO အားလုံးကို ဆန့်ကျင်ကြောင်း ကြေညာခဲ့သည်။[355] ရခိုင်ပြည်နယ်တွင် ပြည်နယ်တွင်း လုပ်ဆောင်နေသော NGO စာရင်းပါသည့် လက်ကမ်းစာစောင်တစ်ခု ကိုဖြန့်ဝေခဲ့ပြီး ရခိုင်ပြည်သူများသည် NGO များကို သတိထားရန် သတိပေးခဲ့သည်။ ထို့နောက် မည်သူမဆို "ကုလားများ တိုးတက်အောင် ဆောင်ရွက်ပါက သစ္စာဖောက် ဖြစ်သဖြင့် ငါတို့၏ရန်သူဖြစ်သည်"ဟု အသိအမှတ်ပြုထားခဲ့သည်။[356] ရိုဂျင်များထံ လူသားခြင်းစာနာ ထောက်ထားသည့် အကူအညီအား တမင်သက်သက်ဟန့်တားမှုသည့် အထူးသဖြင့် ဆက်လက်တည်ရှိနေသည့် ရိုဟင်ဂျာဆန့်ကျင်ရေး ဝါဒဖြန့်ချီရေးနှင့်အတူ ငှင်းအုပ်စုအား ဖျက်ဆီးရန် ရည်ရွယ်ချက်တစ်ခုကို ရှေ့မှောက်တွင် ဖေါ်ထုတ်နေသကဲ့သို့ဟု စဉ်းစားနိုင်ပါသည်။ ရိုဟင်ဂျာများ နေထိုင်လျက် ရှိသော ဆိုးဝါးသောအခြေအနေရှိ IDP စခန်းများနှင့် အထီးကျန်ဖြစ်နေသောရွာများသို့ လူသားခြင်းစာနာထောက်ထားသည့် အကူအညီမရောက်အောင် တားဆီးခြင်းသည် သူတို့အား ဖျက်ဆီးရန်ကြိုးစားခြင်း ဖြစ်သည်။

ရိုဟင်ဂျာများအတွက် အစိုးရ၏ လုပ်ဆောင်မှုများနှင့် မလုပ်ဆောင်မှုများသည် ရိုဟင်ဂျာများအား ဖျက်ဆီးပြစ်ရန် အခြေအနေများကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးနေသော အလေ့အကျင့်တစ်ခုကို ပြသနေသည်။ အစိုးရမှ နေရပ်စွန့်ခွါရသည့် ရိုဟင်ဂျာများ မိမိအိမ်သို့ပြန်ရန် တားဆီးရန်အတွက် မူဝါဒတစ်ခု ကိုလိုက်လျောက်ခဲ့သည်။ ငှင်းရိုဟင်ဂျာများကို သတ်မှတ်ထားသော IDP စခန်းများတွင် အတင်းအဓမ္မ နေထိုင်ခိုင်းသည်။ အထက်တွင် ဆွေးနွေးခဲ့သလို IDP စခန်းများ၏ အခြေအနေများသည် ဆိုးဝါးလှသည်။ ရိုဟင်ဂျာများသည် ငှင်းစခန်းများတွင် ပိတ်လှောင်ထားပြီး လိုအပ်သော ဆေးဝါးကုသမှုရရှိရန်၊ အလုပ်အကိုင်များနှင့် အစားအစာများရှာဖွေရန် လွတ်လပ်စွာ သွားလာခွင့်မပြု။ ထို့အပြင် အစိုးရမှလည်း လူသားခြင်းစာနာထောက်ထားသည့် အကူအညီများ စခန်းသို့ပေးပို့မှုအား တင်းကျပ်ထားသည်။ IDP စခန်းများ၏ အခြေအနေသည် ပိုမိုဆိုးဝါးလာပြီး အဟာရချို့တဲ့မှု၊ ရောဂါနှင့် ထပ်ဆင့် အကြမ်းဖက်မှုများကြောင့် သေဆုံးကြရသည့် ရိုဟင်ဂျာဦးရေလည်း များလာသည်။ မထုတ်ပြန်ခဲ့သော U.N ၏ အစီရင်ခံစာတစ်စောင်တွင် "ရိုဟင်ဂျာ မိသားစုများအကြား မီးတွင်းသေဆုံးမှုနှင့် မွေးကင်းစ ကလေးများ သေဆုံးမှုမြင့်မား ရခြင်း၏ တိုက်ရိုက်အကြောင်းရင်းမှာ (IDP စခန်းများအတွင်း) ကျန်းမာရေးစောင့်ရှောက်မှုကို မရသောကြောင့်"ဟုဖော်ပြထားသည်။[357] ရိုဟင်ဂျာများအား IDP စခန်းများတွင်ထားရှိခြင်း၊ အစားအစာ၊ ဆေးဝါးနှင့်

---

[353] ရခိုင်ပြည်နယ်၊ ရခေ့တောင်တွင် ပြုလုပ်သည့် လူထုအစည်းအဝေးမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ ကန့်ကွက်ချက်များ နှင့် အဆိုပြုချက်များ (Sept. 29 - Oct. 5, 2012) (Al Jazeera ၏ စုံစမ်းစစ်ဆေးရေး ယူနစ်တွင်ရှိသောဖိုင်).

[354] စစ်တွေ ရဟန်းပျိုများ အသင်း (July 2012 တွင်ရရှိခဲ့သည်) (Fortify Rights တွင်ရှိသောဖိုင်).

[355] စစ်တွေမြို့ ဒကောင်း ကျောင်းတိုက်တွင် ကျင်းပခဲ့သည့် ရခိုင်တစ်မျိုးသားလုံး သံဃာတော်များ စီးလုံးညီညွှန်ရေး ညီလာခံ၊(Oct. 18, 2012) (Fortify Rights တွင်ရှိသောဖိုင်).

[356] ဝန်သာန တိုင်းရင်းသားများ "သတိပြုရန်" လက်ကမ်းစာစောင်၊ အထက်ပါ မှတ်ချက် 166 ကိုကြည့်ပါ။

[357] ကုလသမဂ္ဂ အတွင်းတွင်သာ ပေးပို့သည့်စာ (Apr. 2013) (Fortify Rights တွင်ရှိသောဖိုင်).

ဆေးကုသမှု မရအောင် ထားရှိခြင်း၊နှင့် အသက်မွေးဝမ်းမှုရန်အတွက် အခွင့်အရေးများ မပေးခြင်းစသည့် အစိုးရ၏ မူဝါဒတစ်ခု ကိုလိုက်လျောက်ခဲ့ခြင်းတို့သည် ရိုဟင်ဂျာအုပ်စုအား ဖျက်ဆီးရန် ဖြစ်နိုင်ဖွယ်ရလဒ်ကို ဖြစ်စေပါသည်။

ရိုဟင်ဂျာ အများအပြားတို့သည် IDP စခန်းများတွင် နေထိုင်ရသည့်ဘဝကို မရင်ဆိုင်နိုင်တော့သောကြောင့် လှေဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးကြသည်။ ရိုဟင်ဂျာများသည် IDP စခန်းများမှ ထွက်ပြေးရင်း လှေများပေါ်တွင် လူကုန်ကူးနှင့် အသက်အန္တရာယ်ရှိသည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရသည်။ အစိုးရ၏ ပါဝင်လုပ်ဆောင်သူများသည် ရိုဟင်ဂျာတစ်ချို့အား လှေပေါ်သို့အတင်းတင်ဆောင်ခြင်း၊ အချို့သောလုပ်ရပ်တွင် လှေများကို နိုင်ငံတကာ ရေပိုင်နက်ထဲသို့ ဆွဲခေါ်သွားကြောင်း အစီရင်ခံထားသည်။[358] အိမ်နည်းချင်းနိုင်ငံများသို့ လှေဖြင့်သွားသည့် ခရီးစဉ်သည် ပျက်စီးရန် အလားအလာရှိပြီး၊ ရေနစ်သေဆုံးရန်အန္တရာယ်ရှိ၍ သို့မဟုတ် ပင်လယ်ပြင်တွင် မျောပါသွားနိုင်ပြီး သို့မဟုတ် ခရီးစဉ်တွင် ဆက်လက်အသက်ရှင်ပါကလည်း လူကုန်ကူးသူများ၏လက်ထဲတွင် ကြမ်းတမ်းသည့် ဆက်ဆံမှုများနှင့် ရင်ဆိုင်ရသည်။[359] အစိုးရမှ ရိုဟင်ဂျာတို့အား သေခြင်းအန္တရာယ်တွင်း ပင်လယ်သို့တွန်းပို့ခြင်းသည် အစိုးရမှ ရိုဟင်ဂျာများအား ပျက်ဆီးရန် ဖြစ်နိုင်ဖွယ်ရလဒ်ကို ဖြစ်စေသည့် ရည်ရွယ်ချက်ကို ပြနေပါသည်။

မြန်မာအစိုးရနှင့် ရခိုင်တို့၏ မူဝါဒများနှင့် လုပ်ရပ်များသည် ရိုဟင်ဂျာအုပ်စု၏ တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေသည့် ကြိုတင်ခန့်မှန်းနိုင်သော ရလဒ်ရှိပါသည်။ ရည်ရွယ်ချက်၏ လိုအပ်ချက်ကိုပြည့်မီရန် သူတို့၏လုပ်ရပ်သည် အုပ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေသော ရလဒ် ရှိနိုင်သည်ဟု ကျူးလွန်သူများမှ သိထားလျင် လုံလောက်မှုရှိပါသည်။ သိထားမှု၏ လိုအပ်ချက်ကို ICTR မှရှင်းပြရာတွင် "ကျူးလွန်သူသည် သူသိ၍ သော်၄င်း သို့မဟုတ် ကျူးလွန်သည့် လုပ်ရပ်သည် အုပ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေမည်ဟု သိသင့်ပါက" အပြစ်တင်ထိုက်သည်ဟု ဆိုပါသည်။[360] ရိုဟင်ဂျာတို့ မခံနိုင်သော နေရေးထိုင်ရေး အခြေအနေများသည် ကောင်းစွာမှတ်တမ်းတင်ထားပြီး အများသိအောင် ဖေါ်ပြထားခဲ့သည်။[361] အတင်းအဓမ္မ ခွဲခြားခြင်း၊ လူပ်ရှားမှုအားတားမြစ်ခြင်း၊ ငတ်မွတ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးဝါးများ၊ လူသားခြင်းစာနာထောက်ထားသည့် အကူအညီများအား ဖြတ်တောက်ပြစ်ခြင်းတို့သည် လူကိုသေစေသည့် ကြိုတင်ခန့်မှန်းနိုင်သည့် ရလဒ်ဖြစ်သည်။ ရိုဟင်ဂျာများအား IDP စခန်းများတွင်ထားရှိပြီး စီးပွားရေး၊ လူမှုရေး၊ နှင့် နိုင်ငံရေးမူဝါများ လိုက်လျောက်ခြင်းဖြင့် ရိုဟင်ဂျာများအား ခွဲခြားထားရှိခြင်းသည် မြန်မာအစိုးရနှင့်ဒေသခံတို့မှ နင်းတို့၏လုပ်ရပ်များသည် ရိုဟင်ဂျာ တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း၏ ပျက်စီးစေသည် ဖြစ်စေနိုင်သည်ကို သိရှိသောကြောင့်ဖြစ်သည်။

၃။ ရိုဟင်ဂျာအပေါ် အစုလိုက်အပြုံလိုက် ပစ်မတ်ထားသော လုပ်ရပ်များ

ရိုဟင်ဂျာများအပေါ် အဓိကထားသော အစုလိုက်အပြုံလိုက် ကျူးလွန်သည် ရက်စက်မှုသည်လည်း မြန်မာအစိုးရမှ ၄င်းအုပ်စုအပေါ် လူမျိုးတုန်းသတ်ဖြတ်ရန်ရည်ရွယ်ချက်ရှိရှိ လုပ်ရပ်ဖြစ်ကြောင်း ခိုင်မာသည့် သက်သေအထောက်ထားကို ဖေါ်ပြနေသည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများအတွင်း ဒေသခံရွာသားများ၊ နစက၊ ရဲနှင့် စစ်တပ်တို့သည် ရိုဟင်ဂျာများကို ဦးတည်တိုက်ခိုက်ခဲ့သည်။ ရခိုင်ပြည်နယ်၏လူများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း ရိုဟင်ဂျာများသည် အကြမ်းဖက်မှုများ၏သားကောင်ဖြစ်ခဲ့သည်။

ထို့အပြင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များမှ ကျူးလွန်ခဲ့သည် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများသည် ထိခိုက်ခံရသည့်ရိုဟင်ဂျာအရည်အတွက်နှင့် တိကျမှုရှိသည့်အတွက် လူမျိုးတုန်းသတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိရှိလုပ်ရပ်ဖြစ်ကြောင်း ရှာဖွေရန်အထောက်အကူဖြစ်စေခဲ့သည်။

---

[358] Fortify Rights ၏ *Myanmar: Authorities Complicit in Rohingya Trafficking, Smuggling* (Nov. 7, 2014), သတင်းစာရှင်းလင်းပွဲ http://www.fortifyrights.org/publication-20141107.html.

[359] Human Rights Watch ၏ *Southeast Asia: Accounts from Rohingya Boat People* (May 27, 2015), https://www.hrw.org/news/2015/05/27/southeast-asia-accounts-rohingya-boat-people.

[360] Prosecutor v. Kristic ၏ အမှုနံပါတ် ICTY-IT-98-33, Judgment, paras. 569 (Aug. 2, 2001) (finding it persuasive that the defendant "consciously desired" the destruction of the group or "knew his acts were destroying" the group).

[361] Akayesu အထက်ပါမှတ်ချက် 282, para. 519 ကိုကြည့်ပါ။

Jelsic တွင်ဖေါ်ပြရာတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး(ICTY)၏ကိုင်စွဲမှုအရ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကိုရှာဖွေရန် အုပ်စု၏အရေးကြီဆုံးအပိုင်းတစ်ခုကို ပစ်မှတ်ထားဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရမည်။[362] ရာဇဝတ်မှုခုံရုံးမှ "အရေးကြီဆုံးအပိုင်း"ကိုသတ်မှတ်ရာတွင် စိတ်ကြေနပ်လောက်သည့် ရာခိုင်နှုန်းမည်မျှကို တိကျစွာ မဖေါ်ပြထားဘဲသင့်လျော်စွာဟုသာသတ်မှတ်ထားသည်။ မည်သို့ပေဆိုစေကာမူ ရှိဟင်ဂျာအပေါ် အကြမ်းဖက်မှု အတိုင်းအတာသည် အုပ်စု၏အရေးကြီဆုံးအပိုင်းတစ်ခုကို ပစ်မှတ်ထားခံရသည်ဟု ကောက်ချက်တစ်ခုချနိုင်သည့် အတိုင်းအတာကိုရောက်ရှိခဲ့သည်။ ၂၀၁၂ခုနှစ်မတိုင်မီတွင် ရခိုင်ပြည်နယ်တွင် ရှိဟင်ဂျာဦးရေ ခန့်မှန်းချေ ၁.၀၈ သန်းခန့်နေထိုင်ကြသည်။ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ရှိ သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသူစာရင်း မှတ်တမ်းတင်ရန်ကိုမြန်မာအစိုးရမှ ခရီးသွားခွင့်ကန့်သတ်ချက်များဖြင့် တားဆီးထားသည်။ ပြည်နယ်တွင်း လွတ်လပ်စွာသွားလာမှုကိုကန့်သတ်ထားခြင်းနှင့် အလောင်းများအား မြန်မာအာဏာပိုင်များမှ ဖျောက်ဖျက်ပစ်ခြင်း၊ အချို့ဖြစ်ရပ်များတွင်အစုလိုက်အပြုံလိုက် မြုပ်နှံထားသောတွင်းများကို ပြန်လည်တူးဖေါ်နိုင်ခြင်းမရှိသေးပါ။ တိုက်ခိုက်မှုကို ခံခဲ့ရသော မြင်တွေ့ခဲ့ရသောသူ အများအပြားထွက်ပြေးခဲ့ကြသဖြင့် သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသူ စာရင်းမှတ်တမ်းမတင်နိုင်ခဲ့ပါ။ U.Nအချက်အလက်များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အချက်အလက်များအရ ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုတွင် မြန်မာစစ်တပ်၊ မြန်မာရဲတပ်ဖွဲ့၊ နစက နှင့် ရခိုင်လူမျိုးများ ရှိဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်ရာပေါင်းများစွာကို ပစ်မှတ်အဖြစ်တိုက်ခိုက်ပြီး သတ်ခဲ့ကြဟုဖေါ်ပြထားသည်။[363] သို့သော်လည်း ၎င်းမှတ်တမ်းများသည် တစ်ခုမှပြီးပြည့်စုံမှုမရှိပါ။ အချို့ရွာများတွင် တိုက်ခိုက်သူများသည် ဒါဇင်ပေါင်းများစွာသော ကလေးများကို ဓါးဖြင့်ထိုးသတ်ပြီး အလောင်းများကို မီးပုံထဲသို့ပစ်ခဲ့ကြသည်။[364] ထို့အပြင် မရေတွက်နိုင်သော သေဆုံးမှုများသည် ရှောင်ရှားနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့ခြင်းနှင့် IDP စခန်းများနှင့် အိုးအိမ်တွင် ကျန်ရှိနေသည့် ရှိဟင်ဂျာ အသိုင်းအဝိုင်းများသည် လူသားခြင်းစာနာ ထောက်ထားသည့် အကူအညီ မရရှိသောကြောင့်ဖြစ်ရသည်။[365] ၂၀၁၂ခုနှစ် အကြမ်းဖက်မှုဖြစ်ပွားသည့် အချိန်မှစ၍ ခန့်မှန်းခြေ ရှိဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်ဦးရေ ၁၆၀၀၀၀ကျော်သည် မြန်မာနိုင်ငံမှထွက်ပြေးခဲ့ကြသည်။[366] အတိအကျမသိရသော အဆိုပါခိုလုံခွင့်တောင်းသူများသည် ရေလမ်းခရီးနှင့် လူကုန်ကူးနေသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်သားများ၏ လက်ထဲတွင်သေဆုံးခဲ့ရသည်။ Amnesty International အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ခန့်မှန်းရာတွင် ၂၀၁၅ခုနှစ်တစ်ခုအတွင်းမှာပင် ထောင်ပေါင်းများစွာသော ရှိဟင်ဂျာများသည် ပင်လယ်ထဲတွင် သေဆုံးခဲ့သည်။[367]

တစ်ထောင်မကျော်ပါက ရာပေါင်းများစွာသော ရှိဟင်ဂျာများ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် အစုလိုက်အပြုံလိုက် မြုပ်နှံခြင်းခံခဲ့ရသည်။[368] ထို့အပြင် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဖေါ်ပြချက်အရ နိုင်ငံမဲ့ရှိဟင်ဂျာ ၃၀၀၀၀၀ မှ ၅၀၀၀၀

---

[362] Prosecutor v. Jelisic ၏ အထက်ပါ မှတ်ချက် 2, para. 82 ကိုကြည့်ပါ။ Prosecutor v.Krstic, အထက်ပါ မှတ်ချက် 279, para. 634 ကိုလည်းကြည့်ပါ။ ("[A]n intent to destroy only part of the group must nevertheless concern a substantial part thereof, either numerically or qualitatively.").

[363] ကုလသမဂ္ဂ အတွင်းတွင်သာ ထုတ်ဝေသည့်စာ (Apr. 2013) (Fortify Rights တွင်ရှိသောဖိုင်)

[364] ဥပမာအားဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရဲသီရွာတွင် ခန့်မှန်းခြေ ရှိဟင်ဂျာ ၇၀ ဦးခန့် တနေကုန် သတ်ဖြတ်မှုတွင် အသတ်ခံခဲ့ရသည်။ ကလေး ၂၈ ယောက်သည်လည်း အပါအဝင် သေသည့် အထိ သတ်ဖြတ်ခံခဲ့ရသည်။ ၁၃ ယောက်မှာ အသက် ၅ နှစ်အောက်ဖြစ်သည်။ Human Rights Watch ၏ *End 'Ethnic Cleansing' of Rohingya Muslims*, အထက်ပါ မှတ်ချက် 145.

[365] U.N. High Commissioner for Refugees ၏ Myanmar Information Management Unit, et al., *Myanmar: Rakhine, CCCM Dashboard* (Oct. 1, 2015), http://reliefweb.int/report/myanmar/myanmar-rakhine-cccm-dashboard-1-oct-2015 ကိုကြည့်ပါ။

[366] UNHCR မှ ၂၀၁၂ ခုနှစ် ဇန္နဝါရီလမှ ၂၀၁၄ ခုနှစ်အထိ ရှိဟင်ဂျာ ၁၃၀၀၀၀ ကျော်သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ထွက်ခွါခဲ့ပြီး၊ ၃၁၀၀၀ ဦးသည် ၂၀၁၅ ခုနှစ် ပထမ ပိုင်းတွင် ထွက်ခွါသွားခဲ့ကြသည် ဟု ဖေါ်ပြထားပါသည်။ High Commissioner for Refugees Regional Office for Southeast Asia, *Irregular Maritime Movements in Southeast Asia—2014* (April 2015), http://storybuilder.jumpstart.ge/en/unhcr-imm; U.N. High Commissioner for Refugees, *Mixed Maritime Movements* (April - June 2015), http://www.unhcr.org/53f1c5fc9.pdf ကိုကြည့်ပါ။

[367] Amnesty International ၏ *Southeast Asia: Persecuted Rohingya Refugees From Myanmar Suffer Horrific Abuses at Sea* (Oct. 21, 2015), https://www.amnesty.org/en/latest/news/2015/10/southeast-asia-persecuted-rohingya-refugees-from-myanmar-suffer-horrific-abuses-at-sea/; *Voice of America* (Oct. 21, 2015) တွင် Steve Herman မှရေးသားသော "Rights Group: Thousands of Rohingya May Have Perished At Sea This Year,", http://www.voanews.com/content/rights-group-thousands-rohingya-perished-sea/3016384.html.

[368] *The Guardian* (May 6, 2015) တွင်Emanuel Stoakes, မှရေးသားသော "Thailand Human Trafficking Death Toll Far Greater Than Feared, Claims Rights Group," http://www.theguardian.com/global-development/2015/may/06/thailand-human-trafficking-mass-grave-burma-rohingya-people.

အကြားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိနေပြီး၊ အများစုမှ မြန်မာနိုင်ငံမှ ထွက်ပြေးလာကြသူများ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံမဲ့မွေးဖွားလာသူများဖြစ်သည်။[369] ဘင်္ဂလားဒေ့ရှ်အစိုးရမှ ရိုဟင်ဂျာများအား လုံလောက်သည့် အကူအညီများပေးရန် ငြင်းပယ်သည်ကို မြန်မာအစိုးရက သေချာစွာသတိထားမိပါသည်။ ရိုဟင်ဂျာများအား အစုလိုက်အပြုံလိုက် ညှင်းပန်းနှိပ်သက်ခြင်း၊ တိုက်ခိုက်ခြင်းများ၊ သတ်ခြင်းနှင့် ရည်ရွယ်ချက်ရှိရှိပြောင်းလွှဲခြင်းများသည် အုပ်စုအား တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်ဆီးရန်ရည်ရွယ်ကြောင်း ဖေါ်ပြနေပါသည်။

၄။ "ရည်ရွယ်ချက်" အစိတ်အပိုင်း၏ နိဂုံး

ရိုဟင်ဂျာများအားဆန့်ကျင်သည့် လုပ်ရပ်တစ်ခုခြင်း သို့မဟုတ် အတွဲလိုက်လုပ်ရပ်များသည် လူမျိုးတုန်းသတ်ဖြတ်မှုဖြစ်ကြောင်း နိဂုံးချုပ်ရန် ခက်ခဲသော်လည်း ရိုဟင်ဂျာသည် လူမျိုးတုန်းသတ်ဖြတ်မှု အဓိပ္ပါယ်၏ အောက်တွင်ရှိသော အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း အနည်းငယ်သာသံသယ ရှိနိုင်စေလိမ့်မည်ဖြစ်ပြီး၊ ရိုဟင်ဂျာများအား ထိခိုက်အောင် ပစ်မှတ်ထားသော စနစ်တကျ ပုံစံဆင်လုပ်ရပ်များသည် အုပ်စု၏အရေးပါသော အစိတ်အပိုင်းတစ်ခုကို ပျက်စီးခြင်းသို့ ရောက်စေပါသည်။ ရှောင်ရှား၍ မရနိုင်သောရလဒ်သည် ထင်ရှားစွာရှိနေပြီး၊ မြန်မာအစိုးရမှ အဆိုပါဖျက်ဆီးမှု လုပ်ရပ်များအား တားဆီးရန် သို့မဟုတ် ရပ်တန့်သွားရန် လုပ်ဆောင်ခြင်းများမရှိခဲ့ပေ။ ဤပုံစံဆင်လုပ်ရပ်များနှင့် မပြုလုပ်သည့် အရာများသည်(ပျက်ကွက်သည့်အပြုအမူများ) ရိုဟင်ဂျာဆန့်ကျင်ရေး စကားများကျယ်ပြန့်နေခြင်း အပိုဒ်တွင်သော်ငှင်း၊ အစိုးရ၏အရင်းအမြစ်များအပါအဝင်၊ ရိုဟင်ဂျာ ဘဝအခြေအနေကို ဖျက်ဆီးရန်တွက်ချက်ထားသည့် ထင်ရှားစွာဖန်တီးထားသည့် မူဝါဒများသည်၊ လူမျိုးတုန်းသတ်ဖြတ်မှုအား ရှာဖွေရန်လိုအပ်သည့် ရည်ရွယ်ချက်ကို ပြသဖို့ရန် အလားအလာရှိပါသည်။ ရည်ရွယ်ချက်ကို တွန်းအားပေးမှု နှင့် စိတ်မရောထွေးသွားစေရ။ လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်မဖြစ်ကို အဆုံးအဖြတ်ပေးရာတွင် အပြည်ပြည်ဆိုင်ရာ ခုံရုံးမှတွန်းအားပေးမှုနှင့် ရည်ရွယ်ချက်အကြား ထင်ရှားစွာ သတ်မှတ်ထားသည်။ လူမျိုးတုန်းသတ်ဖြတ်မှု ကိစ္စတွင်တွန်းအားပေးမှု သို့မဟုတ် "အစွပ်စွဲခံရသူသည် ခံရသူအုပ်စုအား group[,] ဖျက်ဆီးရန် ပြုလုပ်စေသည့် အကြောင်းရင်းသည် အပြစ်မရှိ"။[370] ဥပမာအားဖြင့် ဒါဖာ(Darfur)အမှုတွင် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ ရည်ရွယ်ချက်နှင့် တွန်းအားပေးမှု အကြား ထင်ရှားစွာ သတ်မှတ်ထားသည်။ ၎င်းအစီရင်စာတွင် ကော်မရှင်မှ-

> ဟုတ်ပါတယ်။ ဤအထူး ရည်ရွယ်ချက်ကို တွန်းအားပေးမှု နှင့် စိတ်မရောထွေး သွားဖို့ လိုပါတယ်။ အထူးသဖြင့် ရာဇဝတ်မှု ကျူးလွန်ရန် လူတစ်ဦးအား သွေးဆောင်ခြင်းအလို့ငှာ အကြောင်းအရာထူးထူးခြားခြား ရှိပါလိမ့်မည်။ ဥပမာအားဖြင့် လူမျိုးတုန်းသတ်ဖြတ်မှု အမှုကိစ္စတွင် ကာကွယ်မှုပေးထားသော အုပ်စုတစ်ခုရှိ လူများကိုသတ်ရန် လူတစ်ဦးမှ ရည်ရွယ်ထားပါလိမ့်မည်။ တိကျသော ရည်ရွယ်ချက်ဖြင့် အုပ်စုအား (တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း) အားဖျက်ဆီးရန် ရည်ရွယ်ထားပါလိမ့်မည်။ တွန်းအားပေးမှု ရှိကောင်းရှိလိမ့်မည်။ ဥပမာအားဖြင့် ထိုအုပ်စု သို့မဟုတ် လူတစ်စု၏ ပစ္စည်းများအား သင့်လျော်သော အလိုဆန္ဒဖြင့်သော်လည်းကောင်း၊ သို့မဟုတ် အဆိုပါ အုပ်စုဝင်များမှ တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ဂလဲစားခြေရန် လုပ်ခိုင်းခြင်း ခံရလျင်သော်လည်းကောင်း၊ သို့မဟုတ် အဆိုပါအုပ်စုအားရွံရှာသည့် သူ၏အထက်အရာရှိအား စိတ်ကျေနပ်စေသောဆန္ဒဖြင့် ပြုလုပ်ခြင်းတို့ဖြစ်သည်။ ရာဇဝတ်မှုဥပဒေ၏ရှုထောင့်မှကြည့်လျင် မည့်သည့်အရာများသည် တွန်းအားပေးမှုဟုတ်မဟုတ် သို့သော်လည်း အုပ်စုတစ်ခုကို ဖျက်ဆီးလိုသော အထူးရည်ရွယ်ချက် တည်ရှိမှု ရှိမရှိကိုသာ ကြည့်ရမည်ဖြစ်သည်။[371]

ကျူးလွန်သူတစ်ဦးသည် ၎င်း၏ပန်းတိုင်များနှင့် မသက်ဆိုင်သောတွန်းအားပေးမှု ရှိကောင်း ရှိပါလိမ့်မည်။ ဥပမာ နိုင်ငံရေးနှင့် စီးပွားရေး အကျိုးအမြတ်များရရန်၊ စစ်ရေးနည်းဗျူဟာနှင့် ပါတ်သက်မှုများ၊ သို့မဟုတ် မြေတကွက်အား လိုချင်မှုတို့သည် လူမျိုးတုန်းသတ်ဖြတ်မှုညီလာခံသဘောတူညီချက်၏ ရည်ရွယ်ချက် လိုအပ်ချက်ကိုဖြည့်ဆည်း

---

[369] U.N. High Commissioner for Refugees ၏ *Bangladesh Factsheet* (Aug. 2015), http://www.unhcr.org/50001ae09.pdf.

[370] Prosecutor v. Stakic, Case No. ICTY-IT-97-24-T, Judgment, para. 45 (July 31, 2003); *see also* Jelisic, *see above* note 2, para. 49 (noting the "irrelevance" of motive to criminal intent); Prosecutor v. Tadic, Case No.: ICTY-IT-95-1-A, Judgment, para. 269 (July 15, 1999); Kayishema and Ruzindana ၏ *အထက်ပါ မှတ်ချက်* 287, para. 161 ကိုကြည့်ပါ။

[371] International Commission of Inquiry on Darfur ၏ *Report of the International Commission of Inquiry on Darfur to the U.N. Secretary-General Pursuant to S.C. Res. 1564*, para. 493 (Sept. 18, 2004). ကိုကြည့်ပါ။

ထားဆဲဖြစ်သည်။[372] မြန်မာနိုင်ငံတွင် ပြုလုပ်သူအစိုးရနှင့် ဒေသခံရခိုင်များသည် နယ်မြေရရန် ဆန္ဒရှိမှုနှင့် လူမျိုးခြင်းမုန်းတီးမှု စသောတွန်းအားပေးမှု အမျိုးမျိုး ရှိကောင်းရှိပါလိမ့်မည်။ သို့သော်လည်း သူတို့၏ လုပ်ရပ်များတွင် ရိုဟင်ဂျာများအား ဆိုးဆိုးဝါးဝါး အခြေအနေရှိသည့် IDPစခန်းများတွင်း အတင်းအဓမ္မရောက်စေခြင်း၊ အသက်အန္တရာယ်ရှိ ခရီးလမ်းများနှင့် ပင်လယ်ပြင်သို့ တွန်းပို့ခြင်း တို့အပါအဝင် ရိုဟင်ဂျာလူမျိုးတို့အား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရှိ သိလျက်နှင့်ပင် ပြုလုပ်ခြင်းသည် အဆိုပါပြုလုပ်သူများသည် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရန် ရည်ရွယ်ချက် ရှိကြောင်း တွေ့ရှိရသည့် အရေးပါသောအပိုင်းတစ်ခုဖြစ်သည်။

ရရှိနိုင်သည့်အထောက်အထားများအရ ရိုဟင်ဂျာဆန့်ကျင်ရေးစကားများ ပြန့်နှံအောင်လုပ်နေသည့် အရာရှိနှင့် အခြားသူများ၊ ရိုဟင်ဂျာတို့၏ ရုပ်ပိုင်းဆိုင်ရာကို ဖျက်ဆီးရန် တွက်ချက်ပြီး သူတို့ဘဝ၏ အခြေအနေများကို တစ်ခုခုဖြစ်စေရန် ဖန်တီးနေသည့် လုပ်ရပ်များ၊ နှင့် ရိုဟင်ဂျာများအပေါ် ကြီးမားသောအတိုင်းအတာဖြင့် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုလုပ်ရပ်များ စသည်တို့ကို ပူးပေါင်းလိုက်ပါက မြန်မာအစိုးရ၏ ရိုဟင်ဂျာအား ဆန့်ကျင်သည့် လူမျိုးတုန်းသတ်ဖြတ်မှု တစ်ခုပြုလုပ်ရန်ကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့ကြောင်း နိဂုံးချုပ် ဆုံးဖြတ်ချက် တစ်ခုကို ထောက်ပံ့နေပါသည်။[373]

(၅) လူမျိုးတုန်းသတ်ဖြတ်မှု၏ ရာဇဝတ်မှုအတွက် နိုင်ငံတော်၏တာဝန်

လူမျိုးတုန်းသတ်ဖြတ်မှုညီလာခံ သဘောတူညီချက် အောက်တွင် အပြစ်ပေးနိုင် မည်သည့်လုပ်ရပ်များအတွက် မဆို နိုင်ငံတစ်နိုင်ငံတွင် ကိုယ်တိုင်တာဝန်ရှိကြောင်း အပိုဒ် ၃ တွင်သတ်မှတ်ထားရာတွင် -

(က) လူမျိုးတုန်းသတ်ဖြတ်မှု

(ခ) လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရန် လှုံ့ဆော်စွဲစီစဉ်ခြင်း၊

(ဂ) တိုက်ရိုက်သော်လည်းကောင်း၊ လူထုအားလှုပ်ဆော်၍သော် လည်းကောင်း လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခြင်း၊

(ဃ) လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရန် ကြိုးစားခြင်း၊

(င) လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရန် အတူပါဝင် ကြံစည်ခြင်း၊

နိုင်ငံတစ်နိုင်ငံ၏ညွှန်ကြားမှုနှင့် ကွပ်ကဲမှုအောက်တွင်ရှိသော အင်္ဂါရပ်အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံပိုင်မဟုတ်သည့် လုပ်ဆောင်သူများမှ အထက်ပါအပြစ်ပေးနိုင်သည့် လုပ်ရပ်များကျူးလွန်ခဲ့ပါက ၎င်းနိုင်ငံတွင်လည်း တာဝန်ရှိနိုင်သည်။ မြန်မာတပ်မတော်၊ မြန်မာရဲတပ်ဖွဲ့နှင့် နစကအပါအဝင် လုံခြုံရေးတပ်ဖွဲ့များ၏ ရိုဟင်ဂျာများ အပေါ် ဆန့်ကျင်သည့် လုပ်ရပ်များ ကျူးလွန်ခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် တာဝန်ရှိနိုင်သည်။

ထို့အပြင် ညီလာခံ၏ဆုံးဖြတ်ချက်အောက်တွင် မိမိနိုင်ငံနယ်နမိတ်အတွင်း လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်အောင် တားဆီးပေးရန် ပျက်ကွက်သည့် အတွက်လည်း မြန်မာနိုင်ငံတွင် တာဝန်ရှိနိုင်သည်။ ညီလာခံ၏ဆုံးဖြတ်ချက် အပိုဒ် ၁ တွင် လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်အောင်တားဆီးရန်နှင့် နိုင်ငံများမှ ကာကွယ်ရန် ပျက်ကွက်ပါက ကျူးလွန်သူ ပုဂ္ဂိုလ်များကို အပြစ်ပေးရန် တာဝန်ပေးအပ်ထားသည်။ မိမိရှိသမျှ စွမ်းရည်အားလုံး အသုံးပြု၍ လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်အောင် နိုင်ငံတစ်နိုင်ငံ တွင်တာဝန်ရှိသည်ဟု အပြည်ပြည်ဆိုင်ဆိုင်ရာ တရာရုံး (ICJ)မှ ဖေါ်ပြထားသည်။[374] ထို့ကြောင့် နိုင်ငံသည် လူမျိုးတုန်းသတ်ဖြတ်မှုကို တိုက်ရိုက်မကျူးလွန်သော်လည်း တားဆီးရန်ပျက်ကွက်သည့်

---

[372] "[လူမျိုးတုန်းသတ်ဖြတ်မှုညီလာခံဆုံးဖြတ်ချက်] ကျူးလွန်သူအား စိတ်တွန်းအားပေးသည့် ဤအကြောင်းအရာတွင် တရားဝင်မသက်ဆိုင်နေသော အခြားအကြောင်းအရာများ ကြောင့် ကျူးလွန်သည့် အမှုတစ်ခု တွင် လူမျိုးတုန်းသတ်ဖြတ်မှုအား ပြစ်မှုထင်ရှားသော အမှုတစ်ခုအဖြစ် မတားမြစ်ထားပေ" Niyitegeka v. Prosecutor, အမှုနံပါတ် ICTR-96-14-A, Judgment, para. 49 (July 9, 2004).

[373] Jane Perlez ၏ "Ban on Doctors' Group Imperils Muslim Minority in Myanmar," အထက်ပါ မှတ်ချက် 233 ကိုကြည့်ပါ။ *BBC News* တွင် Valerie Amos မှ ရေးသားထားသော "Burma Camp for Rohingyas 'Dire' –," အထက်ပါ မှတ်ချက် 221 ကိုကြည့်ပါ။

[374] လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု အတွက် တားဆီးရန်နှင့် အပြစ်ပေးရန် ညီလာခံဆုံးဖြတ်ချက်အား အသုံးပြုခြင်းအပေါ် သက်ဆိုင်သော အမှု Case Concerning Application of the Convention on the Prevention and Punishment of the Crime of Genocide (Bosnia and Herzegovina v. Serbia and Montenegro), Judgment, 2007 I.C.J. 43, paras. 165,

အတွက် တာဝန်ရှိနိုင်သည်။ ရိုဟင်ဂျာအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့ပါက မြန်မာနိုင်ငံသည် တားဆီးပေးရန် ပျက်ကွက်သည့်အတွက် တာဝန်ရှိနိုင်သည်။

(က) အင်္ဂါရပ် အဖွဲ့အစည်းများ၏ လုပ်ရပ်များအပေါ် နိုင်ငံမှတာဝန်ရှိခြင်း

လုံခြုံရေးတပ်ဖွဲ့များ၏ ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုလုပ်ရပ်များ ကျူးလွန်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အစိုးရတွင် တာဝန်ရှိနိုင်သည်။ နိုင်ငံများသည် မိမိနိုင်ငံ၏ အင်္ဂါရပ်အဖွဲ့အစည်းများ လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်များ ကျူးလွန်ခဲ့လျင်တာဝန်ယူရမည်။ အပြည်ပြည်ဆိုင်ဆိုင်ရာတရာရုံး(ICJ)မှ မိမိနိုင်ငံ၏အင်္ဂါရပ် အဖွဲ့အစည်းများ ဆိုသည်မှာ "အပြည်ပြည်ဆိုင်ရာနိုင်ငံဥပဒေနှင့်အညီ ရာထူးအဆင့်အတန်းရှိသော မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း"တို့ပါဝင်ပါသည်။[375] နိုင်ငံ၏တာဝန်ဝတ္တရားကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းအရ ဖေါ်ပြရာတွင်၄င်း၊ ရည်ရွယ်ချက်ရှိရှိ အမှားပြုလုပ်မှုများကို နိုင်ငံတော်မှတာဝန်ယူရမည်ဟု ILC၏မူကြမ်းစာချုပ်ပါ အချက်များ ပြဋ္ဌာန်းထားရာတွင်၄င်း၊ နိုင်ငံ၏အင်္ဂါရပ် အဖွဲ့အစည်းတစ်ခု၏လုပ်ရပ်သည် ၄င်းနိုင်ငံနှင့် သက်ဆိုင်သည်ဟု သတ်မှတ်ထားသည်။ ထို့ကြောင့် လူမျိုးတုန်းသတ်ဖြတ်မှုကဲ့သို့ တားမြစ်ထားသော အပြုအမူကို နိုင်ငံ၏အင်္ဂါရပ်အဖွဲ့အစည်း တစ်ခုမှ ပြုလုပ်ပါက နိုင်ငံတစ်နိုင်မှ တာဝန်ယူရမည်။[376]

မြန်မာ တပ်မတော်၊ မြန်မာပြည်သူ့ရဲတပ်ဖွဲ့ နှင့် နစက(၄၄းတည်ရှိချိန်တွင်)တို့သည် မြန်မာလုံခြုံရေးတပ်ဖွဲ့၏ အစိတ်အပိုင်များဖြစ်ကြသည်။ ထို့ကြောင့် ၄င်းအဖွဲ့အစည်းများသည် နိုင်ငံ၏အင်္ဂါရပ်များ ဖြစ်ကြသည် (ဖြစ်ခဲ့ကြသည်)။ ၁၉၆၂ခုနှစ် စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ တပ်မတော်ဟုခေါ်သော မြန်မာစစ်တပ်သည် "မြန်မာဗဟိုအစိုးရ၏ ချုပ်ချယ်ထားသည့် အဓိကလက်ရုံး" ဖြစ်သည်။[377] လူ့အခွင့်အရေးစောင့်ကြည့်ရေး Human Rights Watchအဖွဲ့ အဆိုအရ နစကတွင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ စစ်တပ်နှင့် ရဲများပါဝင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း "မွတ်စလင်အများစု နေထိုင်သည့် မြို့နယ်များတွင် ဥပဒေ စိုးမိုးရေး၊ စစ်တပ်နှင့် အုပ်ချုပ်ရေး အာဏာရှိသည်"။[378] သမ္မတဦးသိန်းစိန်မှ နစကကို ၂၀၁၃ခုနှစ်တွင် တဖက်သတ်ဖျက်သိမ်းခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဗဟိုအစိုးရသည် နစကအပေါ်ချုပ်ကိုင်ထားသည်ကို ဖေါ်ပြနေပါသည်။ မြန်မာစစ်တပ်၊ မြန်မာရဲတပ်ဖွဲ့နှင့် နစကတို့သည် နိုင်ငံ၏အင်္ဂါရပ်များဖြစ်သည့်အတွက် ၄င်းတို့လုပ်ရပ်များသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်နေပါသည်။

ကုလသမဂ္ဂနှင့် လူအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဖေါ်ပြချက်အရ အထူးသဖြင့်နစကအဖွဲ့ဝင်များသည် ရိုဟင်ဂျာများအပေါ် ရက်စက်ယုတ်မာမှုကို ကျူးလွန်ခဲ့ကြသည်။ ရိုဟင်ဂျာများ အပေါ်လူအခွင့်အရေး ချိုးဖောက်ခဲ့သည် နစကကို စုံစမ်းစစ်ဆေးရန်နှင့် အရေးယူအပြစ်ပေးရန် ၂၀၁၃ခုနှစ် မတ်လ ၆ ရက်နေ့တွင် မြန်မာနိုင်ငံလူအခွင့် အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် သောမတ် အိုဂျီ ကွန်တာနာ Tomás Ojea Quintanaမှ မြန်မာနိုင်ငံ အစိုးကိုတိုက်တွန်းခဲ့သည်။[379] "နစကမှ အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ မတရား ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်မှုများ နှင့် နှိပ်စက်မှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်မှုများတွင် ပါဝင်ပါတ်သက်ခဲ့ကြောင်း စွပ်စွဲများ လက်ခံရရှိခဲ့ကြောင်း" သူကပြောဆိုခဲ့ပါသည်။[380]

လူ့အခွင့်အရေး ကောင်စီသို့ တင်သွင်းသည့် သူ၏ အစီရင်ခံစာတွင် ဖေါ်ပြထားရာတွင်

> သူ၏ လုပ်ပိုင်ခွင့်တာဝန်တစ်လျှောက်လုံး နကစ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပါတ်သက်၍ စွပ်စွဲချက် များစွာကို အထူးကိုယ်စားလှယ်မှ လက်ခံရရှိခဲ့သည်။ ဆက်လက်ဖြစ်ပွား နေသော အဆိုပါ စွပ်စွဲချက်များ၏ လေးနက်မှုအမြင်အရ အထူးသဖြင့် မကြာမြင့်မီက ဖြစ်ပွားခဲ့သော မွတ်စလင်

[375] Draft Articles on Responsibility of States for Internationally Wrongful Acts, Report of the International Law Commission on the Work of its Fifty-Third Session, U.N. Doc. A/56/10, art. IV (2001) [Articles on State Responsibility].
[376] *Ibid.*, p. 202.
[377] Andrew Selth ၏ "Myanmar's Police," အထက်ပါမှတ်ချက် 44, pp. 53-54 ကိုကြည့်ပါ။
[378] Human Rights Watch, ၏ *The Government Could Have Stopped This* အထက်ပါမှတ်ချက် 23, p. 16 ကိုကြည့်ပါ။
[379] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ *UN Expert Greets Abolition of Notorious Border Security Force in Rakhine State and Calls for Accountability* (June 16, 2013), http://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=13542&.
[380] *Ibid.*

> အသိုင်းအဝိုင်းအပေါ် ဆန့်ကျင်သည့် အကြမ်းဖက်များအတွက် ဤနယ်စပ်လုံခြုံရေးအဖွဲ့အား အခြေခံအဆင့်မှ ပြန်လည် ပြုပြင်ပြောင်းလဲရန် နှင့် တချိန်တည်းမှာပင် ရခိုင်ပြည်နယ်ရှိ နစကဏ္ဍ စစ်ဆင်ရေးအားလုံးကို ရပ်ဆိုင်းထားရန် အစိုးရကို သူတောင်းဆိုပါသည်။[381]

လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံဆုံးဖြတ်ချက် ပုဒ်မ ၁ အောက်တွင် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူများကို အပြစ်ပေးရန် နိုင်ငံတွင် တာဝန်ရှိသည်။ ထို့ကြောင့် နစကဏ္ဍလုပ်ရပ်များအတွက် မြန်မာနိုင်ငံတွင် တိုက်ရိုက် တာဝန်ရှိပြီး လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်များကို ကျူးလွန်ခဲ့သည့် နစကအဖွဲဝင်များအား အပြစ်ပေးရန် ပျက်ကွက်သည့် အတွက်လည်း မြန်မာနိုင်ငံတွင် တိုက်ရိုက်တာဝန်ရှိပါသည်။

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်း မဟုတ်သူတို့၏ လုပ်ရပ်များအပေါ် နိုင်ငံတော်၏ တာဝန်

နိုင်ငံတော်၏ အဖွဲ့အစည်း မဟုတ်သူတို့မှ လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်ပါက နိုင်ငံတော်မှ မှားယွင်းကြောင်း တာဝန်ယူရန် ဖြစ်နိုင်ခြေရှိသည်။ ILC၏ ဖေါ်ပြချက်အရ နိုင်ငံတော်၏အဖွဲ့အစည်း မဟုတ်သူတို့၏ "အကယ်၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူများစုစည်းထားသော အုပ်စုသည် ၄င်းနိုင်ငံ၏ ညွှန်ကြားမှုများကြောင့်၊ ညွှန်ပြ ချက်အောက် သို့မဟုတ် ကွပ်ကဲမှုအောက် အမှန်တကယ်ပြုလုပ်ခဲ့လျင်"လုပ်ရပ်သည် ၄င်းနိုင်ငံတော်နှင့် သက်ဆိုင် နိုင်သည်။[382] ဘော်စနီးယားနှင့် ဆာဗီးယားအမှုတွင် နိုင်ငံတော်မှတာဝန်ယူနိုင်ရန် နိုင်ငံတော်၏ အဖွဲ့အစည်း မဟုတ်သူတို့သည် "ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိ"နှင့် နိုင်ငံပေါ်တွင် "လုံးဝမှီခိုနေ" ရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားရုံးမှ သတ်မှတ်သည်။[383] ၄င်းသတ်မှတ်ချက်သည် နိုင်ငံတော်၏အဖွဲ့အစည်း မဟုတ်သည့် ဒေသခံရရှိနှင့်ဒေသခံ သံဃာတော်များသည် နိုင်ငံတော်၏လုံလောက်သော ညွှန်ကြားမှု သို့မဟုတ် ကွပ်ကဲမှု အောက်တွင် ရှိသည်ဟု သက်သေပြရန်များစွာဖြစ်နိုင်သည်။ သို့ရာတွင် မြန်မာအစိုးရသည် လူမျိုးတုန်းသတ်ဖြတ်မှုကို တားဆီးရန် နှင့် ကျူးလွန်သူအားလုံးကို အပြစ်ပေးရန်တာဝန်ရှိသဖြင့် နိုင်ငံတော်၏အဖွဲ့အစည်း မဟုတ်သူ၏ နိုင်ငံတော်သို့ တိုက်ရိုက်မသက်ဆိုင်သည့် အပြုအမူကို လုပ်ဆောင်ခဲ့သော်လည်း လူမျိုးတုန်းသတ်ဖြတ်မှုကို တားဆီးရန် ပျက်ကွက်မှုအတွက် တာဝန်ရှိသည်ကို တွေ့ရှိနိုင်သည်။

(ဂ) လူမျိုးတုန်းသတ်ဖြတ်မှု မဖြစ်အောင် တားဆီးရန် နိုင်ငံတော်၏ တာဝန်

မိမိနယ်နမိတ်အတွင်း လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်အောင် ကာကွယ်ပေးရန် မြန်မာနိုင်ငံတွင် တာဝန်တစ်ရပ် ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေနှင့် လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ ဆုံးဖြတ်ချက် အပိုဒ် ၁ အရ လူမျိုးတုန်းသတ်ဖြတ်မှုများမဖြစ်အောင် ကာကွယ်ပေးရန် နိုင်ငံအားတာဝန်ပေးထားသည်။ "ငြိမ်းချမ်းမှုရှိစဉ် ဖြစ်ပွားသည်ဖြစ်စေ၊ စစ်ပွဲအတွင်းဖြစ်ပွားသည် ဖြစ်စေ"ကာကွယ်မှု မပေးနိုင်ပါက အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လက်မှတ်ရေးထိုးထားသောနိုင်ငံများသည် ပြစ်မှုကျူးလွန်ရာရောက်ပြီး၊ အပြစ်ပေးရမည်ဟု" အပိုဒ် ၁ တွင် ဖေါ်ပြထားသည်။[384] သို့ဖြစ်ပါ၍ လူမျိုးတုန်းသတ်ဖြတ်မှု မဖြစ်ပွားအောင် နိုင်ငံမှသင့်လျော်သော နည်းလမ်းများဖြင့် အကောင်အထည်ဖေါ် ဆောင်ရွက်ရန် တာဝန်ရှိသည်။[385] လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်များ မဖြစ်အောင် တားဆီးရန် မိမိအာဏာကိုအသုံးပြုကာ နည်းလမ်းများအားလုံး အသုံးပြု လုပ်ဆောင်ရန် ပျက်ကွက်ပါက ၄င်းနိုင်ငံမှ စတင် တာဝန်ယူရမည်ဟု အပြည်ပြည်ဆိုင်ရာတရားခုံရုံးမှ ဆုံးဖြတ်ထားပါသည်။[386] ခုံရုံးမှလည်း နိုင်ငံတော်မှ "လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်တော့မည်ဟု ကြိုးမားသောအန္တရာယ်ရှိသည်ကို သိရသည်နှင့် သို့မဟုတ်

---

[381] မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် *Tomás Ojea Quintana* ၏ *U.N. Report of the U.N. Special Rapporteur on the Situation of Human Rights in Myanmar,* U.N. Doc. A/HRC/22/58, para. 54 (Mar. 6, 2013), http://www.ohchr.org/Documents/HRBodies/HRCouncil/RegularSession/Session22/A.HRC.22.58_AUV.pdf.

[382] ILC ၏ နိုင်ငံ၏ တာဝန်ယူမှု ဆောင်းပါးများ Articles on State Responsibility, အထက်ပါမှတ်ချက် 375, art. 8 ကိုကြည့်ပါ။

[383] Bosnia v. Serbia ၏ အထက်ပါမှတ်ချက် 374, para. 431 ကိုကြည့်ပါ။

[384] လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ၊ အထက်ပါမှတ်ချက် 1, art. I.

[385] Bosnia v. Serbia ၏ အထက်ပါမှတ်ချက် 374, paras. 165, 431 ကိုကြည့်ပါ။

[386] *Ibid.*, para. 430.

ပုံမှန်အားဖြင့် သိထားသင့်သည်" အချိန် လူမျိုးတုန်းသတ်ဖြတ်မှု စတင်ဖြစ်ပွားသည်နှင့် တားဆီးရန် တာဝန်ရှိသည်ဟု ကြေညာထားပါသည်။[387]

လူမျိုးတုန်းသတ်ဖြတ်မှု ညီလာခံ သဘောတူညီချက် အပိုဒ် ၃ အရ လူမျိုးတုန်းသတ်ဖြတ်မှုတွင် ပါဝင်ကြံစည်သည့် ပြစ်မှုမှ အကာအကွယ်ပေးရန် နိုင်ငံတွင်တာဝန်ရှိကြောင်းခံယူချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးမှ ထင်ရှားစွာ သတ်မှတ်ထားခဲ့သည်။[388] ပါဝင်ကြံစည်သည်ဟုဆိုရာတွင် ထောက်ပံ့ခြင်း သို့မဟုတ် ကျူးလွန်သူများအား လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရန် သို့မဟုတ် ကျူးလွန်ရန် ဖြစ်နိုင်သည့် ထူးခြားသော အကြံဉာဏ်များပေးခြင်း တို့ပါဝင်သည်။[389] လူမျိုးတုန်းသတ်ဖြတ်မှုတွင် ပါဝင်ကြံစည်ရန်အတွက် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သူများကို မိမိတို့ ထောက်ပံ့ပေးနေကြောင်း နိုင်ငံတစ်နိုင်မှသိထားရမည်။ ဆန့်ကျင်ဖက်တွင်မူ နိုင်ငံတစ်နိုင်ငံမှ လုပ်ဆောင်ရန် ပျက်ကွက်သည့် ရလဒ်မှလူမျိုးတုန်းသတ်ဖြတ်မှုအား တားဆီးရန်တာဝန်တစ်ရပ်ကို ပျက်ကွက်ပြီး၊ "လူမျိုးတုန်း သတ်ဖြတ်မှုကျူးလွန်မည့် ကြိမ်းမောအန္တရာယ်" လုပ်ဆောင်ချက်သာ အသုံးပြုရန် လိုအပ်ပါသည်။[390] မြန်မာနိုင်ငံသည် လူမျိုးတုန်းသတ်ဖြတ်မှုအားတားဆီးရန် ပျက်ကွက်ပါက တာဝန်ရှိနိုင်ပြီး၊ အစိုးရ၏ ပြုလုပ်သူများလည်း တစ်ဦးတစ်ရောက်၏ လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်ကို သိလျက် ကူညီထောက်ပံ့နေပါက ပါဝင်ကြံမှုတွင်ပါဝင်နိုင်သည်။

၆၊ နိဂုံးချုပ်နှင့် အကြံပြုချက်များ

မြန်မာနိုင်ငံရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာမွတ်စလင်များသည် အလွန်ဆိုးဝါးပြီး? ဆက်တိုက်ကြောရှည်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံစားခဲ့ကြရသည်။ မြန်မာအာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲများ၊ ရဲနှင့်ဒေသခံပါဝင်သူများသည် လေးနက်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်စေသည့် အကြမ်းဖက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မတရားချုပ်နှောင်ထားခြင်း၊ မုဒိမ်းမှုနှင့် အခြားရာဇဝတ်မှု ကျူးလွန်ခြင်းများကို ကျယ်ပြန့်စွာလုပ်ဆောင်ခဲ့ကြသည်။ ဤရက်စက်ရုပ်မာမှုများသည် ၂၀၁၂ခုနှစ်မှစ၍ တဟုန်ထိုးမြင့်မားလာခဲ့သည်။ ၂၀၁၂ခုနှစ်ပဋိပက္ခများအပြီးတွင် မြန်မာနိုင်ငံ၏ ရိုဟင်ဂျာအများစုသည် ရခိုင်ပြည်နယ်ရှိ ရွာများတွင် သို့မဟုတ် ပြည်တွင်းနေရာစွန့်ခွါရသူများ စခန်းများတွင် ချုပ်နှောင်ထားခံရခြင်း ကိုခံနေရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ပြည်တွင်း ရွှေ့ပြောင်းစခန်းများရှိ အခြေအနေများသည် ရိုဟင်ဂျာများ လွတ်လပ်စွာသွားလာခွင့်မရှိခြင်း၊ အစားအစာ၊ သောက်ရေသန့်၊ မိလ္လာစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်အခွင့်အရေးနှင့် ပညာရေးရရှိမှုမရှိခြင်း တို့ကြောင့် ဆိုးဝါးသည့် အခြေအနေတွင်ရှိကြသည်။ ၎င်းတို့အားဖျက်ဆီးရန် ရည်ရွယ်တွက်ချက်ထားသည့် အခြေအနေများတွင် နေထိုင်ကြရသည်။ ရိုဟင်ဂျာတစ်ဦးခြင်းအပေါ်သော်၎င်း၊ အများနှင့်သော်၎င်း၊ အားဆန့်ကျင်သည့် လုပ်ရပ်များသည် လူမျိုးတုန်းသတ်ဖြစ်မှုညီလာခံ သဘောတူညီချက်၏ လုပ်ရပ်ရာဖွေမှု စာရင်းနှင့် ကိုက်ညီမှုရှိ၍ ကာကွယ်စောင့်ရှောက်ခြင်းခံရသော အုပ်စုအပေါ်ကျူးလွန်ခဲ့ကြောင်းတွေ့ရပါသည်။

ရိုဟင်ဂျာဆန့်ကျင်ရေးလုပ်ရပ်များသည် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ရာရောက်မရောက်၊ ရိုဟင်ဂျာအုပ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးရန် သူတို့မှရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခဲ့ပါသလား ဆိုသော မေးခွန်းပေါ်တွင် မူတည်သည်။ အနည်းစုသော လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူများမှ မိမိတို့၏ ရည်ရွယ်ချက်ကို ဖေါ်ပြခဲ့မှုများကို မှတ်တမ်းများတွင်ရှာဖွေနိုင်ခဲ့သည်ဖြစ်သဖြင့် သူတို့ကျူးလွန်ခဲ့ကြသည့် ဆက်စပ်မှုရှိသော အခြေအနေအပါအဝင် ကျူးလွန်သူ၏ လုပ်ရပ်များဖြင့် ရည်ရွယ်ချက်ကို ကောက်ချက်ချရမည်။ ရိုဟင်ဂျာများအား ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိကြောင်းကို ကောက်ချက်တစ်ခုချနိုင်ကြောင်း မှန်ကန်သည့် သက်သေအထောက်အထား ခိုင်လုံစွာရှိသည်။ ထို့ကြောင့် ဤစာအုပ်တွင် လူမျိုးတုန်းသတ်ဖြတ်မှု၏ ပါဝင်သောအစိတ်အပိုင်း ၃ မျိုးဖြစ်သည့် ရိုဟင်ဂျာများသည် လူမျိုးတုန်းသတ်ဖြတ်မှုညီလာခံ၏ သတ်မှတ်ထားသော လူမျိုးစုတစ်စု ဖြစ်နိုင်ဖွယ် ရှိကြောင်း

[387] *Ibid.*, para. 431.
[388] *Ibid.*, para. 432.
[389] *Ibid.*, para. 419.
[390] *Ibid.*, para. 432.

စဉ်းစားထားခြင်း၊ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်များနှင့် ၎င်းလုပ်ရပ်များသည် ရိုဟင်ဂျာတစ်အုပ်စုလုံး သို့မဟုတ် တစ်စိတ်တပိုင်းအားဖျက်ဆီးပြစ်ရန် ရည်ရွယ်ချက် ရှိမရှိ စသည့် ရိုဟင်ဂျာများအား ဆန့်ကျင်သည့် ညှင်းပန်းနှိပ်စက်မှုများအတွက် စိတ်ကျေနပ်ဖွယ်ခိုင်လုံသည့် အထောက်အထားများတွေ့ရှိထားပါသည်။ လွတ်လပ်သောအပြည်ပြည်ဆိုင်ရာ အာဏာရှိသူများ၏အပြည့်အစုံနှင့် တစိတ်တပိုင်းမဟုတ်သော စုံးစမ်းစစ်ဆေးမှုတစ်ခုမှ အမှန်ဖြစ်ကြောင်း ခိုင်ခိုင်မာမာသက်သေပြနိုင်ပြီး၊ the Lowenstein Clinic ထံတွင်ရှိနေသော လက်ရှိအထောက်အထားကိုကြီးထွားစေကာ the Lowenstein Clinic၏ ဆောင်ရွက်နေသော ရိုဟင်ဂျာအခြေအနေကိုခွဲခြမ်းစိတ်ဖြာလေ့လာနေမှုကို ပိုမိုကြီးထွားစေမည်ဆိုပါက ၎င်းအထူးလုပ်ငန်းစဉ် ကော်မရှင်တစ်ခုမှ မြန်မာနိုင်ငံ ရခိုင်ပြည်ရှိ ရိုဟင်ဂျာများအားဆန့်ကျင်သည့် လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ခဲ့ခြင်း သို့မဟုတ် ကျူးလွန်နေခြင်း ရှိမရှိ ကောက်ချက်ချနိုင်မည်ဖြစ်သည်။

နိဂုံးချုပ်တင်ပြရမည်ဆိုလျင် မြန်မာနိုင်ငံရခိုင်ပြည်နယ်တွင် လူအခွင့်အရေးအခြေအနေကို စုံစမ်းစစ်ဆေးရန် အထူးလုပ်ငန်းကော်မရှင်တစ်ရပ် တည်ထောင်ရန် ကုလသမဂ္ဂမှ ဆုံးဖြတ်ချက်တစ်ခုချသင့်သည်။ ယခင်အထူးစုံစမ်းစစ်ဆေးရေး လုပ်ငန်းကော်မရှင်များကို U.N.၏ အဖွဲ့များနှင့် လုပ်ဆောင်သူအမျိုးမျိုးမှ တည်ထောင်ခဲ့ကြသည်။[391] သို့သော်လည်း လက်ရှိအခြေအနေတွင် လူအခွင့်အရေးကောင်စီသည် ထိုအထူးလုပ်ငန်းကော်မရှင် ဖွဲ့စည်းခြင်း၏ အသင်းအဖွဲ့ တစ်ခုဖြစ်လိမ့်မည်။ လူအခွင့်အရေးကောင်စီ၏တာဝန်မှာ "ယေဘူယနှင့် စနစ်တကျ ချိုးဖောက်မှု အပါအဝင် လူအခွင့်အရေး ချိုးဖောက်မှု အခြေအနေများ"အတွက်လုပ်ဆောင်ခြင်း အပါအဝင်နှင့် "ဆက်လက်ပြီး အကြံပြုချက်များ ပြုလုပ်ရန်" တို့ပါဝင်ပါသည်။[392]

လူအခွင့်အရေး ကောင်စီသည် ရိုဟင်ဂျာများအပေါ် ကျယ်ပြန့်စွာနှင့် စနစ်တကျ ညှင်းပန်းနှိပ်စက်မှု ကျူးလွန်မှုများအား အမြန်ဆုံးနှင့် ပြည့်စုံပြီးလွတ်လပ်သော ုံစမ်းစစ်ဆေးမှု တစ်ခုပြုလုပ်နိုင်ရန်အတွက် ကောက်မရှင် တာဝန်ကို အတည်ပြုချမှတ်သင့်ပါသည်။ ကော်မရှင်အား လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ပွားခဲ့ခြင်း သို့မဟုတ် ဖြစ်ပွားနေခြင်း ရှိမရှိ ဖေါ်ပြနိုင်သည့် ဖြစ်ရပ်မှန်တစ်ခုလုံးနှင့် အခြေအနေများအားလုံးကို တည်ဆောက်သည့် လုပ်ငန်းတာဝန်ပေးသင့်သည်။ ဖြစ်နိုင်ပါက ကော်မရှင်၏လုပ်ပိုင်ခွင့် အာဏာတွင် ၎င်းရာဇဝတ်မှု ကျူးလွန်ခဲ့သည့် ကျူးလွန်သူများ အားလည်းရှာဖွေအတည်ပြုနိုင်ရေးအတွက် ထပ်မံဆောက်ရွက်ရန် တာဝန်ပေးသင့်သည်။ ကော်မတီကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် လူအခွင့်အရေး ချိုးဖောက်မှု အခြေအနေများကိုစုံလင်ပြီး လွတ်လပ်စွာ စုံစမ်းစစ်ဆေးမှု တစ်ခုပြုလုပ်နိုင်မည်ဖြစ်သည်။ ရိုဟင်ဂျာများအားဆန့်ကျင်သည် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်း ရှိမရှိ အထူးသဖြင့် ရည်ရွယ်ချက်ရှိစွာဖြင့် ပြုလုပ်ခဲ့ခြင်း ရှိမရှိကို စိတ်ကျေနပ်စွာ သိရှိနိုင်ရန် လိုအပ်သော အချက်အလက်များကို ရှာဖွေစုဆောင်းရန် နှင့် ဆုံးဖြတ်ချက်ချနိုင်ရန် ကော်မရှင်တွင် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် အာဏာရှိရမည်။ လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ဆောင်မှုများ ဆက်လက်မဖြစ်ပွား စေနိုင်ရန် ၎င်းတွင် အရေးယူ တုံ့ပြန်ရန်နှင့် အဖွဲ့အစည်း၏ လုပ်ဆောင်မှုကို အကြံပေးနိုင်သည့် အာဏာရှိရမည်။

ကော်မရှင်မှ အဓိကလုပ်ငန်းလေးခုကို ပြီးပြည့်စုံရန် အားတက်သရော ကြိုးပမ်းသင့်သည်။ ၎င်းတို့မှာ ၁) အဖွဲ့အားလုံး၏ ရခိုင်ပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများကို ကျူးလွန်မှုများကို ဖေါ်ပြထားသည့် အစီရင်ခံစာများအား စုံစမ်းစစ်ဆေးရန်၊ ၂) လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ပွားခြင်း ရှိမရှိ ဆုံးဖြတ်ချက်ချရန်၊ ၃) ရခိုင်ပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ လူအခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ဥပဒေများအား ကျူးလွန်သူများကို ရှာဖွေသတ်မှတ်ရန်၊ ၄) ရာဇဝတ်မှု ကျူးလွန်သူများကို အပြစ်ပေးနိုင်မည့် သေချာသည့် နည်းလမ်းများကို အကြံပြုရန် တို့ဖြစ်သည်။ ရခိုင်လူမျိုးများ အပေါ် လူအခွင့်အရေး ကျူးလွန်မှုများအပါအဝင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လူအခွင့်အရေးချိုးဖောက်မှုများနှင့် ပါတ်သက်သော အဖြစ်အပျက်အားလုံးကိုပြန်လည်သုံးသပ်ရမည် ဖြစ်သော်လည်း ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်တွင် စတင်ဖြစ်ပွားခဲ့သည့် မငြိမ်သက်မှုများ၏ အဖြစ်အပျက်များကိုသာ အလေးအနက်ထားအာရုံစိုက်သင့်သည်။

---

[391] စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို လုံခြုံရေးကောင်စီ၊ အထွေအထွေညီလာခံ၊ လူအခွင့်အရေးကောင်စီ၊ ၎င်း၏ နေရာကိုဆက်ခံသူ၊ လူအခွင့်အရေးကောင်စီ၊ အထွေထွေ အတွင်းရေးမှူး နှင့် လူအခွင့်အရေး မဟာမင်းကြီး တို့မှ ဖွဲ့စည်းထားပြီးပြီဖြစ်သည်။ ကုလသမဂ္ဂ လူအခွင့်အရေး ကော်မရှင် မဟာမင်းကြီးရုံး၏ *Commissions of Inquiry and Fact-Finding Missions on International Human Rights and Humanitarian Law*, p. 2 (2015), http://www.ohchr.org/Documents/Publications/CoI_Guidance_and_Practice.pdf. ကိုကြည့်ပါ။

[392] ကုလသမဂ္ဂ အထွေထွေညီလာခံ၏ *Resolution Establishing U.N. Human Rights Council*, U.N. Doc. A/RES/60/251 (Mar. 15, 2006), para. 3. ကိုကြည့်ပါ။

၄င်းအဓိကလုပ်ငန်း လေးခုကို ပြီးပြည့်စုံရန်အတွက် ကော်မရှင်မှ ကြားနာမှု၊ အပြုကျင့်ခံရသူများ၊ ကျန်ရစ်သူများနှင့် အခြားမျက်မြင် သက်သေများအား မေးမြန်းခြင်းနှင့် ကျယ်ပြန့်သောသတင်းအရင်းအမြစ်များမှ အချက်အလက် စုဆောင်းခြင်းများ ပြုလုပ်သင့်သည်။ ကျွမ်းကျင်သည့် စုံစမ်းစစ်ဆေးသူများနှင့် ခွဲခြားစိတ်ဖြာ လေ့လာမှုပြုသူများမှ ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုကို ကူညီပံ့ပိုးသင့်သည်။ ကော်မရှင်မှ ၄င်း၏တွေ့ရှိချက်များကို သတ်မှတ်ထားသည့် အမြန်ဆုံး ဖြစ်နိုင်မည့် အချိန်အတိုင်းအတာအတွင်း ပြန်လည်တင်ပြ အစီရင်ခံသင့်သည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် U.N. ၏ လုပ်ပိုင်ခွင့်နှင့် လုံလောက်သော အာဏာတစ်ခု ရရှိထားသည့် လွတ်လပ်စွာ မေးမြန်းနိုင်သော ကော်မရှင်မှ သာလျင် ရခိုင်ပြည်နယ်တွင်အတွင်းရှိ ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လူမျိုးတုန်း သတ်ဖြတ်မှု ဟုတ်မဟုတ်ကို အာဏာရှိစွာ ဆုံးဖြတ်ပေးနိုင်မည် ဖြစ်သည်။

၂၀၁၂ခုနှစ် ဇွန်လအတွင်း စစ်တွေမြို့ နာဇီရပ်ကွက်ရှိ မွတ်စလင်ပိုင် အိမ်များနှင့်စီးပွားရေးများမီးရှို့ခံရသည်။ ဖော်တီဖိုင်းရိုက်၏ အဆိုအရ မီးငြိမ်းသတ်ရန် ကြိုးစားသူများကို လူခြိုရေးတပ်ဖွဲ့များမှသေနတ်ဖြင့် ပစ်သတ်ခဲ့သည်။အချို့သော ရှိမီးများကို နံနက်မိုးမသောက်မီ ပြုလုပ်ခဲ့ကြပြီး ရိုဟင်ဂျာ ၁၄၀၀၀၀ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

© Private 2012

၂၀၁၂ခုနှစ် ဖွန်လ အရေးအခင်းအတွင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် မြန်မာရဲအရာရှိ တစ်ဦးမှ လမ်းမပေါ်တွင် လူထုအား သေနတ်ဖြင့် ချိန်နေပုံ၊ ကျယ်ပြန့်သော သတ်ဖြတ်မှုများ အထောက်အထားများ ရှိနေသော်လည်း အစိုးရမှ ၎င်းတို့ မမှားကြောင်း ငြင်းပယ်ခဲ့သည်။ သတ်ဖြတ်မှုများနှင့် မတရားနိုပ်စက်ညှင်းပန်းမှုများ အတွက်စစ်သား သို့မဟုတ်

၂၀၁၂ခုနှစ် စစ်တွေမြို့ ရိုဟင်ဂျာ ဆန့်ကျင်ရေး တိုက်ခိုက်မှုများ အပြီး နောက်တစ်ရက်ပုံ၊ ၂၀၁၂ခုနှစ် ဖွန်လနှင့် အောက်တိုဘာလ အတွင်း ရခိုင်ပြည်နယ် မြို့နယ် ၁၃ခု မှ ၁၇ခု အကြားတွင် ရိုဟင်ဂျာ ရွာများ မီးရှို့ခံခဲ့ရသည်။ အစိုးရသည် ကြွင်းကျန်ရှိသည့် နေအိမ်များနှင့် ဗလီအလုံး တစ်ဒါဇင်

စစ်တွေမြို့နယ် နာဇီရပ်ကွက်နေ ရိုဟင်ဂျာများ နေရပ်စွန့်ခွာ သူများအတွက် ထားသော စခန်းများ IDP သို့ ထွက်ပြေးနေသည့်ပုံ။ အစိုးရမှ သူတို့အား ၄င်းစခန်းများမှ ထွက်ခွါ ခွင့်မပြုပါ။ © Private 2012



ယခင်စစ်တွေမြို့၏ စီးပွားရေး အချက်အချာကျရာ နေရာ၊ မွတ်စလင် ဦးရေ ၁ သောင်းကျော် အိမ်တည်ရှိခဲ့သည့် နာဇီရပ်ကွက်ရှိ ရခိုင်ဗုဒ္ဓဘာသာ၏ အထီးကျန် မိသားတစ်စု။ ၂၀၁၂ခုနှစ် တွင် ရခိုင်နိုင်ငံသားများ၊ အစိုးရလုံခြုံရေး တပ်များနှင့် အစိုးရသည် ကျန်ရှိသည့် အဆောက်အဦများ အားလုံးကို မြေထိုးစက်ဖြင့် ရှင်းလင်းခဲ့သည်။ နာဇီရပ်ကွက်ရှိ မွတ်စလင်များ ယခုအချိန်တွင် မြို့ပြင်ရှိ ညစ်ပတ်ပေရေ နေသည့် နေရပ်စွန့်ခွာ သူများအတွက် စခန်းများတွင် ချုပ်နှောင်ခြင်းခံနေရသည်။ © Fortify Rights 2015

၂၀၁၅ခုနှစ် မြန်မာနိုင်ငံ စစ်တွေမြို့နယ်ရှိ ကမ်းခြေရှိ ရိုဟင်ဂျာ ယာယီစခန်းတစ်ခု။ ထောင်ပေါင်းများစွာ ဦးရေရှိသော နေအိမ်စွန့်ခွာခဲ့ရသည့် ရိုဟင်ဂျာများသည် အစိုးရမှ မှတ်ပုံမတင်ရသေး ဟုခန့်မှန်း ရသည်။ ထို့ကြောင့် လူသားခြင်း စာနာထောက်ထားသည့် အကူအညီများ မရရှိကြပေ။ © Steve Gumaer/PRAD 2015

မြန်မာနိုင်ငံ အနောက်ဖက် စစ်တွေမြို့ ကမ်းခြေတစ်လျောက်ရှိ နေရပ်စွန့်ခွာသူများ အတွက်စခန်း IDP တစ်ခုတွင်လမ်း လျှောက် နေသည့် ယောကျ်ားကလေး ၂ ဦး။ သေချာစွာ မတည်ဆောက်ထားသော စခန်းများသည် ကမ်းခြေအား နှစ်စဉ်တိုက်ခိုက်မြဲ ဆိုင်ကလုံး

၂၀၁၅ခုနှစ် တန်ဒိုလီရွာ၌ ဖေါ်တီဖိုင်းရိုက် Fortify Rightsအား ရိုဟင်ဂျာ အမျိုးသား တစ်ဦးမှ သူ၏ အဖြူရောင်ကတ်-ရိုဟင်ဂျာ အများစု ရှိသည့် တစ်ခုတည်းသော အထောက်အထားအား ပြနေသည့်ပုံ။ သမ္မတဦးသိန်းစိန် လက်ထက် ၂၀၁၅ခုနှစ်တွင် ရိုဟင်ဂျာများ၏ အဖြူရောင်ကတ်များကို သိမ်းဆည်း ခဲ့ပြီး လာမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မရှိအောင် ငြင်းဆိုခဲ့ သည်။ မြန်မာအစိုးရသည် ရိုဟင်ဂျာများကို မိမိတို့၏ လူမျိုးအထောက်အထား ဝိသေသ လက္ခဏာကို အကျပ်ကိုင်ညှင်းပန်းခိုင်းပြီး မည့်သည့်အခွင့်အရေးမှ မရှိသည့် ကတ်အသစ်ရရန် အတွက် "ဘင်္ဂါလီ" အမည် အထောက်အထား အမည်ဖြင့် လဲလှယ် စေခဲ့သည်။ © Fortify Rights 2015



၂၀၁၅ခုနှစ် ရခိုင်ပြည်နယ်ရှိ အလွန်ညစ်ပါတ် ပေရေနေသော နေရပ်စွန့်ခွာသူများ အတွက်စခန်းတစ်ခု၏ ရှေ့တွင် မိုးရေထဲရပ်နေသည့် ရိုဟင်ဂျာ အမျိုးသမီးတစ်ဦး။ ဩဂုတ်လမှ အောက်တိုဘာလ အတွင်း မိုးသည်းထန်စွာ ရွာလျှင် စခန်းအတွင်း ရေမြေ့်တက်လာသည်။ © Steve Gumaer/PRAD 2015

ALLARD K. LOWENSTEIN INTERNATIONAL HUMAN RIGHTS CLINIC သည် ကျောင်းသားများအား နိုင်ငံတကာ လူအခွင့်အရေးရှေ့နေများ၏ကြီးကြပ်မှုအောက်တွင်လူအခွင့်အရေးစည်းရုံးလှုံ့ဆော်မှုAdvocacy နှင့် ပါတ်သက်၍ လက်ဦးအတွေ့အကြုံပေးသည့် ယေးလ်ဥပဒေကျောင်း၏ ဘာသာရပ်ဖြစ်သည်။ အဆိုပါ ဥပဒေဆေးခန်းသည် လူအခွင့်အရေး အဖွဲ့အစည်းများနှင့် လူအခွင့်အရေး ချိုဖောက်ခြင်းများ ခံရသော လူပုဂ္ဂိုလ်တစ်ဦးခြင်းစီ ကိုယ်စားအမှုနှင့် သုတေသန စီမံကိန်းများကို ဆောင်ရွက်ပေးသည်။ မကြာမြင့်မီက အမေရိကန်နိုင်ငံ၏ တရားရုံးများတွင် လူအခွင့်အရေး အမှု အပါအဝင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူအခွင့်အရေး အဖွဲများ မတိုင်မီ နိုင်ငံတကာ၊ အမေရိကန်နှင့် နိုင်ငံခြားဥပဒေများအား နှိုင်းယှဉ်ရန် အဖို့တွ အမှုအတွက် စေတနာဖြင့် အကျဉ်းချုံးပြင်ဆင် ပေးခြင်း၊နှင့် လူအခွင့်အရေး အခြေအနေများအား စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံစာများ အတွက်မှုကြမ်းရေးဆွဲခြင်း များကို လုပ်ဆောင်ခဲ့ပါသည်။
law.yale.edu/intellectuallife/lowensteinclinic.htm

ဖေါ်တီဖိုင်းရိုက် Fortify Rightsသည် လူအခွင့်အရေး ချိုးဖောက်မှုများအား အဆုံးသတ်ရန်နှင့် ကုစားရန် လုပ်ဆောင်ပါသည်။ကျွန်ုပ်တို့သည် လူအခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ အာဏာရှိသူများနှင့် တွေ့ဆုံ